# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေ့ဖြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုး စီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွားဆုတ်ယုတ် မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 29 September 2016 (၈၆၉၉)


# လူသုံးကုန်ပစ္စည်းအရည်အသွေးများ အသိပညာပေးမှုလုပ်ဆောင်နေသော်လည်း ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားနည်းနေဟုဆို

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် အစားအသောက်၊ ဆေးဝါး၊ လူသုံးကုန်၊ အလှကုန်များနှင့် ပြည်သူများ နေ့စဉ်အသုံးပြုနေရသည့် ပြည်တွင်းထုတ် အခြေခံလူသုံးကုန်များတွင် အရည်အသွေးပြည့်မီခြင်းမရှိသည့် ပစ္စည်းများကြောင့် ပြည်သူများအန္တရာယ်မဖြစ်စေရေးအတွက် စစ်ဆေးအရေးယူဆောင်ရွက်ပေးနေသည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ ဆောင်ရွက်ချက်များကို ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာဒေါ်သဇင်ရီလှိုင် (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

ဈေးကွက်ထဲက အလှကုန်ပစ္စည်းတွေကို အရှိန်အဟုန်မြှင့်ပြီး စစ်ဆေးနေပါတယ်။ တားမြစ်ဓာတုပစ္စည်းပါဝင်တဲ့ အလှကုန်ပစ္စည်းတွေ အခုလတ်တလောမှာ အမျိုးအစား ၃၀ လောက်တွေ့ထားပြီးပါပြီ။ ဒီတွေ့ရှိထားတဲ့ ပစ္စည်းတွေကို အများပြည်သူသုံးစွဲဖို့ မသင့်တော်ဘူးဆိုပြီး သတင်းမီဒီယာကနေ ထုတ်ပြန်ကြေညာပါတယ်။ ဒီပစ္စည်းတွေ ဈေးကွက်ထဲမှာရှိနေမယ်ဆိုရင်လည်း လိုက်လံစစ်ဆေးပြီး သိမ်းဆည်းဖျက်ဆီးတာတွေ လုပ်ဆောင်နေပါတယ်။ သုံးစွဲဖို့မသင့်လို့ ကြေညာထားတဲ့ပစ္စည်းတွေကို အများပြည်သူကလည်း မသုံးစွဲကြဖို့လိုပါတယ်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## မြန်မာ့စီးပွားရေးဘဏ်၏ ဝန်ဆောင်မှုအသစ် တစ်နှစ်သက်တမ်း စာရင်းသေအပ်ငွေများ တိုးမြှင့်လက်ခံပေးမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ၊ မြို့နယ်ဘဏ်ခွဲများတွင် ဝန်ဆောင်မှုအသစ်အနေဖြင့် တစ်နှစ်သက်တမ်း စာရင်းသေအပ်နှံငွေ (Fixed Deposits) များအား အတိုးနှုန်း ၉ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် အောက်တိုဘာ ၁ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

အချိန်ပိုင်း အပ်ငွေအဖြစ် စာရင်းသေအပ်နှံငွေ (Fixed Deposits) များကို ၁၉၉၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ သုံးလအပ်နှံငွေအတွက် အတိုးနှုန်း ၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ခြောက်လအပ်နှံငွေအတွက် အတိုးနှုန်း ၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကိုးလအပ်နှံငွေအတွက် အတိုးနှုန်း ၈ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။ **(ကြေးမုံ)**



ချင်းတွင်းမြစ်အတွင်း ရေမည်းများ စီးဆင်းမှုကို လေ့လာစုံစမ်းရေးအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

## ချင်းတွင်းမြစ်အတွင်း ရေမည်းများစီးဆင်းမှုမှာ ဂရက်ဖိုက် အနယ်အနှစ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ

**မုံရွာ စက်တင်ဘာ ၂၈**

ချင်းတွင်းမြစ်အတွင်း ရေမည်းများစီးဆင်းမှုနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စာရင်းစစ်ချုပ်ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်အတွင်း ရေမည်းများစီးဆင်းမှုနှင့်ပတ်သက်ပြီး အကြောင်းအရင်းကို သိရှိစေရန်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ တာဝန်ပေးချက်အရ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးစိုးလွင်ပါ သဘာဝပတ်ဝန်းကျင်ပညာရှင်များ၊ ဘူမိဗေဒပညာရှင်များ၊ ဆရာဝန်များနှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများပါဝင်သော လေ့လာစုံစမ်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး ၎င်းအဖွဲ့သည် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ကိုးနေရာတွင်လည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် ခန္တီးမြို့နယ်အနီး ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် လည်းကောင်း၊ နန့်စလိန်ချောင်းတစ်လျှောက်တွင်လည်းကောင်း စစ်ဆေးနိုင်ရန်အတွက် ခြေကျင်တစ်ဖွဲ့နှင့် ရေလမ်းမှတစ်ဖွဲ့ စေလွှတ်စစ်ဆေးခဲ့ပြီး တွေ့ရှိသည့် အနက်ရောင်ရေများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**










## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅၅/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)**

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က သဘောတူညီသည့် အောက်ပါပုဂ္ဂိုလ်များကို တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးခင်မောင်မောင်
(၂) ဒေါ်ခင်မာဌေး

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မလေးရှားနိုင်ငံဗဟိုဘဏ်က ကမ္ဘောဇဘဏ်လီမိတက်အား နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်ပြု

**နေပြည်တော် စက်တင်ဘာ ၂၈**

မလေးရှားနိုင်ငံဗဟိုဘဏ် (Central Bank of Malaysia) သည် မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ကို မလေးရှားနိုင်ငံတွင် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်ပြုကြောင်း စက်တင်ဘာ ၂၇ ရက်စွဲဖြင့် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီး ယခုကဲ့သို့ ဖွင့်လှစ်ခွင့်ရရှိခြင်းသည် မြန်မာနိုင်ငံ ဘဏ္ဍာရေးကဏ္ဍ၏ သမိုင်းဝင်ခြေလှမ်းတစ်ခုဖြစ်သကဲ့သို့ ကမ္ဘောဇဘဏ်လီမိတက်၏ တတိယမြောက် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ခွင့်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်က "မကြာမီကာလအတွင်း မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့မှာ ကမ္ဘောဇဘဏ်လီမိတက်ရဲ့ နိုင်ငံတကာဘဏ် ကိုယ်စားလှယ်ရုံးခွဲကို ဖွင့်လှစ်သွားမှာပါ။ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲရဲ့နေရာနဲ့ ဖွင့်လှစ်မယ့်ရက်ကို ကမ္ဘောဇဘဏ်မှ မကြာမီ အသိပေးကြေညာသွားမှာ ဖြစ်ပါတယ်"ဟုဆိုသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ပြီးပြည့်စုံသည့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊ သတ်မှတ်ထားသော နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိသည့်အပြင် ဘဏ်၏ပွင့်လင်းမြင်သာမှု (Transparency)၊ စွမ်းဆောင်ရည် (Capability) ၊ ကျွမ်းကျင်ပိုင်နိုင်မှု (Professionalism)နှင့် Corporate Governance ကောင်းမွန်မှု စသည်တို့ကို အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သဖြင့် ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ ပထမဆုံး နိုင်ငံတကာ ကိုယ်စားလှယ်ရုံးကို ထိုင်းနိုင်ငံဗဟိုဘဏ် ခွင့်ပြုချက်ဖြင့် ဧပြီ ၂၈ ရက်က တရားဝင်ဖွင့်လှစ်ခွင့်လိုင်စင်ရရှိခဲ့သည်။ အဆိုပါ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲကို ဩဂုတ် ၃ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိသည်။ အလားတူ စင်ကာပူနိုင်ငံတွင်လည်း နိုင်ငံတကာကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်ကို စင်ကာပူနိုင်ငံ ငွေကြေးအာဏာပိုင်အဖွဲ့ (Monetary Authority of Singapore) ထံမှ ဇွန် ၁၅ ရက်တွင် တရားဝင်လိုင်စင်ရရှိခဲ့ပြီး စင်ကာပူနိုင်ငံ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲကို 40th Floor ၊ One Raffles Place၊ Singapore #048616 တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို The Fullerton Singapore Hotel ၌ အောက်တိုဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံတစ်ဝန်းတွင် ဘဏ်ခွဲပေါင်း ၄၂၀ ကျော် ဖွင့်လှစ်ထားပြီး ဝန်ထမ်းပေါင်း ၁၇၀၀၀ ကျော်ဖြင့် ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် IT နည်းပညာပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ခြင်း၊ New Product များ တိုးချဲ့ဆောင်ရွက်ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိသည်။

**(ဝ၁ဝ)**

## အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၉၊ ၁၀၊ ၁၁ ရက် (၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃၊ ၂၄၊ ၂၅ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်း မရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကို ဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကိုအစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိပါသည်။ ယခင်ကသုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တက်ကြွစွာပါဝင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) ရုံးတွင် စက်တင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် ကျင်းပသည့် Public Forum နှင့် Myanmar Opening up for Business Forum ဆွေးနွေးပွဲများသို့ တက်ရောက်လျက်ရှိသည်။

စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် EIF မှ Executive Director , Dr. Ratnakar Adhikari နှင့်တွေ့ဆုံ၍



မြန်မာနိုင်ငံအနေဖြင့် WTO တွင် တက်ကြွစွာ ပါဝင်လျက်ရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုကဏ္ဍများ တိုးမြှင့်လာစေရေးအတွက် ကြိုးပမ်းလျက်ရှိပြီး မြန်မာ့ကုန်သွယ်မှုကို ဒေသတွင်းသာမက နိုင်ငံတကာ ကုန်သွယ်မှုမှာလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုပန်းတိုင် ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ကြိုးပမ်းလျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်းမှတစ်ဆင့် ၂၀၃၀ တွင် ပိုမိုသာယာလှပသော ကမ္ဘာကြီးကို တည်ထောင်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ကုန်သွယ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် Public Forum ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ဂျီနီဗာအခြေစိုက် World Bank Group အကြီးအကဲဖြစ်သူ Ms. Anable Gonzalez, Senior Director နှင့် တွေ့ဆုံခဲ့ကြောင်း၊ဆက်လက်၍ International Trade Centre ၏ Executive Director ဖြစ်သူ Ms. Arancha Gonzalez နှင့် အဖွဲ့အား တွေ့ဆုံပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ပေါက်ကွဲမှုကြောင့် ခရီးသွားများကို ဘေးကင်းရာသို့ပြောင်းရွှေ့



**ဂျကာတာ စက်တင်ဘာ ၂၈**

အင်ဒိုနီးရှားနိုင်ငံတွင် ရာနှင့်ချီသော ကမ္ဘာလှည့်ခရီးသွားများ အလည်အပတ်ရောက်ရှိနေသည့် မီးတောင်တစ်လုံး ယမန်နေ့ကပေါက်ကွဲခဲ့ရာ ကယ်ဆယ်ရေးသမားများက ခရီးသွားများအား ဘေးကင်းရာသို့ပြောင်းရွှေ့ပေးခဲ့ပြီး တောင်တက်သမား ၅၀ ခန့်ကို ရှာဖွေလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအနီးရှိ လွန်ဘုတ်အပန်းဖြေကျွန်းပေါ်တွင်တည်ရှိသော ခရီးသွားအများဆုံးလည်ပတ်ရာ မီးတောင်ရှင်များအနက် တစ်ခုဖြစ်သည့် ရင်ဂျာနီတောင်သို့ သွားရာဝင်ပေါက်များကို အာဏာပိုင်များက ပိတ်ထားခဲ့ပြီး အဆိုပါမီးတောင်မှ သုံးကီလိုမီတာထက်မနည်း အကွာအဝေးတွင်နေပေးရန် ခရီးသွားများကို ပြောကြားခဲ့သည်။ ပေါက်ကွဲရာမီးတောင်မှာ ရင်ဂျာနီတောင်အတွင်းရှိ ဘာရူဂျာရီဟုခေါ်ဆိုသော မီးတောင်တစ်လုံးဖြစ်သည်။

စက်တင်ဘာ ၂၇ ရက်ညနေပိုင်းက မီးတောင်စတင်ပေါက်ကွဲကာ အနီးအနားရှိ သဘာဝသစ်ပင်များကို ပြာများ ဖုံးလွှမ်းသွားချိန်တွင် ရင်ဂျာနီအမျိုးသားဥယျာဉ်အတွင်းမှ နိုင်ငံခြားသား ၆၃၉ ဦးအပါအဝင် ခရီးသွား ၁၀၂၃ ဦးသည် အဆိုပါနေရာ၌ ရောက်ရှိနေခဲ့ကြောင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီက ပြောကြားသည်။

ရာချီသောခရီးသွားများကို ရင်ဂျာနီတောင်မှ ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ပြီး ၎င်းတို့၏ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူနူဂရိုဟိုက ဆိုသည်။

မီးတောင်ပေါ်၌ တောင်တက်သမား ၅၀ ခန့် ရှိနေဆဲဖြစ်ပြီး ၎င်းတို့ ဘေးအန္တရာယ်ကင်းရှင်းလျက်ရှိသည်ဟု သူယုံကြည်ကြောင်း ရင်ဂျာနီအမျိုးသားဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဒန်နီရယ်လ်ရိုဆန်က ပြောကြားသည်။

**ရိုက်တာ။**

# ကုလသမဂ္ဂအကြီးအကဲ ရာထူးနေရာတွင် ယှဉ်ပြိုင်ရန်အတွက် ဂျော့ဂေဗာအား ဘူဂေးရီးယားအမည်စာရင်း တင်သွင်း

**ဆိုဖီယာ စက်တင်ဘာ ၂၈**

ဥရောပကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ခရစ္စတယ်လီနာဂျော့ဂေဗာအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် ဘူဂေးရီးယားအစိုးရအဖွဲ့က စက်တင်ဘာ ၂၈ ရက်တွင် အမည်စာရင်းတင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂယူနက်စကိုအဖွဲ့၏ အကြီးအကဲ အာရီနာဘိုကိုဗာအား ယခင်အမည်စာရင်းတင်သွင်းထားမှုကို ပြန်လည်ရုပ်သိမ်းကာ ဂျော့ဂေဗာအား အမည်စာရင်းတင်သွင်းခြင်းဖြစ်သည်။ဂျော့ဂေဗာသည် ဘတ်ဂျက်နှင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဥရောပမဟာမင်းကြီးဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက စက်တင်ဘာ ၂၆ ရက်တွင် လျှို့ဝှက်မဲပေးပွဲပြုလုပ်ခဲ့ရာ ယှဉ်ပြိုင်သူ ကိုးဦးအနက် ဘိုကိုဗာက ဆဋ္ဌမနေရာတွင်ရပ်တည်ခဲ့သည်။

ကုလသမဂ္ဂ၏ လက်ရှိအကြီးအကဲ ဘန်ကီမွန်း၏နေရာကို ဆက်ခံမည့် ပုဂ္ဂိုလ်ကို ရွေးချယ်နိုင်ရေးအတွက် အလွတ်သဘောလျှို့ဝှက်မဲပေးခဲ့ရာတွင် ပေါ်တူဂီဝန်ကြီးချုပ်ဟောင်းအန်တိုနီယိုဂူတာရက်စ်က ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

အလွတ်သဘောလျှို့ဝှက်မဲပေးပွဲတွင် ပထမသို့မဟုတ် ဒုတိယနေရာကို မရရှိပါက ဘိုကိုဗာအား ထောက်ခံမှုကို ပြန်လည်သုံးသပ်ရမည်ဟု ဘူဂေးရီးယားအစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ပိုမိုအောင်မြင်မှုရှိမည့် အမည်စာရင်းတင်သွင်းမှုဖြစ်စေရေးအတွက် လူစားထိုးကာ အမည်စာရင်းထပ်မံတင်သွင်းခြင်းဖြစ်ကြောင်း ဘူဂေးရီးယားဝန်ကြီးချုပ် ဘွိုင်ကို ဘော်ရီဆိုက ပြောကြားသည်။ **ရိုက်တာ။**



# အစ္စရေးနိုင်ငံအား တည်ထောင်ခဲ့သူ သမ္မတဟောင်း ရှီမွန်ပီရက်စ် ကွယ်လွန်

**ဂျေရုဆလင် စက်တင်ဘာ ၂၈**

အစ္စရေးနိုင်ငံအား တည်ထောင်ခဲ့သည့်ပုဂ္ဂိုလ်များအနက် နောက်ဆုံးသက်ရှိထင်ရှား ကျန်ရစ်သူဖြစ်ပြီး ယင်းနိုင်ငံ၏ သမ္မတဟောင်းတစ်ဦးလည်းဖြစ်သူ ရှီမွန်ပီရက်စ်သည် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပြီ ဖြစ်ကြောင်း၊ အသက် (၉၃)နှစ်ရှိ ပီရက်စ်သည် လေသင်တုန်းရောဂါကို ရက်သတ္တနှစ်ပတ်ကျော်ကြာမျှ ခံစားခဲ့ရပြီးနောက် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတဟောင်း၏ရုပ်ကလာပ်အား အစ္စရေးလွှတ်တော်(ကနက်ဆက်)အဆောက်အအုံတွင်ထားရှိပြီး စက်တင်ဘာ ၂၉ ရက်တွင် အများပြည်သူများအား ဂါရဝပြုခွင့်ပေးမည်ဖြစ်သည်။ စက်တင်ဘာ ၃၀ ရက်တွင် ဂျေရုဆလင်မြို့၌ မြေမြှုပ်သင်္ဂြိုဟ်မည်ဟု အစ္စရေးအစိုးရသတင်းဌာနက ထုတ်ပြန်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၊ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များနှင့် ရာထူးဂုဏ်ကြီးမြင့်သူများ ဈာပနအခမ်းအနားသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံခြားဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# မလေးရှားလေကြောင်း ခရီးသည်တင်လေယာဉ် ပစ်ချခံရမှုတွင် ရုရှားလုပ်ဒုံးကျည် အသုံးပြုခဲ့ဟုဆို

**ကွာလာလမ်ပူ စက်တင်ဘာ ၂၈**

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ပစ်ချခံခဲ့ရသော မလေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်သည် အစိုးရတပ်ဖွဲ့များကို တိုက်ခိုက်နေသော သူပုန်များက ထိန်းချုပ်ထားသည့် ကျေးရွာမှနေ၍ ပစ်ခတ်ခဲ့သော ဘတ်အမျိုးအစား ဒုံးကျည်ထိမှန်ခံခဲ့ရကြောင်း၊ ယင်းဒုံးကျည်မှာ ရုရှားလုပ်ဒုံးကျည်ဖြစ်ကြောင်း နိုင်ငံတကာစုံစမ်းစစ်ဆေးရေးမှူးများက စက်တင်ဘာ ၂၈ ရက်တွင် ပြောကြားသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လက နယ်သာလန်နိုင်ငံ ဒမ်စတာအမ်မြို့မှ မလေးရှားနိုင်ငံကွာလာလမ်ပူမြို့သို့ ပျံသန်းသော ခရီးစဉ်အမှတ် အမ်အိပ်ချ်-၁၇လေယာဉ်ကို ယူကရိန်းတပ်ဖွဲ့က ပစ်ချခဲ့ဖွယ်ရှိသည်ဟု ရုရှားနိုင်ငံက အစောပိုင်းတွင် ပြောကြားခဲ့ရာ စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် ကွဲလွဲနေကြောင်း သတင်းတွင်ဖော်ပြသည်။ အဆိုပါခရီးသည်တင်လေယာဉ် ပစ်ချခံရမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူများအားလုံးသေဆုံးခဲ့ရပြီး သေဆုံးသူအများစုမှာ ဒတ်ချ်လူမျိုးများဖြစ်သည်။

နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့သည် စွပ်စွဲမှုများပြုလုပ်မည်မဟုတ်သော်လည်း လေယာဉ်ပစ်ချခံရမှုဖြစ်ရပ်နှင့် ပတ်သက်၍ အတိအကျသိရှိရခြင်းဖြင့် လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများ၏ ဆွေမျိုးသားချင်းများအနေဖြင့် တရားစွဲဆိုမှုပြုလုပ်လာကြဖွယ်ရှိသည်။

မလေးရှားလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်ပစ်ချခံရမှုဖြစ်ရပ်ကို အကြောင်းပြု၍ အရှေ့တိုင်းနှင့် အနောက်တိုင်းနိုင်ငံများအကြား တင်းမာမှုများဖြစ်ပေါ်ခဲ့ရသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ပစ်ချခံခဲ့ရသော ခရီးသည်တင်လေယာဉ်သည် ဘတ်အမျိုးအစားဒုံးကျည်ထိမှန် ခံခဲ့ရခြင်းဖြစ်ကြောင်း၊ သူပုန်တို့ထိန်းချုပ်ထားသော ပါဗိုမေယက်ကျေးရွာမှနေ၍ ဒုံးကျည်ကို ပစ်ခတ်ခဲ့ကြောင်း၊ နယ်သာလန်၊ ဩစတြေးလျ၊ ဘယ်ဂျီယံ၊ မလေးရှားနှင့် ယူကရိန်းနိုင်ငံတို့မှ အစိုးရရှေ့နေများက ပြောကြားကြသည်။ **ရိုက်တာ။**

# ပြည်ပ၌ တရားမဝင်ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများစာရင်းရရှိရေးကို နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံသားတိုင်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်အစိုးရသည် စီးပွားရေးမူဝါဒ ၁၂ ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသည့်စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အလုပ်အကိုင်မူဝါဒနှင့် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာမူဝါဒများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းဆွေးနွေးသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊ စော်ကားခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းပြုလုပ်နေမှုများကို နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင်စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ထိုသို့ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမားများအား သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ ပြည်တွင်း၊ ပြည်ပ၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များရရှိရေး၊ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊ အလုပ်သမားများ၏ကျွမ်းကျင်မှုမြှင့်တင်ပေးရေးနှင့် လုံခြုံစိတ်ချစွာရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်နိုင်စေရေးတို့ကို အဓိကအလေးပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ လူဦးရေအများစုသည် ကျေးလက်ဒေသများ၌ နေထိုင်ကြပြီး ပညာရေးအခြေခံနည်းပါးခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုပညာများ တတ်ကျွမ်းမှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ သတင်းအချက်အလက်မှန်ကန်စွာရရှိမှုအားနည်းခြင်း၊ အသိပညာဗဟုသုတနည်းပါးခြင်း၊ ဒေသခံပွဲစားများကို ယုံကြည်ကိုးစားခြင်း၊ တရားမဝင်လူစုဆောင်းခံရမှုသည် လူကုန်ကူးမှုကိုဖြစ်ပေါ်စေနိုင်ကြောင်း မသိရှိခြင်းတို့အပြင် နယ်နိမိတ်ထိစပ်သည့်နိုင်ငံများသို့သွားရောက်ရန် လွယ်ကူခြင်းတို့ကြောင့် ပြည်ပနိုင်ငံများသို့ တရားမဝင်လမ်းကြောင်းအမျိုးမျိုးမှ သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်း ဖြစ်ပါကြောင်း။

ထိုကဲ့သို့ တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းသည် ဥပဒေနှင့်အညီ တရားဝင်သွားရောက်ခြင်းမဟုတ်သည့်အတွက် ရသင့်ရထိုက်သည့် အခွင့်အရေးနှင့် ဥပဒေ၏အကာအကွယ်များရရှိခံစားရခြင်းမရှိဘဲ လုပ်ခလစာခေါင်းပုံဖြတ်ခံရခြင်း၊ အလုပ်ရှင်၏ မတရားညှဉ်းပန်းမှုကိုခံရခြင်း၊ လူကုန်ကူးခံရခြင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များဆုံးရှုံးခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေကြရခြင်းဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားသည်။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ


ဦးကျော်အောင်လွင်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသည် ပြည်ပသို့ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများအား သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ အကာအကွယ်နှင့် ခံစားခွင့်များရရှိစေရေး၊ အလုပ်သမားဈေးကွက်အခြေအနေကို လေ့လာနိုင်ရေးနှင့် နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များကို ထိရောက်စွာပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် မလေးရှား၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံများတွင် အလုပ်သမားသံအရာရှိများ ခန့်ထားပြီး သက်ဆိုင်ရာမြန်မာသံအမတ်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သံရုံးမှ တာဝန်ရှိသူများနှင့်အတူ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အလုပ်သမားသံအရာရှိ မရှိသည့်နိုင်ငံများတွင် ယင်းနိုင်ငံများရှိ မြန်မာသံရုံးများမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရကုမ္ပဏီများကို ပိုမိုထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရန်နှင့် ပြည်ပရှိမြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ဖွဲ့စည်းပေးခဲ့ပြီး အေဂျင်စီများလိုက်နာရမည့် ကျင့်ဝတ်လက်မှတ်ရေးထိုးနိုင်ရေးကိုလည်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စည်းကမ်းလိုက်နာမှုမရှိသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများကို စိစစ်အရေးယူမှုများပြုလုပ်လျက်ရှိရာ လိုင်စင်အပြီးရုပ်သိမ်းခဲ့သည့် အေဂျင်စီ ၄ ခု၊ ယာယီရုပ်သိမ်းခဲ့သည့် အေဂျင်စီ ၇ ခုနှင့် အမှုစိစစ်နေဆဲဖြစ်သဖြင့် အလုပ်ခေါ်စာအသစ်လျှောက်ထားတင်ပြခြင်းကို ဆိုင်းငံ့ထားသောအေဂျင်စီ ၉ ခုရှိပါကြောင်း၊ အလုပ်သမားရေးရာ ပြဿနာများပေါ်ပေါက်၍ စိစစ်ရာတွင် လိုင်စင်ရအေဂျင်စီဖြစ်ပါက ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရလည်းကောင်း၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအရလည်းကောင်း အရေးယူဆောင်ရွက်သကဲ့သို့ လိုင်စင်မရှိသည့် ကုမ္ပဏီများ၊ လူပွဲစားများဖြစ်ပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခြင်းဖြင့် ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးသည်။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအားလုံးကို ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ရောက်ရှိနေသည့် အထောက်အထားမဲ့အလုပ်သမားများကို နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးချက်များအရ အထောက်အထားများထုတ်ပေးပြီး တရားဝင်အလုပ်လုပ်ကိုင်စေနိုင်ခဲ့ပါကြောင်း။

ပြည်ပနိုင်ငံများ၌ နည်းလမ်းအမျိုးမျိုးဖြင့် တရားမဝင်ရောက်ရှိ အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည် မည်သည့်နေရာ၊ မည်သည့်အလုပ်အမျိုးအစားတွင် ရောက်ရှိနေသည်ကို သိရှိနိုင်ခြင်းမရှိသဖြင့် ၎င်းတို့ခံစားနေရသော ဒုက္ခများ၊ ခေါင်းပုံဖြတ်ခံရမှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် ခက်ခဲသည့်အခြေအနေကို တွေ့ကြုံရမည်ဖြစ်ကြောင်း၊ တရားမဝင်ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများစာရင်းရရှိရေးကို နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံသားတိုင်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ရွှေ့ပြောင်းနေထိုင်မှုဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အစိုးရတစ်ခုတည်းမဟုတ်ဘဲ အေဂျင်စီများ၊ ကုမ္ပဏီများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ NGO၊ INGO များနှင့် အလုပ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုအောင်မြင်ထိရောက်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အဆိုကိုမှတ်တမ်းတင်ထားရှိသင့်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မေးခွန်း ၃ ခု မေးမြန်းဖြေကြားကြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ကျောင်းသားအားကစားပွဲတော် ပြန်လည်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ကျောင်းသားအားကစားပွဲတော်အား ပြန်လည်ကျင်းပပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲပြုစု၍ ခွင့်ပြုရန်ပုံငွေဖြင့် အစဉ်အလာ၊ စွမ်းရည်ကောင်းသော အားကစားပြိုင်ပွဲများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ထို့ပြင် ၂ နှစ် တစ်ကြိမ်ကျင်းပသော အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games)တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ကျင်းပသော (၁၈)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်နည်းတူ အခြားနိုင်ငံများမှ ဖိတ်ကြားသည့် အားကစားပြိုင်ပွဲများသို့လည်း သွားရောက်ယှဉ်ပြိုင်လျက်ရှိပါကြောင်း၊ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၂၀၁၈ ခုနှစ်၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

အားကစားပြိုင်ပွဲများကို နိုင်ငံတကာပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့်ပေါင်းစပ်ပြီး ကူညီပံ့ပိုးပေးခြင်း၊ ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံများ စီစဉ်ပေးခြင်းတို့ကို လိုအပ်ချက်များအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၉၀)ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ မန်းထွန်းကြိုင်၏ **“ကျောင်းသားလူငယ် အားကစားပွဲတော်ကို နိုင်ငံတော်မှ ကျင်းပပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်တုတ်၏ **“ကျောင်းသားအားကစားပြိုင်ပွဲများ နိုင်ငံတော်အဆင့်အထိ အဆင့်ဆင့်ကျင်းပပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။


ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၉၀)ရက်မြောက်နေ့ ကျင်းပစဉ်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသားအားကစားပွဲတော်များကို ၁၉၉၀-၁၉၉၁ ပညာသင်နှစ်မှ ၁၉၉၇-၁၉၉၈ ပညာသင်နှစ်အထိ (၈)ကြိမ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များ၌ အလှည့်ကျစနစ်ဖြင့် လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ (၂) ကြိမ်ကို နေပြည်တော်၌ လည်းကောင်း ကျင်းပပေးခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ပညာရေးပြက္ခဒိန်ပါ လအလိုက် ဇူလိုင်လနှင့် ဩဂုတ်လများတွင် ကျောင်းတွင်းအားကစားပြိုင်ပွဲများကို လည်းကောင်း၊ စက်တင်ဘာလတွင် မြို့နယ်ကျောင်းသားအားကစားပြိုင်ပွဲများကိုလည်းကောင်း၊ နိုဝင်ဘာလတွင် ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျောင်းသားအားကစားပြိုင်ပွဲများကိုလည်းကောင်း၊ သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းကျင်းပပေးလျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူး၊ လေ့လော့၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်စသည့် အားကစားပြိုင်ပွဲများကို တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအလိုက် ဇုန်အလိုက်၊ ဦးစီးအဆင့်အလိုက် ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **“နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က **“၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးမင်းဦးက ယင်းဥပဒေကြမ်းအား အတည်ပြုပေးရန် အဆိုတင်သွင်းသည်။

လွှတ်တော်ဥက္ကဋ္ဌက **“၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# ဘဝရဲ့နေဝင်ချိန်များ

**စိမ်း(ဥပဒေ)**

စိမ်းညို့နေတဲ့တောင်တန်းကြီးတွေ့နဲ့ ဝန်းရံထားတဲ့ ရွာကလေး၊ ရွှေဝါရောင်စပါးခင်းတွေက မျက်စိတစ်ဆုံး ပန်းချီကားတစ်ချပ်ပမာ ရှုမောမဆုံး၊ ပဲခူးရိုးမတောင်တန်းကြီးပတ်လည်ဝိုင်းရံထားတဲ့ တောင်တွင်းကြီးမြို့နယ် သရက်ချောင်းဆိုတဲ့ ရွာငယ်လေးတစ်ရွာ၊ မိရိုးဖလာ လယ်ယာလုပ်ငန်းနှင့် အသက်မွေးကြပြီး ပြည်သူများ အေးချမ်းသာယာစွာနေထိုင်ကြတဲ့ ရွာလေးပါ။

အဆိုပါရွာလေးရဲ့ အစွန်အဖျားက အိမ်လေးရဲ့ ရှေ့ကပျဉ်လေးမှာတော့ အသက်(၈၀)ကျော် အဘွားအို တစ်ယောက်နှင့်ခွေးတစ်ကောင်၊ အမေအိုရဲ့ အရောင် အဆင်းမှေးမှိန်နေတဲ့ မျက်ဝန်းတစ်စုံဟာ ရှေ့မှာရှိနေတဲ့ ပဲခူးရိုးမတောင်တန်းကြီးဆီသို့၊ -သို့ပေမယ့် အမေအိုရဲ့ မျက်ဝန်းတွေဟာ တောင်တန်းကြီးကိုမြင်ပုံမပေါ်။ လယ်ကွင်းတွေကိုလည်း တွေ့ပုံမရ။ အမေအို ဘာကိုတွေးနေပါသလဲ၊ ဘာတွေ ဝမ်းနည်းနေပါသလဲ။ ဘာကို နာကျင်နေပါသလဲ။ တရွေ့ရွေ့နဲ့ ဝေးကွာသွားတဲ့ နွားလှည်းတစ်စီးကို အမေအို လွမ်းဆွတ်တမ်းတနာကျင်စွာ ကြည့်နေရှာတယ်။ နွားလှည်းနှင့် အမေအိုဘယ်လိုများ ပတ်သက်နေပါသလဲ။

တောင်တွင်းကြီးမြို့နယ်အတွင်းမှာရှိတဲ့ သရက်ချောင်းဆိုတဲ့ရွာလေးမှာ မမယ်မြက ရွာရဲ့ကွမ်းတောင်ကိုင် အလှပဂေးလေး၊ မောင်ကံလှက မမယ်မြတို့အိမ်မှာ သူရင်းငှား၊ ရိုးသားပြီးကြိုးစားတဲ့ မောင်ကံလှဟာ မမယ်မြတို့လူယုံတစ်ဦးဖြစ်လာခဲ့တယ်။ တဖြည်းဖြည်းနဲ့ ကြာလာတော့ မမယ်မြရဲ့ဖခင်ကြီးက မောင်ကံလှကို မမယ်မြနဲ့ နေရာချထားပေးလိုက်ပါတယ်။ အိမ်ထောင်ဦးစီးဖြစ်လာတဲ့ မောင်ကံလှဟာ အလုပ်ကိုပိုပြီးကြိုးစားခဲ့ပါတယ်။ မမယ်မြကိုလည်း လင့်ဝတ္တရားငါးပါးနဲ့အညီ လုပ်ကိုင်ကျွေးမွေးစောင့်ရှောက်ခဲ့သလို မမယ်မြကလည်း မယားဝတ္တရားငါးပါးနဲ့အညီ အိမ်ထောင်မှုကို ထိန်းသိမ်းခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ သူတို့အိမ်မှာ အိမ်ရဲ့ ဆွဲလည်းလေးတွေ တိုးပွားလာခဲ့တယ်။ သားသမီးလေးယောက်ရှိလာခဲ့တဲ့ ကိုကံလှဟာ အလုပ်ကို ယခင်ကထက် ပိုပြီးကြိုးစားရှာဖွေခဲ့ပါတယ်။ ကိုကံလှရဲ့ကြိုးစားမှု၊ မမယ်မြရဲ့ စည်းစနစ်ကောင်းမွန်မှုတွေကြောင့် သားသမီးတွေ လူတန်းစေ့နေနိုင်ခဲ့တယ်။

အချိန်ကာလတွေရွေ့လျားခဲ့ပြီး ကိုကံလှမှာလည်း ဦးကံလှ၊ မမယ်မြမှာလည်း ဒေါ်မယ်မြအဖြစ် အသက်အရွယ်တွေအိုမင်းခဲ့ပေတယ်။ အတောင်အလက်စုံတော့ အဝေးကိုပျံသန်းသွားကြတဲ့ သားသမီးတွေကြောင့် အိမ်လေးထဲမှာ ဦးကံလှနဲ့ ဒေါ်မယ်မြတို့ နှစ်ဦးသာကျန်ခဲ့တော့တယ်။ တိတ်ဆိတ်နေတဲ့အိမ်ကလေးထဲမှာ အဘိုးကြီး၊ အဘွားကြီး နှစ်ဦး တစ်ဦးကိုတစ်ဦး ကူညီဖေးမရင်းနဲ့ ဘဝရဲ့နေဝင်ချိန်ကို ရေတွက်ရင်း အေးချမ်းစွာဖြတ်သန်းလျက်။

လူ့ဘဝအစ ဇာတိ၊ အသက်အရွယ်ကြီးရင့်အိုမင်းခြင်း၊ ဇရာရဲ့ဖိစီးနှိပ်စက်မှုကို ခံရပြီးနောက် သေခြင်းတရားမရဏ၏ ခေါ်ဆောင်ရာနောက်သို့ အဘိုးအို ဦးကံလှမှာ ကောက်ကောက်ပါအောင် လိုက်သွားရပါတော့တယ်။ ဒီမှာတင်ဇာတ်လမ်းကစပြီ။ တစ်ယောက်တည်းဖြစ်နေသော ဒေါ်ကံလှကို သားသမီးများကခေါ်ထားသော်လည်း ဘယ်သားသမီးအိမ်ကိုမှ တစ်ပတ် ဆယ်ရက် မနေနိုင် ပြန်ပြေးတော့တာပါပဲ။

ဒေါ်မယ်မြအပြောကတော့ သူ့ကျေးဇူးရှင် ခင်ပွန်းသည်ခေါင်းချသွားသော အိမ်လေးနဲ့ ရွာလေးကိုမစွန့်လွှတ်နိုင်လို့တဲ့။ တောသူတောင်သားအလုပ်ကို သုံးရာသီလုံး လုပ်ကိုင်နေကြရတဲ့ သားသမီးတွေကလည်း အနီးကပ်မပြုစုနိုင်။ ဒီလိုနဲ့ အသက် (၈၀) ကျော်အရွယ်ကိုရောက်လာတဲ့ အမေအိုလည်း ခင်ပွန်းသည်ထားခဲ့တဲ့ လယ်နဲ့ အိမ်လေးကို ဆွေမျိုးနီးစပ်တော်တဲ့ ကိုထွန်းမောင်ကို ရောင်းချပြီး စားဝတ်နေရေးနဲ့ အလှူအတန်းအတွက် သိမ်းထားခဲ့တယ်။

> **တဖြည်းဖြည်းနဲ့ နေမင်းကြီးလည်း ပဲခူးရိုးမတောင်တန်းဆီမှာ မေးတင်နေပြီ။ အိပ်တန်းပြန် ငှက်ကလေးတွေလည်း အုပ်စုဖွဲ့ပျံသန်းနေကြပြီ။ ရွာထဲက လူတွေလည်း နွားတွေ၊ ကျွဲတွေဆွဲလို့ အလုပ်သိမ်းလာကြပြီ၊ အမေအိုကတော့ အိမ်လေးထဲမှာ ထမင်းဟင်းတွေခူးပြီး အုပ်ဆောင်းလေးနဲ့အုပ်ထားတဲ့ ထမင်းဝိုင်းလေးက စားမယ့်သူတွေကို စောင့်မျှော်နေခဲ့ပြီ၊ သို့ပေမယ့်လည်း....**

ကိုထွန်းမောင်ကလည်း အိမ်ကို ဈေးအသင့်အတင့်နဲ့ဝယ်ခဲ့ပေမယ့် အမေအို မသေမချင်းဒီအိမ်မှာနေပါဆိုတော့ အမေအိုက အတိုင်းနဲ့အလွန် ဝမ်းသာခဲ့ရပါတယ်။ ဒီလိုနဲ့ အိမ်လေးထဲမှာ အမေအိုနဲ့အဖော်ပြုပြီးနေထိုင်တဲ့ ဖိုးကုပ်ဆိုတဲ့ ခွေးလေးရယ်ပါ။ အသက် (၈၀) ကျော်ပေမယ့် ကျန်းမာရေးကကောင်းနေဆဲ ကိုယ့်ထမင်းကိုယ်ချက်စားနိုင်ဆဲပါ။ ဘေးရွာတွေမှာနေတဲ့ သားသမီးတွေ၊ မြေးတွေ အမေအိုရှိတဲ့ သရက်ချောင်းကို လာပြီဆိုတဲ့အသံကြားရင် အမေအိုဝမ်းသာအားရနဲ့ အပြေးအလွှားလုပ်တဲ့အလုပ်က ထမင်းချက်တဲ့အလုပ်ပါပဲ။ သားသမီးတွေ၊ မြေးတွေဟာ သူ့ဆီကိုဝင်လာကြမှာပဲဆိုတဲ့ သူ့မျှော်လင့်ချက်လေးနဲ့သူ ရင်ထဲမှာ ကြည်နူးဝမ်းသာနေပါတယ်။

သို့ပင်ငြားလည်း အချိန်တန်လို့ သားသမီး၊ မြေးတွေဟာ သူတို့ အလုပ်ကိစ္စပြီးလို့ အချိန်မရတော့တဲ့အခါ သူတို့နေထိုင်ရာရွာလေးကို ကတိုက်ကရိုက်ပြန်သွားကြတဲ့အကြိမ်ပေါင်းကလည်း မနည်းတော့ပါဘူး။ ငါးခါက်လောက်မှ တစ်ခါက်လောက်သာ ဝင်နိုင်ခဲ့ကြတဲ့ သားသမီး၊ မြေးတွေရဲ့ မျက်နှာကို အမေအို မြင်လိုက်ရရင်ဖြင့် ချက်ပြုတ်ထားရလို့ မောပန်းနေတာတွေဟာ နေလာလို့ နှင်းပျောက်သလိုပါပဲ။ အမေအိုက သူချက်ထားတဲ့ ထမင်းဟင်းတွေကို မြိန်ရေယှက်ရေစားသွားကြတဲ့ သားသမီး၊ မြေးတွေအနားကနေ အားရဝမ်းသာ ထိုင်ကြည့်နေလို့ကိုမဝဖြစ်နေတဲ့ အမေအိုပါ။ ဒီလိုရက်မျိုးကျတော့ တစ်ယောက်တည်း အထီးကျန်နေတဲ့ အမေအိုရဲ့ဘဝဟာ သဲကန္တာရထဲက အိုအေစစ်လေးပါပဲ။ သခင်ကြည်နူးနေတော့ ဖိုးကုပ်လေးလည်း ရွှင်မြူးနေတာပေါ့လေ။ အမြီးလေးတရမ်းရမ်းနဲ့ အိမ်ပေါ် အိမ်အောက်တက်လိုက်ဆင်းလိုက်နဲ့ တစ်ကောင်တည်း အလုပ်ရှုပ်နေတာပဲ။

ဒီနေ့လည်း အမေအိုရဲ့သမီးနဲ့သားမက် သရက်ချောင်းရွာကို အလုပ်ကိစ္စနဲ့ ရောက်လာတယ်ကြားတော့ ကြားကြားချင်း ထုံးစံအတိုင်း အမေအို ထမင်းဟင်းချက်တော့တာပဲ။ သားမက်အကြိုက်ကိုသိတဲ့ အမေအို ဘဲဥလေးကိုပြုတ် လေးစိတ်စိတ်ပြီး ခရမ်းချဉ်သီးလေးနဲ့ချက်၊ ငါးပိထောင်းလေးထောင်း၊ ဒန့်သလွန်ဟင်းချိုလေးချက်ပြီး ထမင်းဝိုင်းလေးနဲ့ စောင့်မျှော်နေတယ်လေ။ သို့ပေမယ့် နေဝင်မိုးချုပ်တဲ့အထိ သမီးနဲ့သားမက်က အမေအိုဆီ ရောက်မလာခဲ့ကြဘူး။ အပြန်နောက်ကြမှ စိုးလို့အမေအိုထံကို မဝင်တော့ဘဲ သူတို့ရွာကို လှည်းမောင်း၍ ဒုန်းစိုင်းပြန်သွားခဲ့ကြတယ်လေ။

တဖြည်းဖြည်းနဲ့ နေမင်းကြီးလည်း ပဲခူးရိုးမတောင်တန်းဆီမှာမေးတင်နေပြီ။ အိပ်တန်းပြန်ငှက်ကလေးတွေလည်း အုပ်စုဖွဲ့ပျံသန်းနေကြပြီ။ ရွာထဲက လူတွေလည်း နွားတွေ၊ ကျွဲတွေဆွဲလို့အလုပ်သိမ်းလာကြပြီ၊ အမေအိုကတော့ အိမ်လေးထဲမှာ ထမင်းဟင်းတွေခူးပြီး အုပ်ဆောင်းလေးနဲ့အုပ်ထားတဲ့ ထမင်းဝိုင်းလေးက စားမယ့်သူတွေကို စောင့်မျှော်နေခဲ့ပြီ၊ သို့ပေမယ့်လည်း. . . .

အိမ်ရှေ့ကပြင်မှာတော့ ရွာလမ်းမကြီးအတိုင်း တရွေ့ရွေ့နဲ့မောင်းသွားတဲ့ နွားလှည်းတစ်စီးကို ကြေကွဲဝမ်းနည်းမှုတွေနဲ့ ထိုင်ကြည့်နေတဲ့အမေအိုရယ်၊ သခင်ရဲ့ ဝမ်းနည်းကြေကွဲအထီးကျန်မှုကို ခံစားနားလည်သည့်အလား အနားမှာ ငြိမ်ငြိမ်လေးဝပ်နေတဲ့ ဖိုးကုပ်ရယ်၊ စားသူမဲ့ အေးစက်နေတဲ့ထမင်းဝိုင်းရယ်။

ဩော်----အဝိဇ္ဇာဆိုတဲ့ မသိခြင်းတွေကြောင့် တဏှာဆိုတဲ့ ခန္ဓာရလာတယ်။ ခန္ဓာရလာတော့ ခန္ဓာရဲ့ ဒုက္ခကိုခံစားရတယ်။ ချစ်ခြင်း၊ မုန်းခြင်း၊ ကြေကွဲခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ခန္ဓာကြောင့်ဖြစ်ပေါ်လာရတဲ့ ဝေဒနာတွေကို ပုထုဇဉ်တိုင်းခံစားရတာပါပဲ။

အမေအိုရဲ့ဘဝအစ ချစ်တဲ့ခင်ပွန်း၊ သားသမီးတွေနဲ့ ပျော်ရွှင်ကြည်နူးစွာနေရခြင်း၊ ချစ်တဲ့သူတွေခွဲခွာသွားခဲ့ကြတော့ အထီးကျန်ကြေကွဲခြင်း၊ ချစ်ရတဲ့သားသမီး၊ မြေးတွေများ မျက်စိလည်လမ်းမှားပြီး အမေအိုကြီးဆီဝင်လာလေမလားဆိုတဲ့ မျှော်လင့်ချက်ကြောင့် ကြည်နူးရခြင်း၊ အချိန်တန် သူတို့အိမ် သူတို့ ပြန်သွားခဲ့ကြပြီး အမေအိုကို မေ့လျော့သွားလေခြင်းဆိုတဲ့ ဝမ်းနည်းကြေကွဲခြင်းတွေဟာ ခန္ဓာကြောင့်ပါပဲဆိုတာ အမေအို ဆင်ခြင်သွားမိတဲ့ အခိုက်အတန့် အမေအိုရဲ့ရင်ထဲမှာ ဗလာဖြစ်သွားတော့တယ်။

ဘယ်အရာကိုမှ စွဲလမ်းတပ်မက်မှု သံယောဇဉ်မထားရင် ငြိမ်းချမ်းလိုက်တာဆိုတဲ့ ဥပေက္ခာတရားကို အမေအိုရှာတွေ့ခဲ့ပါပြီ။ အစောပိုင်းက ဝမ်းနည်းပူဆွေးမှုကြောင့် ကြေကွဲနေခဲ့ရတဲ့ မျက်ဝန်းဟာ အရောင်ပြန်လက်လာခဲ့ပါပြီ။ ခန္ဓာရဲ့ချုပ်ငြိမ်းရာဆီကို ပို့ဆောင်လမ်းပြပေးမယ့် ဝိပဿနာတရားရဲ့ အေးမြမှုကို အမေအိုရှာဖွေရင်းနဲ့ ဘဝရဲ့နေဝင်ချိန်တွေကို စိတ်အေးချမ်းသာစွာ စောင့်နေတော့မယ့် အမေအိုရဲ့ရင်တွင်းဆန္ဒကို စိမ်းညို့နေတဲ့ ပဲခူးရိုးမတောင်တန်းကြီးကတော့ သိနေမှာအမှန်ပါပဲ။

စာရေးသူ ပညာရေးဝန်ထမ်းအဖြစ် ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့သော တောင်တွင်းကြီးမြို့နယ်မှ ကျေးရွာတစ်ရွာတွင် မျက်မြင်တွေ့ကြုံခဲ့ရသော အသက်(၈၀)ကျော် အမေအိုတစ်ယောက်၏ ဘဝတစ်စိတ်တစ်ပိုင်းကို အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခံစားရေးဖွဲ့တင်ပြလိုက်ရပါသည်။ ။

HelpAge International
age helps

" အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ "
INTERNATIONAL DAY OF OLDER PERSONS
" ဘိုးဘွားများအတွက် ရပ်တည်ဖို့၊ ပစ်ပယ်ခွဲခြားမှုများဆန့်ကျင်စို့ "
" Take A Stand Against Ageism "

နေပြည်တော် ၁.၁၀.၂၀၁၆




## မိတ္ထီလာကန်ရေပြည့်၍ မိုးစပါး စိုက်ပျိုးရေး၊ အောင်ရေသာမက နွေစပါး စိုက်ပျိုးရေးနှင့် အောင်ရေပါ အပြည့်အဝပေးနိုင်မည်

**မိတ္ထီလာ စက်တင်ဘာ ၂၈**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာကန်ရေပြည့်မှတ်ရောက်ရှိရန် စက်တင်ဘာ ၂၈ ရက်တွင် ၁ ဒသမ ၇ ပေ ခန့်လိုအပ်ပြီး ကန်ရေပြည့်၍ ယခုနှစ် မိုးစပါးစိုက်ပျိုးရေး၊ အောင်ရေသာမက နွေစပါး စိုက်ပျိုးရေးနှင့် အောင်ရေပါ အပြည့်အဝပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး) ဦးစီးအရာရှိ ဦးမောင်မောင်ကျော်က ပြောသည်။

"မိတ္ထီလာကန်ရေပြည့်မှတ်ရောက်ဖို့အတွက် ၁ ဒသမ ၇ ပေခန့်ပဲလိုပါတယ်။ ဒီနှစ်မိုးစပါး မိတ္ထီလာကန်ရေနဲ့ လျာထားဧက ၁၁၀၀၊ စိုက်ပျိုးပြီး ဧက ၉၆၀၊ မုန်တိုင်ဆည်ရေနဲ့ လျာထားဧက ၇၀၀၊ စိုက်ပျိုးပြီး ဧက ၄၃၀ အတွက် စိုက်ပျိုးရေနဲ့ အောင်ရေ အပြည့်အဝပေးနိုင်သလို လာမယ့်နွေစပါးစိုက်ပျိုးမယ့်ရာသီမှာလည်း နွေစပါးဧက၁၀၀၀ခန့်ကို စိုက်ပျိုးရေနဲ့ အောင်ရေ အပြည့်အဝပေးနိုင်မှာဖြစ်ပါတယ်"ဟု ဦးစီးအရာရှိ ဦးမောင်မောင်ကျော်က ပြောသည်။

ယခုအခါ မိတ္ထီလာတောင်ကန်ရေပြည့်အမှတ် ၇၆၆ ဒသမ ၁ ပေဖြစ်ပြီး လက်ရှိ ကန်ရေအမှတ် ၇၆၄ ဒသမ ၄ ပေ၊ မိတ္ထီလာမြောက်ကန်ရေပြည့်မှတ် ၇၆၆ ဒသမ ၁ ပေဖြစ်ပြီး လက်ရှိ ကန်ရေအမှတ် ၇၆၆ ဒသမ ၂ ပေ ရှိနေပြီး မုန်တိုင်ဆည်ရေပြည့်မှတ်မှာ ၉၁၅ ဒသမ ၃ ပေဖြစ်ပြီး လက်ရှိ ဆည်ရေပြည့်မှတ်ထက် ဒသမ ရှစ်ပေခန့် ကျော်လွန်နေကာ ဆည်မှ စိုက်ပျိုးရေအတွက် ပို့လွှတ်ထားလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံးအကြိမ်ကျင်းပတော့မည့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ

သန်းဖြိုးနိုင်(ကညင်ကျိုး)

**စက်တင်ဘာ ၃၀ ရက်တွင် အာဆီယံနိုင်ငံများ၏လွှတ်တော်များ အထွေထွေညီလာခံကြီး (AIPA-GA)ကိုမြန်မာနိုင်ငံတွင်အိမ်ရှင်နိုင်ငံအဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပတော့မည်ဖြစ်သည်။ထိုအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာMICC(1)တွင်ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်နေ့မှ အောက်တိုဘာ ၂ ရက်နေ့ထိ သုံးရက်တာကြာမြင့်မည်ဖြစ်သည်။ ထိုအစည်းအဝေးသို့ အာဆီယံနိုင်ငံလွှတ်တော်များမှ လွှတ်တော်ဥက္ကဋ္ဌများ၊ဒုတိယဥက္ကဋ္ဌများ ဦးဆောင်ကာ ဒေသတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်ရေးရာနှင့် ကျန်အထွေထွေကိစ္စရပ်များကို တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး ထိုအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း တက်ရောက်မည်ဖြစ်သည်။**

ဤအစည်းအဝေးကြီးအကြောင်းပြောရလျှင် ၎င်းကို အာဆီယံဒေသတွင်းရှိ အခြားနိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုဆိုလျှင်(၃၇)ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်(၂၇)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်အခါမှစ၍သာ လေ့လာသူအဖြစ် စတင်တက်ရောက်ခဲ့ရပြီး (၃၂) ကြိမ်မြောက်ကျင်းပစဉ် (၂၀. ၉. ၂၀၁၁)ရက်တွင်မှ တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ခြင်းဖြစ်သည်။ အမှန်တွင်မူ ဤအဖွဲ့ကြီး၏ ပထမဦးဆုံး အစည်းအဝေးကို ၁၉၇၈ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ကြခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စတင်ကျင်းပစဉ်မှစလျှင် (၃၃)နှစ်ကြာမှသာလျှင် အဖွဲ့ဝင်နိုင်ငံအဖြစ်၏တင်းပြည့်ကျပ်ပြည့်တက်ရောက်ခွင့်ရခဲ့ခြင်းသာဖြစ်သည်။ ထိုသို့တင်းပြည့်အဖွဲ့ဝင်ဖြစ်ပြီး ငါးနှစ်အကြာတွင်လည်း တစ်ဆင့်တက်လှမ်းကာ ယခုလိုပထမဦးဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိခဲ့ခြင်းပင်ဖြစ်သည်။

## ပေါ်ပေါက်လာပုံသမိုင်းကြောင်း

ထိုအာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly-AIPA) မှာ အရှေ့တောင်အာရှ နိုင်ငံများအသင်း (Association Of South East Asia Nation-ASEAN)၏သမိုင်းကြောင်းနှင့်ယှဉ်ကာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ သို့သော် အာဆီယံအသင်းကြီး စတင်ပေါ်ပေါက်ဖွဲ့စည်းခဲ့သည့်အချိန်တွင် ဤအစည်းအဝေးကိုတစ်ပြိုင်နက်တည်း ကျင်းပနိုင်ခဲ့ကြသည်တော့ မဟုတ်ခဲ့ချေ။ ထိုAIPAဟုခေါ်သည့် အာဆီယံပါလီမန်များ ညီလာခံသမိုင်းကြောင်းကိုပြန်ပြောင်းပြောပြရလျှင် အာဆီယံအဖွဲ့ကြီးအကြောင်းကိုဦးစွာပြောမှရမည်။ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း စစ်အေးခေတ်အလွန်တွင် အင်အားကြီးနိုင်ငံများ၏ ခြိမ်းခြောက်မှုအန္တရာယ်များ၊ သွေးခွဲသပ်လျှိုမှုများကြောင့် အာဆီယံဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုမြှင့်တင်နိုင်ရန်ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ထွန်းလာစေရေးရည်ရွယ်၍ ဤအာဆီယံအသင်းကြီးကို၁၉၆၇ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြသည်။ ထိုသို့ဖွဲ့စည်းခဲ့ပြီးသည့်နောက်ပိုင်းတွင် အာဆီယံနိုင်ငံများရှိ ဥပဒေပြုလွှတ်တော်များအချင်းချင်းအကြား ခိုင်မာသောနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးသောဆက်ဆံရေး ထူထောင်ရန် ရည်ရွယ်ချက်များဖြင့် ကနဦးအစ ၁၉၇၀ ခုနှစ်တွင် အရှေ့တောင်အာရှ ငါးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊စင်ကာပူနှင့် ထိုင်းတို့ ပူးပေါင်းကာ အရှေ့တောင်အာရှပါလီမန်များအဖွဲ့(ASEAN-Inter Parliamentary Organization-AIPO)ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြလေသည်။

## ပထမဦးဆုံးအကြိမ်AIPOအစည်းအဝေးကျင်းပခြင်း

၁၉၇၃ ခုနှစ်အရောက်တွင် မလေးရှားပါလီမန် ကိုယ်စားလှယ်အဖွဲ့နှင့် စင်ကာပူပါလီမန်ကိုယ်စားလှယ်အဖွဲ့တို့ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် အာဆီယံပါလီမန်များအကြား ပူးပေါင်းဆောင်ရွက်ရေးစိတ်ကူးကိုအကောင်အထည်ဖော်ရန် တွန်းအားပေးခဲ့ပြီး အာဆီယံပါလီမန်များ ဖိုရမ်တစ်ခုကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့ကြရာမှ ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ The first ASEAN Parliamentary,Meeting(APM)ကို ဇန်နဝါရီ ၁၁ ရက်အထိ သုံးရက်တာ ကျင်းပနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုမှတစ်ဖန် ၁၉၇၇ ခုနှစ်အရောက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသော တတိယအကြိမ် APMအစည်းအဝေး၌(AIPO.Statute) ဖွဲ့စည်းပုံစည်းမျဉ်းကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ထိုင်းနှင့် စင်ကာပူတို့ရှိ ပါလီမန်ကိုယ်စားလှယ်အဖွဲ့ဝင်များက လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုAIPO၏ ဖွဲ့စည်းပုံစည်းမျဉ်းပါ ပုဒ်မ(၁၀)အရ အဖွဲ့ဝင်ပါလီမန်များအနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် အစည်းအဝေးများ ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အက္ခရာစဉ်အလိုက် အလှည့်ကျ တာဝန်ယူကျင်းပခဲ့ကြရလေသည်။

## AIPAသို့အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခြင်း

AIPO၏ အထွေထွေညီလာခံအစည်းအဝေးများ ကျင်းပစဉ်တိုင်းတွင်လည်း အခြားဆွေးနွေးဖက်နိုင်ငံများဖြစ်သော သြစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ပါပူဝါနယူးဂီနီ၊ ရုရှား၊ ဥရောပပါလီမန်တို့နှင့် တွေ့ဆုံဆွေးနွေးလေ့ရှိကြသည်။ ထိုAIPOအဖွဲ့သို့၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်၊၁၉၉၇ ခုနှစ်တွင် လာအိုနှင့် ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့ကိုအဖွဲ့ဝင်နိုင်ငံများအဖြစ် လက်ခံခဲ့ပြီး ထိုနှစ်ပိုင်းများတွင် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဥပဒေပြုလွှတ်တော်မရှိသေးသဖြင့် အထူးလေ့လာသူအဖွဲ့ဝင်နိုင်ငံအဖြစ်သာ တက်ရောက်ခွင့်ရခဲ့လေသည်။ သို့သော်လည်း ၂၀၁၁ ခုနှစ်အရောက်တွင် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကိုစတင်ကျင့်သုံးခြင်းနှင့်အတူ ဥပဒေပြုလွှတ်တော်များလည်းပေါ်ပေါက်လာခဲ့ပြီး နောက်ပိုင်းတွင်မှ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်လေသည်။ ဤနေရာတွင် တစ်ဆက်တည်းဆက်စပ်၍တင်ပြရလျှင် မြန်မာ့လွှတ်တော်အနေဖြင့် ကိုယ့်နိုင်ငံအတွင်းရှိ ပြည်ထောင်စုအဆင့် လွှတ်တော် (၃)ရပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များပေါင်းစပ်ပြီး (Myanmar Parliamentary Union-MPU)ကို မူလဖွဲ့စည်းခဲ့ကြပြီးနောက်ပိုင်းတွင် နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter- Parliamentary Union-IPU)သို့လည်း ဝင်ရောက်နိုင်ခဲ့ကြပါသည်။

AIPAအကြောင်းဆက်တင်ပြရလျှင် ၎င်းမှတစ်ဖန် ၂၀၀၆ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ကျင်းပသည့်(၂၇)ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံပါလီမန်များ အဖွဲ့အစည်းကို ပိုမိုထိရောက်ပြီး နီးကပ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ကာ ယခင် (ASEAN Inter-Parliamentary Organization- AIPO )အမည်မှ တစ်ဆင့်တက်ကာ (ASEAN Inter-Parliamentary Assembly-AIPA)ဟု ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့ပြီး AIPOဖွဲ့စည်းပုံစည်းမျဉ်းကိုလည်း AIPAဖွဲ့စည်းပုံစည်းမျဉ်းဟု ပြင်ဆင်ခဲ့သည်ကိုတွေ့ရှိခဲ့ရသည်။ ယနေ့လက်ရှိအချိန် နောက်ဆုံးရရှိစာရင်းများအရ အဆိုပါAIPAတွင် အဖွဲ့ဝင်နိုင်ငံ(၁၀)နိုင်ငံပါဝင်လျက်ရှိပြီး ၎င်းတို့မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ လွှတ်တော်များပင်ဖြစ်ကြသည်။ AIPAအဖွဲ့ကို လေ့လာသူ နိုင်ငံများအနေဖြင့် သြစတြေးလျ၊ ဘယ်လာရုစ်၊ ကနေဒါ၊ တရုတ်၊ အီးယူ၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်၊ ပါပူဝါနယူးဂီနီ၊ ရုရှားနှင့် တီမောနိုင်ငံများ ရှိလွှတ်တော်များဖြစ်ကြပြီး ပူးပေါင်းဆောင်ရွက်ကြသည့် အဖွဲ့များအနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး(ASEAN Secretariat)၊ နိုင်ငံတကာပါလီမန် များအဖွဲ့(International Parliamenta-IPU)၊ ဂျာမန် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ)၊Hanns Seidel Foundation၊ FREELANDတို့ ဖြစ်ကြပါသည်။

## ညီလာခံဆောင်ပုဒ်

ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့်(၃၇)ကြိမ်မြောက်အာဆီယံပါလီမန်များအထွေထွေညီလာခံ၏ ဆောင်ပုဒ်မှာ“အာဆီယံအသိုက်အဝန်း တိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များ ညီလာခံက တက်ကြွလှုပ်ရှားပေး” “Vibrant AIPA for a progressive ASEAN Community” ဟူ၍ဖြစ်သည်။

**အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှုကိစ္စအပေါ် နားလည်သဘောပေါက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှု အထောက်အကူပြုရန်၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှုဥပဒေစာရင်းကို စုစည်းဖြန့်ဝေရန်နှင့် ဥပဒေပြုရေးတွင် အကျုံးဝင်မှုနှင့် ဥပဒေပြဋ္ဌာန်းရန် လေ့လာအကဲဖြတ်ရန်၊ မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ အစီအစဉ်များ၊ မူဝါဒများနှင့် ဥပဒေများတွင် ကျယ်ကျယ်ပြန့်ပြန့်သဘောပေါက်ရေး အာဆီယံအဖွဲ့ဝင်အစိုးရများအား တိုက်တွန်းနှိုးဆော်ရန်၊ မူးယစ်ဆေးဝါးလျှော့ချရေးကို အဖွဲ့ဝင်နိုင်ငံများ၏ အရေးယူဆောင်ရွက်မှုကို စောင့်ကြည့်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများ၏ အကူအညီညှိနှိုင်းရယူရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ကာကွယ်ရေးနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် အလုပ်သဘောဆက်ဆံရေးများ ထူထောင်ထိန်းသိမ်းရန်တို့အတွက် ရည်ရွယ်ကျင်းပကြခြင်းဖြစ် ။**

AIPA၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး (WAIPA) AIPAအထွေထွေ အစည်းအဝေးကြီးနှင့် တစ်ဆက်တည်း ဆက်စပ်နေသည့် အစည်းအဝေးတစ်ခုမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး(WAIPA)ဖြစ်ပြီး ၎င်းကို AIPA အထွေထွေညီလာခံ အစည်းအဝေး၌ ၁၉၉၈ ခုနှစ်မှစတင်ကျင်းပခဲ့သည်။ အထွေထွေညီလာခံ ကျင်းပသည့် အိမ်ရှင်ကိုယ်စားလှယ်အဖွဲ့ဝင်များအနက်မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ကြရပြီး ထိုအစည်းအဝေးပြုလုပ်ရသည့် ရည်ရွယ်ချက်များအနေဖြင့် AIPA တွင် အမျိုးသမီးကိုယ်စားလှယ်ပါဝင်မှုမြှင့်တင်ရန်၊ အစည်းအဝေး အစီအစဉ်မှာလည်း အမျိုးသမီးကဏ္ဍကို သီးခြားခေါင်းစဉ်ဖြင့် ဆောင်ရွက်ရန်၊ လေ့လာရေးကော်မတီများအတွက် ဆွေးနွေးမည့် အကြောင်းအရာခေါင်းစဉ်များ အဆိုပြုတင်ပြရန်၊ ယင်းအတွက် ကွန့်ဖရင့်များကျင်းပရန်နှင့် အမျိုးသမီးကိုယ်စားလှယ်များအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုနှင့် အာဆီယံနိုင်ငံများသာမက နိုင်ငံတကာပါလီမန်များအဖွဲ့များတွင်ပါ ပါဝင်နိုင်ရန်တို့ပါရှိလေသည်။ ယနေ့အချိန်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဤအချိန်၌လည်း ထို WAIPA အစည်းအဝေးများကို ကျင်းပသွားရန် စီစဉ်ထားပြီး ထူးခြားချက်အနေဖြင့် နိုင်ငံတော်သမ္မတ၏ဇနီး သုံးခွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်က အဆိုပါ အစည်းအဝေး ကျင်းပရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ်ပါဝင်ထမ်းဆောင်ကာ ကျန်သည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးလည်းပါဝင်ကြပြီး လာမည့် စက်တင်ဘာလ ၃၀ ရက်နေ့မှစတင်ကာ ဆွေးနွေးကြတော့မည်ဖြစ်သည်။

## AIFOCOM ကော်မတီအစည်းအဝေး

AIPA မူးယစ်ဆေးဝါးတိုက်ဖျက်မှုဆိုင်ရာ အချက်အလက်ရှာဖွေရေး ကော်မတီအစည်းအဝေး (AIFOCOM) ကို (၂၂) ကြိမ်မြောက် AIPO အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၂၂ GA/2001/Soc/02 က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အရ စတင်ဆောင်ရွက်ခဲ့ပြီး AIFOCOM အဖွဲ့တွင် AIPA အဖွဲ့ဝင် လွှတ်တော်များနှင့် အထူးလေ့လာသူလွှတ်တော်များမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်ကြရသည်။ AIFOCOM ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှုကိစ္စအပေါ် နားလည်သဘောပေါက်မှုနှင့် သတင်းအချက်အလက်ဖလှယ်မှု အထောက်အကူပြုရန်၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှု ဥပဒေစာရင်းကို စုစည်းဖြန့်ဝေရန်နှင့် ဥပဒေပြုရေးတွင် အကျုံးဝင်မှုနှင့်ဥပဒေပြဋ္ဌာန်းရန် လေ့လာအကဲဖြတ်ရန်၊ မူးယစ်ဆေးဝါးထိန်းချုပ်မှုဆိုင်ရာ အစီအစဉ်များ၊ မူဝါဒများနှင့် ဥပဒေများတွင် ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်ရေး အာဆီယံအဖွဲ့ဝင် အစိုးရများအား တိုက်တွန်းနှိုးဆော်ရန်၊ မူးယစ်ဆေးဝါးလျှော့ချရေးကို အဖွဲ့ဝင်နိုင်ငံများ၏ အရေးယူဆောင်ရွက်မှုကို စောင့်ကြည့်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာ၌ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများ၏ အကူအညီညှိနှိုင်းရယူရန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တိုက်ဖျက်ကာကွယ်ရေးနှင့် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် အလုပ်သဘောဆက်ဆံရေးများ ထူထောင်ထိန်းသိမ်းရန်တို့အတွက် ရည်ရွယ်ကျင်းပကြခြင်းဖြစ်သည်။

## အာဆီယံပါလီမန်များညီလာခံနှစ်လယ်အစည်းအဝေး (AIPA Caucus)

(AIPA Caucus) ကို စင်ကာပူနိုင်ငံတွင် (၂၉) ကြိမ်မြောက်ညီလာခံ ဆုံးဖြတ်ချက်အမှတ်၊ Res 29/GA/2008/Org/05 အရဆောင်ရွက်ခဲ့ပါသည်။ (AIPA Caucus) တွင် အဖွဲ့ဝင်နိုင်ငံများအဖြစ် AIPA အဖွဲ့ဝင် လွှတ်တော်တစ်ရပ်စီမှ သုံးဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်၊ အထူးလေ့လာသူနိုင်ငံများမှ ကိုယ်စားလှယ်တစ်ဦးစီ၊ AIPA အထွေထွေ အတွင်းရေးမှူးချုပ်နှင့် AIPA National Secretariat များမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်သော ဗဟိုအဖွဲ့ (Core Group) တို့ပါဝင်ကြရသည်။ ထို(AIPA Caucus) အစည်းအဝေးပြုလုပ်ရခြင်းမှာ AIPA ဆုံးဖြတ်ချက်(Resolution)များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို စောင့်ကြပ်စစ်ဆေးသော အမှုဆောင်ကော်မတီကိုအထောက်အကူပြုရန်နှင့် ဥပဒေများပြဋ္ဌာန်းရာ၌ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုအထောက်အကူပြုရေးအတွက် တည်ဆဲဥပဒေမူဘောင်များကို လေ့လာသုံးသပ်ခြင်း၊ သတင်းအချက်အလက် ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးဆောင်ရွက်ရန်၊ အာဆီယံနှင့် AIPA အဖွဲ့ဝင်နိုင်များအကြား ပုံမှန်ပူးပေါင်းဆောင်ရွက်မှုများအတွက် နည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် ကျွမ်းကျင်သူများအကူအညီ ညှိနှိုင်းရယူရန်တို့ဖြစ်ပါသည်။

## ပြင်ဆင်ဆောင်ရွက်နေမှုများ

ယနေ့အချိန်တွင် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အာဆီယံပါလီမန်များ အထွေထွေညီလာခံအစည်းအဝေးကို အိမ်ရှင်နိုင်ငံပီသစွာ နိုင်ငံတော် အခမ်းအနားတစ်ခုအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ ဆောင်ရွက်ကြလျက်ရှိကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် (AIPA-GA)ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် Committee on Joint Communique၊ Committee on Economic Matters၊ Committee on Organizational Matters၊ Committee on Social Matters နှင့် Committee on WAIPA တို့ ပါဝင်ကြပြီး လုပ်ငန်းကော်မတီများကို ၁၂ ဦးစီဖြင့် ဖွဲ့စည်းထားရှိခဲ့ကြ သည်။ ထို့အပြင် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ ကြိုဆိုရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ သံတမန်ရေးရာလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေး လုပ်ငန်းကော်မတီနှင့် တည်းခိုရေးနှင့်ကျွေးမွေးရေးလုပ်ငန်းကော်မတီ စသည်တို့ကိုနှီးနွှယ်ဆက်စပ်သည့်ဌာနဆိုင်ရာ အသီးသီးမှ အဆင့်မြင့်အရာထမ်းများဖြင့်ဖွဲ့စည်းထားရှိခဲ့ကြသည်ကိုလည်း တွေ့ရသည်။

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် အာဆီယံဒေသတွင်းအဖွဲ့ဝင်နိုင်ငံများအကြားပြုလုပ်သည့် အစည်းအဝေးများတွင် အထင်ကရအစည်းအဝေးကြီးတစ်ခုဖြစ်သည့် ဤအစည်းအဝေးကြီးကို မကြာမီရက်ပိုင်းအတွင်း မိမိနိုင်ငံမှအိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပတော့မည် ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ အဆင့်အတန်းရှိရှိဖြင့် အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကဦးစီးပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်တို့က ညီလာခံအကြိုပြင်ဆင်ရေးကိစ္စများကို တက်ညီလက်ညီ ကြိုးစားဆောင်ရွက်နေကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ဗီယက်နမ်အမျိုးသားညီလာခံဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၈**

ဗီယက်နမ်အမျိုးသားညီလာခံဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan နှင့်အဖွဲ့သည် ယနေ့ ည ၈ နာရီတွင် နေပြည်တော်သို့ရောက်ရှိလာရာ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# အင်္ဂလိပ်တွေ ဒီလိုရေးကြပါတယ် စာအုပ်ထုတ်ဝေဖြန့်ချိ




စာရေးသူ နေဖူးဗဆွေ၏ အင်္ဂလိပ်တွေ ဒီလိုရေးကြပါတယ် (Englishmen write like so) စာအုပ်ကို ထုတ်ဝေ ဖြန့်ချိထားကြောင်း သိရသည်။

ယင်းစာအုပ်တွင် အပိုင်း(၇)ပိုင်းပါရှိပြီး အင်္ဂလိပ်ဘာသာစကား၏ အခြေခံသိမှတ်ဖွယ်ရာများ၊ Punctuation Marks (အက္ခရာမဟုတ်သော သင်္ကေတများ)၊ Grammar is easy (သဒ္ဒါဆိုတာ အလွယ်လေးပါ)၊ The Secrets of English Syntax (အင်္ဂလိပ်ဝါကျဖွဲ့ထုံး၏ လျှို့ဝှက်ချက်များ)၊ Substitutions (အစားထိုးရေးသားခြင်းများ)၊ Phrasal Verbs (ပုဒ်စုကြိယာများ)၊ Modifiers (အထူးပြုပုဒ်၊ ဝိသေသနပုဒ်၊ ချဲ့ကားရေးသားခြင်းများ)၊ Transformation of Sentences and More Structures (ဝါကျပုံစံပြောင်းလဲခြင်းများနှင့် အခြားလေ့လာသင့်သော ဝါကျဖွဲ့ထုံးများ) တို့ဖြစ်သည်။

စာရေးသူက အင်္ဂလိပ်စာနှင့်ပတ်သက်၍ နိုင်ငံခြားသားများနှင့် မေးထူးခေါ်ပြောမျှသာ ပြောဆိုနိုင်ပြီး ရေလည်စွာပြောဆိုနိုင်မှုမရှိခဲ့ကြောင်း၊ ဆရာကြီး ဓမ္မိက ဦးဘသန်းနှင့် ထိတွေ့ခွင့်ခဲ့ရပြီး အင်္ဂလိပ်ဘာသာစကား၏ အမှန်ဆုံးနှင့် အမြန်ဆုံးသော နည်း၊ လမ်း၊ လေ့ကျင့်စေမှုတို့ကိုရရှိခဲ့ကြောင်း အဆိုပါစာအုပ်တွင် ဆိုထားသည်။

စာရေးသူသည် ၁၉၈၁ ခုနှစ်တွင် RIT မှ BE (CIVIL) ဘွဲ့ရရှိခဲ့ပြီး DMA , BDS, EDS, PGDPM, M.PM ဘွဲ့များ ရရှိထားကြောင်း သိရသည်။

**(ကြေးမုံ)**

**❒ လူသုံးကုန်ပစ္စည်းမှ**

ပြည်သူတွေ မသုံးစွဲမှ လက်လီရောင်းချတဲ့သူတွေ မရောင်းရတော့ဘူးပေါ့။ လက်လီရောင်းချတဲ့သူတွေကလည်း ကြေညာထားတဲ့ပစ္စည်းတွေကို ဆိုင်မှာ မရောင်းချဖို့လိုပါတယ်။ အပြန်အလှန်တော့ ရှိနေရမှာပါ။ တင်သွင်းဖြန့်ဖြူးတဲ့သူတွေအနေနဲ့လည်း တားမြစ်ဓာတုပစ္စည်းတွေပါဝင်တဲ့ အလှကုန်တွေကို တင်သွင်းခြင်းမလုပ်ဖို့လည်း အရေးကြီးပါတယ်။ အခုတွေ့ထားတဲ့ တားမြစ်ဓာတုပစ္စည်းအလှကုန်တွေဟာ FDA မှာ မှတ်တမ်းတင်မထားတဲ့ ပစ္စည်းတွေပါ။

**ဒေါက်တာဒေါ်ခင်ချစ် (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးမှာ အစားအသောက်နဲ့ပတ်သက်ပြီး စစ်ဆေးတဲ့အခါ ရောဝတီမှာဆို ငါးပိကို အဓိကထားစမ်းသပ်တယ်။ အဲဒီလိုစမ်းသပ်တဲ့အခါ ခွင့်မပြုတဲ့ဆိုးဆေးအရောင်တွေ အကုန်လုံးနီးပါးမှာ တွေ့ရတယ်။ ငရုတ်သီးမှုန့်ဆိုရင်လည်း တိုင်းဒေသကြီးနဲ့ပြည်နယ်အားလုံးကနေ နမူနာအားလုံးကောက်ယူပြီး စစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ ငရုတ်သီးမှုန့် ၅၀ ရာခိုင်နှုန်းကျော်က ခွင့်မပြုတဲ့ဆိုးဆေးတွေပါဝင်နေတယ်။ ကျန်တဲ့တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကတော့ ဆက်လက်စစ်ဆေးနေဆဲပါပဲ။ ပဲပြားနဲ့ မုန့်ဟင်းခါးမှာပါဝင်တဲ့ ဖော်မလင်ကိစ္စကိုလည်း နေပြည်တော်အပါအဝင် တိုင်းနဲ့ပြည်နယ်အကုန်လုံးမှာစစ်ခဲ့ပါတယ်။ အသုံးပြုမှုတွေ့ထားရင် နောက်မသုံးအောင် အသိပညာပေးခဲ့ပါတယ်။

ပညာပေးမှုတွေအများကြီးလုပ်နေပေမယ့် ဆက်သုံးနေတာလည်း တွေ့နေရတယ်။ ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှု အားနည်းနေပါသေးတယ်။ အလှကုန်ဆိုရင်လည်း ဈေးကွက်ထဲမှာ လက်လှမ်းမီသလောက်နဲ့လူမှုကွန်ရက်မှာ ပြဿနာရှိတဲ့ပစ္စည်းမှန်သမျှစစ်ဆေးတဲ့အခါ အသားဖြူဆေးဆိုရင် မလိုလားအပ်တဲ့ဓာတုပစ္စည်းတွေ ထည့်တယ်။ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းတွေပေါ့။ အဲဒီလိုမျိုးတွေ့ရင်စစ်ဆေးပြီး တစ်ခါတည်း မသုံးသင့်တဲ့ပစ္စည်းဆိုပြီး ကြေညာလိုက်တယ်။ အခုဆိုရင် နိုင်ငံတကာအဆင့်မီ၊ အာဆီယံအဆင့်မီတဲ့ နည်းလမ်းတွေနဲ့ စစ်ဆေးနေပါတယ်။

**ဒေါက်တာဒေါ်သီဂီဇင် (ညွှန်ကြားရေးမှူး၊ ဆေးဝါးဌာနခွဲ)**

ဆေးဝါးဆိုတာက ကျန်းမာရေးမှာမရှိမဖြစ်အသုံးပြုရတာပါ။ ဆေးကုတယ်ဆိုတာက ဆရာဝန်ရောဂါရှာပြီးတာနဲ့ ထိရောက်ပြီး အရည်အသွေး အာနိသင်ရှိတဲ့ဆေးဝါးနဲ့ကုသမှ ရောဂါကပျောက်ကင်းမှာဖြစ်ပါတယ်။ ဒီလို အရည်အသွေးအာနိသင်ကောင်းမွန်တဲ့ ဆေးဝါးရရှိဖို့ ကြီးကြပ်ကွပ်ကဲပြီး လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်မှာပြဋ္ဌာန်းထားတဲ့ အမျိုးသားဆေးဝါးဥပဒေရဲ့အမိန့်ကြော်ငြာစာတွေနဲ့အညီ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအလိုက် အဆင့်ဆင့် ဆောင်ရွက်နေပါတယ်။

ဒီဥပဒေအရ ဆေးဝါးတွေ ပြည်တွင်းကို တင်သွင်းမယ်၊ ထုတ်လုပ်တော့မယ်ဆိုရင် မှတ်ပုံတင်ရပါတယ်။ ဆေးဝါးတင်သွင်းမယ်ဆိုရင်လည်း တင်သွင်းခွင့်လိုင်စင်လျှောက်ရသလို၊ ထုတ်လုပ်မယ်ဆိုရင်လည်း ထုတ်လုပ်ခွင့်လိုင်စင်လျှောက်ရပါတယ်။ ဆေးဝါးဆိုတာက ထုတ်လုပ်တဲ့သူက ဘယ်လောက်ပဲကောင်းအောင်ထုတ်ထုတ် ဈေးကွက်တင်သွင်းတဲ့နေရာမှာ သိုလှောင်တာပဲဖြစ်ဖြစ်၊ ဖြန့်ဖြူးတာပဲဖြစ်ဖြစ် စနစ်မရှိဘူးဆိုရင် ပျက်စီးတာတို့၊ စံမမီတာတို့ဖြစ်တတ်ပါတယ်။ ထုတ်လုပ်တယ်၊ တင်သွင်းတယ်၊ ဖြန့်ဖြူးတယ်၊ ရောင်းချမှုပြုလုပ်တဲ့လုပ်ငန်းအဆင့်ဆင့်ကို ကြပ်မတ်ဆောင်ရွက်နေပါတယ်။



ဒေါက်တာဒေါ်သဇင်ရီလှိုင်



ဒေါက်တာဒေါ်ခင်ချစ်



ဒေါက်တာဒေါ်သီဂီဇင်



ဒေါက်တာထက်အောင်

**ဒေါက်တာထက်အောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ အစားအသောက်ဌာနခွဲ)**

အစားအသောက်ဌာနခွဲ၊ သွင်းကုန် ထုတ်ကုန်ဌာနစိတ်အနေနဲ့ မြန်မာပြည်ထဲကိုဝင်လာတဲ့ အစားအသောက်တွေနဲ့ပတ်သက်ပြီး တင်သွင်းလာတဲ့ အစားအသောက်တွေကို သွင်းကုန်လိုင်စင်ထောက်ခံချက်ပေးရပါတယ်။ ပြီးရင် စီးပွားကူးသန်းမှာ လိုင်စင်လျှောက်ပြီး တင်သွင်းလာတဲ့ စားသောက်ကုန်တွေကို တင်သွင်းကျန်းမာရေးထောက်ခံချက်ပေးရပါတယ်။ ပို့ကုန်ပိုင်းနဲ့ပတ်သက်ပြီးလည်း ပို့ကုန်လိုင်စင်ထောက်ခံချက်ရယ်၊ ပို့ကုန်ကျန်းမာရေးထောက်ခံချက်တွေထုတ်ပေးပါတယ်။ ဈေးကွက်ထဲမှာ ပြည်သူတွေ အဓိကထားစားသုံးနေတဲ့ အခြေခံစားသောက်ကုန်တွေကို ရုတ်ခြည်းစစ်ဆေးတာရှိတယ်။ နယ်လှည့်ယာဉ်တွေနဲ့လည်း အရေးပေါ်စစ်ဆေးတာရှိပါတယ်။ အထူးသဖြင့် လုပ်နေတာတော့ ခွင့်မပြုဆိုးဆေးတွေသုံးတာ၊ သတ်မှတ်ဆိုးဆေးပမာဏထက်ကျော်လွန်အသုံးပြုနေတာတွေကို လှည့်လည်စစ်ဆေးနေပါတယ်။ နောက်ပြီး ကျောင်းကျန်းမာရေးအနေနဲ့ ကျောင်းနေအရွယ်ကလေးတွေ မစားသုံးသင့်တဲ့ အရောင်ပါတဲ့အစားအစာတွေကို စစ်ဆေးပြီး အရေးယူဆောင်ရွက်တာတွေရှိပါတယ်။

**သတင်း-အောင်ရဲသွင်၊ ဓာတ်ပုံ-ကျော်ရဲဆွေ**

# ရွှေဘိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ခံရသူများ ဥပဒေပါအခွင့်အရေးများရရှိရန် စစ်ဆေးဆောင်ရွက်

**ရွှေဘို စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးမောင်သည် ရွှေဘိုခရိုင် တရားသူကြီးနှင့် မြို့နယ်တရားသူကြီးတို့ လိုက်ပါလျက် စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ အကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထောင်တာဝန်ခံအရာရှိ ရုံးခန်းတွင် ရွှေဘိုအကျဉ်းထောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းက ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားအကျဉ်းသူများ၊ အမှုစစ်ဆေးဆဲ အချုပ်ခံရသူများ၏ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေရာထိုင်ခင်းနှင့် စားသောက်မှု၊ ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးမောင်သည် အချုပ်ခံနေရသူများ၏ အဆောင်များ၊ စားဖိုဆောင်၊ သောက်သုံးရေကန်တို့ကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ၊ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားပြုမှု ရှိ၊ မရှိ၊ ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှု ရှိ၊ မရှိတို့နှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# ကမ္ဘာ့စီးပွားရေးနေးကွေးနေပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများ အနည်းငယ်တန့်နေခြင်းနှင့် ပြည်တွင်းမှ ကုန်သွယ်မှုကဏ္ဍလျော့နည်းနေခြင်းတို့ကြောင့် ဒေါ်လာဈေးမြင့်တက်မှု ဖြစ်ပေါ်နေခြင်းဖြစ်

ဆုနှင်းလှဲ့

လက်ရှိကာလတွင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့စီးပွားရေး တစ်ခုလုံး ထိုင်းမှိုင်းနွေးကွေးနေသော အနေအထားတွင် ရှိနေသောကြောင့် မြန်မာနိုင်ငံတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု များလည်း အနည်းငယ်တန့်နေကာ ပြည်တွင်း၏ ပို့ကုန် သွင်းကုန်ကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ လျော့နည်းနေမှု ကြောင့်လည်း ဒေါ်လာဈေးမြင့်တက်နေခြင်းဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်သည်။

ယင်းမှာ ဈေးကွက်သဘောအရ ဖြစ်ပေါ်နေခြင်းဖြစ် ပြီး ပြည်တွင်း၌ အရည်အသွေးပြည့်မီသော ကုန်ထုတ် လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်သည်။

### ဖြစ်လေ့ဖြစ်ထရှိ

လွတ်လပ်စွာ ကုန်သွယ်မှုပြုထားခြင်းတွင် သွင်းကုန် ပမာဏများပြားနေကာ ပြည်တွင်းမှ ပို့ကုန်ပမာဏ လိုအပ် ချက်ရှိနေခြင်းကြောင့်လည်း နိုင်ငံခြားငွေ လိုအပ်ချက်ရှိ နေခြင်းဖြစ်သည်။ လက်ရှိမိုးရာသီကာလဖြစ်နေခြင်းကြောင့် လည်း ပို့ကုန်ပမာဏ လျော့နည်းကျဆင်းမှုဖြစ်လေ့ဖြစ်ထ ရှိသော သဘောဖြစ်ကြောင်း ပညာရှင်များက သုံးသပ် သည်။ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုအတွက် အစိုးရ သစ်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းမှု မကြာမြင့်သေးခြင်း၊ နိုင်ငံတကာ မှ ရင်းနှီးမြှုပ်နှံရန် စောင့်ကြည့်နေခြင်းနှင့် လတ်တလော ကမ္ဘာ့စီးပွားရေး နွေးကွေးနေခြင်းကြောင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ တန့်နေခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းသို့ နိုင်ငံခြားငွေ စီးဝင်မှုတန့်နေပြီး ပြည်ပမှ အကူအညီပေး မည့် ငွေကြေးများလည်း မရရှိသေးသည့် ကာလတွင် ကုန်သွယ်မှုကဏ္ဍတွင်လည်း ပို့ကုန်ပမာဏထက် သွင်းကုန် ပမာဏများပြားနေခြင်းကြောင့် နိုင်ငံခြားငွေလိုအပ်ချက် မြင့်တက်ကာ ဒေါ်လာဈေးမြင့်တက်လာခြင်းဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ထောက်ပြသုံးသပ်သည်။ သို့ရာတွင်လည်း လက်ရှိနိုင်ငံ တည်ဆောက်ဆဲကာလတွင် ရင်းနှီးကုန်စည်များ တင်သွင်းရသည့် ကာလဖြစ်သော ကြောင့် သွင်းကုန်ပမာဏ များပြားနေခြင်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ ပြတိုင်းလည်း စိုးရိမ်စရာမဟုတ်ကြောင်း၊ ယင်းတို့မှ အကျိုးဆက်များ ပြန်လည်ရရှိလာမည်ဖြစ် ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခတစ်ဦးက သုံးသပ်သည်။

### တဒင်္ဂ ကြုံတွေ့

"ရွှေဈေး တက်တယ်။ ဒေါ်လာဈေးလည်း တက် တယ်။ နောက်ပြီး ကမ္ဘာ့စီးပွားရေးကလည်း အကုန်လုံး ထိုင်းမှိုင်းနေတဲ့အချိန်ဆိုတော့။ အခုနှစ် ဆရာတို့နိုင်ငံက လည်း သဘာဝဘေးကလည်းရှိခဲ့တာရယ်၊ MIC ဖွဲ့တာရော စောင့်ကြည့်နေကြတာဆိုတော့ နည်းနည်းနှေးသွားတာ။ ဒါတွေလည်းပါတယ်။ ဆရာ့အမြင်ကတော့ ကုန်သွယ်မှုက ကျသွားတယ်ဆိုတာက မနှစ်ကထက်ကျသွားတယ်။ ပို့ကုန် ရော၊ သွင်းကုန်ရော ကျသွားတယ်ဆိုတာက စီးပွားရေးနဲ့ပဲ ပြန်ဆိုင်တာပါပဲ။ ပြည်တွင်းစီးပွားရေးမှာ သဘာဝဘေး ကြောင့် ထိခိုက်တာတွေလည်း ပါပါတယ်။ လက်ရှိ US ဆန်ရှင်ကလည်း လွတ်တော့မယ်။ GSP ကလည်း ရတော့ မယ်ဆိုတော့။ နောက်တစ်ခုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်မှာလည်း US ကရော၊ EU ကရော တော်တော် များများ လာမယ့်လုပ်ငန်းတွေကလည်း ရင်းနှီးမြှုပ်နှံမှုတွေ၊ အကူအညီတွေ ရလာနိုင်ရင်တော့ အခုဒီအချိန် တဒင်္ဂ တော့ ကြုံတွေ့ရမှာပါ။ နောက်တစ်ခါ တိုင်းပြည်ရဲ့ စီးပွားရေးက သိပ်မကောင်းတဲ့အခါမှာ ငွေအရင်းအနှီးရှိတဲ့ သူက ဘဏ်မှာလည်းမထားတော့ဘူး။ စတော့အိတ်ချိန်းက လည်း အကျဘက်မှာဆိုတော့ ဒေါ်လာနဲ့ ရွှေဟာ သူတို့ အတွက် စိတ်ချရတယ်ဆိုပြီး ဝယ်အားတက်လာတာပါ။ ဒါပေမယ့် ပြောနိုင်တာကတော့ မကြာခင်မှာ တိုင်းပြည် စီးပွားရေးက တက်လာဖို့တော့ အများကြီးအလားအလာ ရှိတယ်။ တစ်ဖက်ကလည်း အရေးကြီးတာတွေ လုပ်စရာတွေလည်း အများကြီးပဲရှိပါတယ်"ဟု စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သူ၊ စီးပွားရေးပညာရှင် ဒေါက်တာမောင် အောင်က ပြောသည်။

ကုန်သွယ်မှုအပြင် အလားတူ ဒေါ်လာလိုအပ်ချက် ပြည်တွင်းတွင် ရှိနေသည့်အတွက်ကြောင့်လည်း ဒေါ်လာ ဈေးမြင့်တက်လာခြင်းဖြစ်ပြီး ဆိုးရွားသောဖြစ်စဉ်တစ်ခု မဟုတ်ဟု စီးပွားရေးပညာရှင်များက သုံးသပ်သည်။

"ဖုန်းကုမ္ပဏီတွေ၊ သူတို့ရဲ့ တစ်လတစ်လ ဝင်ငွေတွေ ရှိတယ်။ ဝင်ငွေက မြန်မာကျပ်ငွေနဲ့ ရောင်းလိုက်တယ်။ သူတို့က ဒေါ်လာပြန်ဝယ်တယ်။ ဆက်သွယ်ရေးကလည်း လူတစ်ဦးချင်းရဲ့ တယ်လီဖုန်းမှာ သုံးတဲ့အသုံးစရိတ်က အများကြီးတက်လာတယ်။ ဒါတွေကလည်း တစ်ဖက်က ဒေါ်လာဝယ်အား ပြန်တက်လာတာတွေရှိပါတယ်။ ဒါတွေ က တစ်စိတ်တစ်ဒေသပါ"ဟု ဒေါက်တာမောင်အောင်က သုံးသပ်သည်။

### တရားဝင်လွှဲအပ်ပေးပို့နိုင်ရန်

ပြည်တွင်းသို့ နိုင်ငံခြားငွေ စီးဝင်မှုပမာဏ မြင့်တက် လာစေရန် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာအောင် ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုတွင် ပို့ကုန်ပမာဏ တိုးမြှင့် နိုင်ရန်ဆောင်ရွက်ခြင်းသည် အဓိကကျမည်ဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် အဓိကထားဆောင်ရွက်နိုင်သည့် ကိစ္စရပ်မှာ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ ပြန်ပို့ငွေ များ တရားဝင်လွှဲအပ်ပေးပို့နိုင်ရန် အစိုးရအနေဖြင့် ဆောင်ရွက်ပေးနိုင်ကြောင်း သုံးသပ်သည်။ ပြည်တွင်းသို့ တရားမဝင် ငွေလွှဲဈေးကွက်မှသာ ရောက်ရှိနေခြင်းဖြစ်ပြီး တရားဝင်ဈေးကွက်ဖြစ်ပေါ်လာစေရန်အတွက် မက်လုံးပေး



ဆွဲဆောင်မှုများကို ထိထိရောက်ရောက် ဆောင်ရွက်ပေး သင့်ကြောင်း သုံးသပ်သည်။

### တရားမဝင် ဝင်နေတဲ့ ဒေါ်လာ

"တကယ်တမ်းပြောရင် တရားမဝင် ဝင်နေတဲ့ ဒေါ်လာ တွေ အများကြီးရှိတယ်။ အခုဆိုရင် ဟိုတယ်လုပ်ငန်းတွေ အများကြီးဖွံ့ဖြိုးလာတယ်။ တစ်ဦးချင်းကနေ နိုင်ငံခြားသား ကို ငှားတဲ့ဟာတွေ အများကြီးရှိတယ်။ အဲဒါတွေက နိုင်ငံတော်က ဒေါ်လာနဲ့ပဲပြန်ကောက် အများကြီးရတယ်။ နောက်တစ်ခု ပိုအရေးကြီးတာက ဆရာတို့နိုင်ငံကနေ တခြားနိုင်ငံသွားအလုပ်လုပ်တာ တွက်ထားတာက လေးသန်း လောက်ရှိတယ်။ တစ်လတစ်လ လွှဲတဲ့ငွေက တစ်ယောက် ကို ဒေါ်လာ ၂၀၀ ပဲ ပျမ်းမျှတွက်ဦးတော့ ဒေါ်လာသန်း ၈၀၀ လောက်က လစဉ်ဝင်နေတာ။ ဒါပေမယ့် အဲဒါတွေ ဟာ တရားဝင်မဟုတ်ဘဲ တရားမဝင် ဝင်နေတာ။ အဲဒါကို သာ တရားဝင်ဖြစ်အောင် မက်လုံးပေးမယ်။ ဆွဲဆောင်မှု တွေပေးပြီး လုပ်မယ်ဆိုရင် တစ်နှစ်ကို အများကြီးဝင်လာ မယ်။ တစ်နှစ်လုံးဆိုရင် ဒေါ်လာ ၁၅ ဘီလီယံ၊ ၁၆ ဘီလီယံလောက် ဝင်လာနိုင်တယ်။ ဒါမျိုးတွေ ဆရာတို့က ကြိုးစားရမှာ ဖြစ်ပါတယ်။ ဆရာတို့နိုင်ငံမှာက တရားမဝင် က အကြီးကြီးပဲ။ နေရာတိုင်းမှာ ဖြစ်နေတာ။ ဆရာတို့ အနေနဲ့ ဒါကို တရားဝင်လုပ်နိုင်ရင်တောင် ဆရာတို့ရဲ့ ဂျီဒီပီရော၊ တစ်ဦးချင်းဝင်ငွေရော တက်လာနိုင်တယ်လို့ ဆရာရေးဖူးပါတယ်။ ဒါကို ဝန်ကြီးဌာနတွေအနေနဲ့၊ အစိုးရ အနေနဲ့ ထိရောက်တဲ့ နည်းလမ်းတွေနဲ့ လုပ်ရမှာပေါ့။ ကဏ္ဍတိုင်းမှာ ကျွမ်းကျင်တဲ့သူတွေ ရှိပါတယ်။ ပညာရှင် တွေရှိပါတယ်။ သူတို့တွေနဲ့ သေချာဆောင်ရွက်ဖို့ လိုပါလိမ့် မယ်"ဟု ဒေါက်တာမောင်အောင်က ဆက်လက်သုံးသပ် သည်။

ယင်းအပြင် အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့ အရေးယူမှုဖယ်ရှားပေးခြင်းနှင့် ကုန်သွယ်မှုအထူးအခွင့် အရေး (GSP)ပေးအပ်ခြင်းတို့ကြောင့် မြန်မာ့စီးပွားရေး အလားအလာကောင်းလာနိုင်သော်လည်း ယင်းမှာ အချိန် ကာလတစ်ခု လိုအပ်နေဦးမည်ဟု ပညာရှင်များက သုံးသပ်သည်။ အမေရိကန်နိုင်ငံကဲ့သို့ ဥရောပသမဂ္ဂသည် လည်း မြန်မာနိုင်ငံကို GSP အခွင့်အရေးပေးသော်လည်း မြန်မာ့ထုတ်ကုန်များ စံချိန်စံညွှန်းမီအောင် တင်ပို့နိုင်ခြင်း မရှိသည့်အတွက်ကြောင့် ယင်းအခွင့်အရေးကို အပြည့်အဝ မျှော်လင့်၍မရနိုင်ကြောင်း သုံးသပ်သည်။

### ဒေါ်လာတွေ မလာသေး

"ခါတိုင်းလည်း ဒီအချိန်ကတော့ ဒေါ်လာဈေးတက်နေ ကျပဲ။ ဒီအချိန်က မိုးတွင်းဆိုတော့ ပို့စရာသိပ်မရှိဘူး။ သွင်းတာကတော့ ဆက်သွင်းနေတယ်။ ဈေးကစားတာ ကြောင့်လို့တော့ မမြင်ပါဘူး။ လိုအပ်လို့ ကုန်သွယ်မှုအတွက် သွင်းကြတာလို့ မြင်တယ်။ နိုင်ငံခြားကလာမယ့် ဒေါ်လာ တွေ ပေးမယ်ဆိုတဲ့ ဒေါ်လာတွေက မလာသေးဘူး။ မမြင် ရသေးဘူးလေ။ နိုင်ငံခြားကုမ္ပဏီတွေ၊ တခြား သွင်းကုန် လုပ်ငန်းကုမ္ပဏီတွေ ဒေါ်လာဝယ်ရတာရှိမယ်။ အဲဒါက တစ်စိတ်တစ်ဒေသလောက်ပဲ ဖြစ်ပါတယ်။ နောက်ပြီး ကုန်သွယ်မှုမှာ အထူးအခွင့်အရေးပေးထားတဲ့ (GSP)က အမေရိကန်ကပေးပေမယ့် ဆရာကတော့ ဥရောပသမဂ္ဂလို ဖြစ်မှာလည်းစိုးတယ်။ သူတို့က ဖွင့်ပေးလိုက်ပေမယ့် ကိုယ့်နိုင်ငံက ပစ္စည်းတွေက စံချိန်စံညွှန်းမကိုက်ဘူး။ အဲတော့ GSP ရဲ့ အခွင့်အရေးကို ခံစားဖို့ဆိုတာက အချိန် နည်းနည်းလိုဦးမယ်ထင်ပါတယ်"ဟု စီးပွားရေးပညာရှင် တစ်ဦးဖြစ်သူ ဦးခင်မောင်ညို(ဘောဂဗေဒ)က သုံးသပ်သည်။

### ကုန်စည်အရည်အသွေး

"အစိုးရအနေနဲ့ လုပ်သာကိုင်သာရှိတဲ့ ပတ်ဝန်းကျင် ကောင်းဖန်တီးပေးရေးက အစိုးရရဲ့တာဝန်ပဲ။ တကယ်တမ်း လုပ်ဆောင်တာကတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ ဖြစ်ပါ တယ်။ အစိုးရရဲ့ ပေါ်လစီတွေကိုနားလည်ပြီး အပြန်အလှန် အခက်အခဲတွေတင်ပြတာကလည်း အရေးကြီးတဲ့လုပ်ငန်း စဉ် ဖြစ်ပါတယ်။ GSP ဆိုတာထက်ကို ဆရာတို့ ကုန်သည် တွေတော်တော်များများက L/C ကို လုံးဝမသုံးနိုင်ဘူး။ အဲဒီအတွက် လူတစ်ယောက်က ၁၀၀၀ ဖိုးပို့ရင် နှစ်ထောင် ဖိုးရင်းရပါတယ်။ ဆရာတို့ရဲ့ တင်ပို့နိုင်မှုအရေအတွက် ပမာဏ အကုန်ကျပါတယ်။ အခုဟာက GSP ဖြစ်လာမယ်။ ဆန်ရှင်လွတ်သွားရင် နိုင်ငံတကာလိုဖြစ်သွားပြီး လွတ်လွတ် လပ်လပ်လုပ်နိုင်ပါတယ်။ ဒါပေမယ့် ဆရာတို့ကုန်စည် တွေရဲ့ အရည်အသွေးတွေက အဲဒီနိုင်ငံတွေကို တင်ပို့နိုင်တဲ့ အရည်အသွေးတွေ ဖြစ်ဖို့လိုပါတယ်"ဟု ဒေါက်တာ မောင်အောင်က ဆက်လက်သုံးသပ်သည်။

လက်ရှိ နိုင်ငံခြားငွေဈေးနှုန်း မြင့်တက်ရခြင်းမှာ ဈေးကွက်သဘောအရသာဖြစ်ပေါ်နေခြင်းဖြစ်ပြီး ဈေး ကစားခြင်းကြောင့်ဟု မယူဆကြောင်းလည်း ပညာရှင်များ က လတ်တလောသုံးသပ်ထားသည်။ လက်ရှိအခြေအနေ သည် ဆိုးရွားသော အခြေအနေမျိုးမဟုတ်ဘဲ ဗဟိုဘဏ်က ဝင်ရောက်ထိန်းချုပ်ရမည့် အနေအထားမဟုတ်သည့်အပြင် ဈေးကွက်ကသာ ထိန်းကျောင်းသွားမည်ဖြစ်ကြောင်း သုံးသပ်ထားကြသည်။

"လက်ရှိ ဒေါ်လာဈေး အတက်အကျက ဈေးကွက်ရဲ့ သဘောအတိုင်းဖြစ်နေတာ။ လွန်လွန်ကဲကဲတော့ မယူဆ ဘူး။ လောလောဆယ်မှာ နေရာတကာ လိုက်ပါနေစရာ တော့ မလိုဘူး။ တစ်ခါတလေ ဝင်ပါလို့ ပိုဆိုးသွားတဲ့ကိစ္စ တွေရှိတယ်။ အခုအထိကတော့ ဗဟိုဘဏ်ဝင်ပါစရာ မလိုသေးဘူး။ တကယ်လို့ သိပ်ပြီးတော့ အတက်အကျ ကြမ်းတဲ့အခါမျိုးမှာတော့ ဗဟိုဘဏ်က ရောင်းတာဝယ်တာ တို့ ဝင်လုပ်ရမှာပေါ့"ဟု ဦးခင်မောင်ညို(ဘောဂဗေဒ)က လက်ရှိဒေါ်လာဈေးမြင့်တက်လာမှုအပေါ် သုံးသပ်သည်။

ပြီးခဲ့သည့်နှစ် ယခုလိုကာလတွင် ဒေါ်လာဈေး ၁၃၀၀ အထက်တွင် ရောက်ရှိနေပြီး မြန်မာ့ရွှေဈေးမှာ လည်း ရှစ်သိန်းဝန်းကျင်တွင် တည်ရှိနေသည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ဒေါ်လာဈေး ကျပ် ၁၀၀၀ အောက်သို့ ရောက်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာလည်း ကျပ် ခုနစ်သိန်း အောက်တွင် ရှိခဲ့သည်။ ယင်းမှ ၂၀၁၅ ခုနှစ်အတွင်း ဒေါ်လာဈေးမြင့်တက်လာရာတွင် ဇွန်လ၌ ဒေါ်လာဈေး ၁၂၀၀ ဝန်းကျင်ခန့်တွင်ရှိခဲ့ပြီး ရွှေဈေးမှာလည်း ကျပ် ခုနစ် သိန်းကျော်သို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၅ ဩဂုတ်လတွင် ဒေါ်လာဈေး ၁၃၀၀ ကျော်အထိ မြင့်တက်ခဲ့ပြီး ရွှေဈေးမှာ လည်း ရှစ်သိန်းခန့်တွင် ရှိခဲ့သည်။ ယခုနှစ် နှစ်လယ်ခန့် တွင် ဒေါ်လာဈေးမှာ ကျပ် ၁၂၀၀ အောက်တွင်ရှိခဲ့ပြီး နောက် ကျပ် ၁၂၀၀ ဝန်းကျင်တွင် တည်ငြိမ်နေရာမှ ဩဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလအတွင်း တဖြည်း ဖြည်း မြင့်တက်လာခဲ့ရာတွင် စက်တင်ဘာ ၂၈ ရက်၏ ပြင်ပပေါက်ဈေးအရ ၁၂၅၅ ကျပ် ဝန်းကျင်တွင် ရှိနေပြီး ဗဟိုဘဏ်ဈေးနှုန်းအရ ၁၂၄၅ တွင်ရှိနေကြောင်း သိရ သည်။

### အများအပြား တင်သွင်းနေကြ

"ဗဟိုဘဏ်အနေနဲ့က နှုန်းရှင်ငွေလဲစနစ်ပေါ့။ ဈေးကွက်နေ့စဉ်ဖြစ်ပေါ်တဲ့ အတိုင်းပဲ ဗဟိုကသွားမှာ။ အပြင်မှာ လူတွေထင်သလို ဈေးတွေတက်သွားရင် ဗဟို ဘဏ်က ထုတ်ရောင်း၊ ဈေးတွေကျသွားရင် ဗဟိုဘဏ်က ပြန်ဝယ် ဆိုပြီးတော့ သာမန်အားဖြင့် ထင်ကြတယ်။ ဒါက ဘယ်တော့လဲဆိုတော့ သာမန်အားဖြင့် သုံးလတို့ ခြောက်လတို့ တစ်နှစ်တို့ကြာမှပေါ်တယ်။ နေ့စဉ်နဲ့အမျှ ဗဟိုဘဏ်ကဝင်ပြီးတော့ ဈေးတက်သွားပြီး လိုက်လုပ်တာ တော့ မလုပ်ဘူး။ ဈေးတွေတက်တယ်ဆိုတာက ပို့ကုန်က ဘာမှမရှိတာ။ သွင်းကုန်က တအားသွင်းတယ်။ အခုဟာက မည်သည့်သွင်းကုန်မဆို လွတ်လပ်စွာ တင်သွင်းခွင့်ရှိတယ် ဆိုတော့ နိုင်ငံမှာ အရေးတကြီးမလိုတဲ့ပစ္စည်းတွေကအစ အများအပြား တင်သွင်းနေကြတော့ ဒေါ်လာလိုအပ်ချက် များနေတာပေါ့။ ဒီဒဏ်ကိုတော့ ခံရမှာပါ။ ဈေးကွက်ကပဲ သူ့ဟာသူ ထိန်းကျောင်းသွားမယ်။ ခေါင်းကိုက်နေလို့ရှိရင် ပါရာစီတမော သောက်ရမယ်။ ဆေးသောက်ပြီးရင် နှစ်နာရီကြာမယ်။ သုံးနာရီကြာမှ သက်သာမယ်။ အဲဒီ အတွင်းမှာ မသက်သာရသေးလားဆိုပြီးတော့ အတင်းငြင်း နေလို့တော့မရဘူး။ နိုင်ငံတစ်နိုင်ငံလည်း ဒီလိုပဲ။ သုံးလ တန်သည် ခြောက်လတန်သည်ကြာမှ အကျိုးဆက်ဖြစ်လာ မယ်"ဟု နိုင်ငံတော်ဗဟိုဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ စီးပွားရေးပညာရှင်တစ်ဦးက ပြောသည်။

### ဈေးကွက်အတွင်းမှ ဝေဖန်မှုများ

လက်ရှိတွင် နိုင်ငံခြားငွေဈေးကွက်တွင် နေ့စဉ် ပေါက်ဈေးဖြင့် ပုံမှန်အရောင်းအဝယ် ပြုလုပ်လျက်ရှိ သော်လည်း အချို့သောဘဏ်များမှာ ဒေါ်လာငွေ အဝယ် သာ ဆောင်ရွက်နေပြီး အရောင်းကို ဆောင်ရွက်ခြင်းမရှိ ဟူသော ဈေးကွက်အတွင်းမှ ဝေဖန်မှုများရှိနေသည့်အပေါ် ယင်းမှာလည်း ပုံမှန်မဟုတ်သည့်သဘောဟု သတ်မှတ်နိုင် သည့်အပြင် နိုင်ငံတကာဘဏ်များ၏ စံနှုန်းအတိုင်း ဆောင်ရွက်ခြင်းလည်းဖြစ်နိုင်ကြောင်း စီးပွားရေးပညာရှင် များက သုံးသပ်သည်။

"ဘဏ်တွေကို ဒေါ်လာအရောင်းအဝယ်ကိစ္စမှာ တစ်ဖက်ကလည်း စည်းကမ်းသတ်မှတ်ထားတယ်။ ဘဏ် မှာ နိုင်ငံခြားငွေက ၃၀ ရာခိုင်နှုန်းအထိ ကိုင်တွယ်ထားလို့ရ တယ်။ ၇၀ ရာခိုင်နှုန်းကို ပြည်တွင်းငွေ ကိုင်တွယ်ထားလို့ ရတယ်။ အဲဒီအခွင့်အလမ်း ဘဏ်ကိုပေးထားတယ်။ အဲဒါ နိုင်ငံတကာစံနှုန်းပါ။ နိုင်ငံတကာဘဏ်လုပ်ငန်းအတိုင်း လိုက်နာတာပါ။ သူ့လက်ထဲမှာ နိုင်ငံခြားငွေ ၃၀ ရာခိုင်နှုန်း အထိ ကိုင်ထားခွင့်ရှိတာကို မကိုင်နဲ့ ပြန်ရောင်းဆိုပြီး အမိန့်ပေးလို့ မသင့်ဘူးပေါ့နော်။ သူကိုယ်တိုင် ဈေးကွက်မှာ ကိုင်တွယ်ထိန်းကျောင်းဖို့ပဲလိုပါတယ်"ဟု နိုင်ငံတော် ဗဟိုဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ စီးပွားရေးပညာရှင် တစ်ဦးက ပြောသည်။

လက်ရှိ တိုင်းပြည်စီးပွားရေး အခြေအနေကောင်းရန် နှင့် နိုင်ငံခြားငွေတိုးမြှင့်ရရှိစေရန်အတွက် အစိုးရမှ မူဝါဒ များ ဖော်ဆောင်လျက်ရှိပြီး ပြည်တွင်းပုဂ္ဂလိက လုပ်ငန်း ရှင်များအနေဖြင့်လည်း ကြိုးစားဆောင်ရွက်သင့်ကြောင်း ပညာရှင်များက ထောက်ပြသည်။ ဈေးကွက်သဘော တရားအရ ဈေးတက်ခြင်း၊ ကျခြင်းကို ထိန်းချုပ်ရန် မလိုအပ်ဘဲ ဈေးကွက်ကသာ ထိန်းကျောင်းသွားမည် ဖြစ်ပြီး တရားမဝင် ငွေစီးဆင်းနေမှုများကို တရားဝင် ဖြစ်လာစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက် ကာ ပြည်ပသို့ အရည်အသွေးပြည့်မီသော ကုန်စည်များ ပို့ဆောင်နိုင်ရေး၊ မလိုအပ်သော ကုန်စည်များကို

စာမျက်နှာ ၁၀ သို့ »»»




# ငလျင်ဒဏ်သင့် ပုဂံရှေးဟောင်းဘုရားစေတီများပြုပြင်ရန် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းလှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၈**

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပုဂံရှေးဟောင်းဒေသရှိ ဘုရား စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရာတွင် အသုံးပြုရန်အတွက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ငွေကျပ် ၁၃၄၅၀၀၀ ကို စက်တင်ဘာ ၂၈ ရက်က လွှတ်တော်အစည်းအဝေးခန်းမတွင် စုပေါင်းလှူဒါန်းကြသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ပုဂံရှေးဟောင်း ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ စုစုပေါင်း ၃၉၇ ခုကို ရှေးမူမပျက် စနစ်တကျ ပြန်လည်ပြုပြင်ထိန်းသိမ်းလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ တစ်ရက်တာစရိတ် ကျပ် ၁၅၀၀၀ စီကို စုပေါင်းလှူဒါန်းကြခြင်းဖြစ်သည်။ **(၀၀၂)**

»»» **စာမျက်နှာ ၉ မှ**

နိုင်ငံခြားငွေအကုန်ခံကာ တင်သွင်းခြင်းများ မပြုလုပ်ရေး၊ ပြည်တွင်းရှိ လုပ်သားအင်အားတွင် အရည်အသွေးပြည့်မီသော အလုပ်သမားများဖြစ်ပေါ်စေရေးအတွက် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံခြင်းများ ပြုလုပ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ဖက်စပ်လုပ်ငန်းများ ဝင်ရောက်လာရန် ကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးတို့လိုအပ်ကြောင်း ပညာရှင်များက သုံးသပ်သည်။

### ပြည်တွင်းမှာ ပညာရှင်တွေများများ မွေးထုတ်

"အဓိက က ကုန်သွယ်ရေး တိုးမြှင့်ရမှာပါ။ ကုန်သွယ်ရေးမတိုးတော့ မြန်မာငွေ တန်ဖိုးကျတာပေ့ါ။ ကျွန်တော်တို့ဆီက ကုန်သည်တွေက အစိုးရကိုပဲ ကြည့်နေတယ်။ သူတို့ကိုယ်တိုင် အရပ်တကာထွက်ပြီး ဝယ်ပါချမ်းပါ ပြောရမှာ။ ပြောမှ မပြောတာ။ ကုန်စည်ပြပွဲတွေလုပ်ရမယ်။ ဆန်တွေ ဘယ်လိုရောင်းမယ်။ ပဲတွေ ဘယ်လိုရောင်းမယ်။ သရက်သီးတွေ ဘယ်လိုရောင်းမယ်ဆိုတာတွေ လုပ်ရမှာ။ လယ်ယာထွက်ကုန် ကုန်စည်ပြပွဲတွေ လုပ်ရမယ်။ လုပ်သားနဲ့ ပတ်သက်တဲ့ပြပွဲတွေ ကိုယ့်လုပ်သားတွေဟာ ဘယ်လို ကျွမ်းကျင်တယ်ဆိုတာတွေ လုပ်ရမှာ။ သူဌေးတွေအနေနဲ့ကလည်း တက္ကသိုလ်တွေ၊ ကျောင်းတွေကို ပံ့ပိုးတာမရှိဘူး။ ကျောင်းတွေကို ရန်ပုံငွေ မထည့်ပေးဘူး။ လှူဒါန်းထည့်ဝင်ပြီးတော့ မြှင့်တင် အားပေးတာတွေ လုပ်ရမှာ။ ကိုယ့်ဆီက လူတွေညံ့တယ်ဆိုပြီး ဘာမှ မလုပ်ဘူး။ ပြည်တွင်းမှာ ပညာရှင်တွေများများ မွေးထုတ်ပေးရမှာ။ ပြည်ပကိုမားကတ်တင်း ဆင်းရမှာ။ နိုင်ငံတကာနဲ့ တွဲဖက်လုပ်ကိုင်လို့ရတဲ့သူတွေ များများမွေးထုတ်ရမှာ။ ဒါမှ နိုင်ငံခြားဝင်ငွေတွေ ဝင်မှာပါ" နိုင်ငံတော်ဗဟိုဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သူ စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

### ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်

လက်ရှိ ကမ္ဘာ့စီးပွားရေး အရှိန်နှေးကွေးနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တန့်နေခြင်းဖြစ်ပြီး နိုင်ငံခြားသားများအား ပြည်တွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ပါက ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမည်ဖြစ်ကာ စီးပွားရေးတိုးတက်လာနိုင်ကြောင်း၊ လက်ရှိတွင် အာရှဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေးအရ ဝင်ရောက်လာသော ရင်းနှီးမြှုပ်နှံမှုများသာ ရှိနေသေးကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ထားသည်။ အာရှဒေသတွင်းနိုင်ငံတို့မှာ နိုင်ငံရေးအရ မဟာဗျူဟာ ခြေလှမ်းလှမ်းထားခြင်းသာဖြစ်ပြီး မြန်မာနိုင်ငံထက် ရင်းနှီးမြှုပ်နှံရန် ပိုမိုကောင်းမွန်သော နိုင်ငံများရှိနေသည့်အတွက်ကြောင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်မှာ စိန်ခေါ်မှုများရှိနေကြောင်း သုံးသပ်ကြသည်။

## အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် အောင်နိုင်ရေးအလံ အပ်နှင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအရှေ့ ဗဟိုရလမ်း ဆောက်လုပ်ရေးပင်မအလုပ်ရုံ(တောင်) ခန်းမ၌ စက်တင်ဘာ ၂၇ ရက် ညနေ ၄ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်း၊ တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ခြင်းနှင့် အောင်နိုင်ရေးအလံအပ်နှင်းပွဲ ကျင်းပသည်။



ဆုချီးမြှင့်ပွဲတွင် ခေတ်ဟောင်းကာလပေါ် ပထမဆုရရှိကြသည့် ကိုခင်မောင်လတ်နှင့် မမြမြသက်၊ ဝါသနာရှင်အဆင့် ဒုတိယတန်း အမျိုးသား အကနှင့် အမျိုးသမီးအက ပထမဆုရ ကိုအောင်မျိုးနှင့် မဆောင်းနှင်းဆီ၊ ဇာတိမာန်တေးသီချင်းဖြင့် အမျိုးသား၊ အမျိုးသမီး ပထမဆုရ ကိုဟန်ဝင်းအောင်နှင့် မခင်ဘုန်းပွင့်စံတို့ အပါအဝင် ဆုရရှိကြသူ ၆၈ ဦးအား ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ခရိုင်အတွင်း မြို့နယ် ရှစ်မြို့နယ်မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ လှိုင်သာယာမြို့နယ်အား ပထမတံခွန်စိုက် ဒိုင်းဆုနှင့် အောင်နိုင်ရေးအလံတို့ကို ခရိုင်အဆင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပေးအပ်ချီးမြှင့် လွှဲပြောင်းအပ်နှင်းကာ ဆုရရှိကြသူများက သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **(၆၈၄)**

### ❍ ကျောဖုံးမှ

ပထမ မင်းဝဋ္ဌာခန့် (ကယား)၊ ဒုတိယ သူရကိုကို (မန္တလေး)၊ တတိယ ဟိန်းပြည့်စုံ (ရန်ကုန်)တို့က လည်းကောင်း၊ ထိုက်ကျိုကျန့် အကြီးတန်းအမျိုးသား ပြိုင်ပွဲတွင် ပထမ စွမ်းရည်ထက်နိုင် (ရန်ကုန်)၊ ဒုတိယ ဟိန်းထက်လင်း (ကယား)၊ တတိယ ခန့်မင်းထက် (မကွေး)တို့ကလည်းကောင်း၊ ထိုက်ကျိုကျန့် အကြီးတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ မြတ်နိုးအိမ် (မန္တလေး)၊ ဒုတိယ ထက်ထက်လှိုင် (စစ်ကိုင်း)၊ တတိယ ဝင့်ဝင့်ထွန်း (ဧရာဝတီ)တို့ကလည်းကောင်း၊ ကျန့်စုအကြီးတန်းအမျိုးသားပြိုင်ပွဲတွင် ပထမ အောင်ခန့်ငြားဗိုလ် (ရန်ကုန်)၊ ဒုတိယ မင်းခန့်ဇော် (ရခိုင်)၊ တတိယ မင်းမင်းအေး (မန္တလေး)တို့က လည်းကောင်း၊ အသက် (၁၂)နှစ်အောက် အမျိုးသမီး ကျန့်စုပြိုင်ပွဲတွင် ပထမ ဖြိုးသိင်္ဂီ (ကယား)၊ ဒုတိယ ကြည်ဖြူခင်(ရှမ်း)၊ တတိယ မေသံစဉ်နှောင်း (မန္တလေး)တို့ကလည်းကောင်း၊ ကျန့်စုအကြီးတန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ နှင်းသီရိမောင် (မန္တလေး)၊ ဒုတိယ သုပန်ထွာ (ကချင်)၊ တတိယ သက်သက်စိုးမိုး (ရှမ်း)တို့က လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

အသက် (၁၂)နှစ်အောက် အမျိုးသား သောင်းစုပြိုင်ပွဲတွင် ပထမ ကောင်းခန့်သူ (ရန်ကုန်)၊ ဒုတိယ ထက်စိုးနိုင် (မန္တလေး)၊ တတိယ သျှမ်းထက်သာ (ကယား)တို့က လည်းကောင်း၊ သောင်းစုအကြီးတန်းအမျိုးသားပြိုင်ပွဲတွင် ပထမ မျိုးမင်းကြီး (ရန်ကုန်)၊ ဒုတိယ သူရထွန်း (မန္တလေး)၊ တတိယ ကောင်းထက် (မန္တလေး)တို့က လည်းကောင်း၊ အသက် (၁၂)နှစ်အောက် အမျိုးသမီး သောင်းစုပြိုင်ပွဲတွင် ပထမ နှင်းစုလွင် (မန္တလေး)၊ ဒုတိယ မြတ်သင်းနွယ် (ရန်ကုန်)၊ တတိယ မြတ်နေခြည်လှိုင် (ရခိုင်)တို့ကလည်းကောင်း၊ သောင်းစုအကြီးတန်းအမျိုးသမီးပြိုင်ပွဲတွင် ပထမ ခိုင်ဇင်သက် (မန္တလေး)၊ ဒုတိယ အိရတနာအောင် (ချင်း)၊ တတိယ သူဇာထွန်း (ရှမ်း) တို့ကလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

အသက် (၁၂)နှစ်အောက် အမျိုးသား ကွန့်စုပြိုင်ပွဲတွင် ပထမ ကောင်းခန့်သူ (ရန်ကုန်)၊ ဒုတိယ ထက်စိုးနိုင် (မန္တလေး)၊ တတိယ စောသွီသော ထူးကျော် (ဧရာဝတီ)တို့ကလည်းကောင်း၊ ကွန့်စုအကြီးတန်းအမျိုးသားပြိုင်ပွဲတွင် ပထမ သူရထွန်း (မန္တလေး)၊ ဒုတိယ မျိုးမင်းကြီး (ရန်ကုန်)၊ တတိယ ကောင်းထက်(မန္တလေး) တို့က လည်းကောင်း၊ အသက် (၁၂) နှစ်အောက် အမျိုးသမီး ကွန့်စုပြိုင်ပွဲတွင် ပထမ မြတ်သင်းနွယ် (ရန်ကုန်)၊ ဒုတိယ နှင်းစုလွင် (မန္တလေး)၊ တတိယ ဟန်စုနွေး (ကချင်)တို့က လည်းကောင်း၊ ကွန့်စုအကြီးတန်း အမျိုးသမီးပြိုင်ပွဲတွင် ပထမ ခိုင်ဇင်သက် (မန္တလေး)၊ ဒုတိယ အိရတနာအောင် (ချင်း)၊ တတိယ သူဇာထွန်း (ရှမ်း) တို့က လည်းကောင်း ဆွတ်ခူး ရရှိခဲ့သည်။

ထို့နောက် ဝူရှူးအားကစား ဆန်းဆိုပွဲစဉ်များ အဖြစ် အမျိုးသမီး (၄၅)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (၄၈)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (၅၂)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (၅၆)ကီလိုပြိုင်ပွဲ၊ အမျိုးသမီး (၆၀) ကီလိုပြိုင်ပွဲ၊ အမျိုးသား (၅၆) ကီလိုပြိုင်ပွဲ၊ အမျိုးသား (၆၀)ကီလိုပြိုင်ပွဲ၊ အမျိုးသား (၆၅) ကီလိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

### ❍ ချင်းတွင်းမြစ်မှ

မည်းမည်းအမှုန် အနည်အနှစ်များဖြစ်သည့် ဂရက်ဖိုက် (Graphite)ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

"နန့်စလိန်ချောင်းအတွင်း ကောက်ယူသော နမူနာများ၊ မည်းမည်းအမှုန် အနည်အနှစ်တွေက (Graphite)တွေပါ။ နန့်စလိန်ချောင်းတစ်လျှောက်ရဲ့ ဘူမိဗေဒမှာ နာဂအသွင်ပြောင်းကျောက်များ အဓိက ဖုံးလွှမ်းလျက်ရှိတာကို တွေ့ရပါတယ်။ ဂရက်ဖိုက်တွေဟာ ကျောက်လွှာကြားမှာ အလွှာပါးဖြစ်နိုင်ပြီး မိုးသည်းထန်စွာ ရွာသွန်းတဲ့အခါမှာ အလွှာကြားရေစိမ့်ဝင်ပြီး ပြိုကျ ပျော်ဆင်းတဲ့အတွက် ရေမည်းများ ချောင်းအတွင်းကို စီးဝင်တာပါ"ဟု ဘူမိဗေဒပညာရှင် ဦးအောင်ကြင်က ပြောသည်။

အခမ်းအနားတွင် ရေမည်းလေ့လာရေးအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စာရင်းစစ်ချုပ် ဦးစိုးလွင်က လေ့လာရေးခရီးစဉ်အသေးစိတ်ကို ရှင်းလင်း ပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ရေမည်းများစီးဆင်းမှုနှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် အမြင်ရှုထောင့်မှလည်းကောင်း၊ ဘူမိဗေဒပညာရှင်ဦးအောင်ကြင်က ဘူမိဗေဒပညာရှုထောင့်မှလည်းကောင်း အသီးသီးရှင်းလင်းပြောကြားပြီး အခမ်းအနားသို့တက် ရောက်လာသော မုံရွာအခြေစိုက်မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေသည် ဩဂုတ် ၂၂ ရက်တွင် ခန္တီးမြို့အနီး၊ ၂၄ ရက်တွင် ဟုမ္မလင်း၊ ၂၆ ရက်တွင် မော်လိုက်၊ ၂၇ ရက်တွင် ကလေးဝမြို့၊ ၂၈ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် မင်းကင်းမြို့နယ်နှင့် မွန်းတည့် ၁၂ နာရီတွင် ကနီမြို့နယ်နှင့် ကင်းရွာအနီးမှ ဖြတ်သန်းစီးဆင်း ခဲ့ပြီး စက်တင်ဘာ ၂ ရက်တွင် ကနီမြို့နယ်နှင့် မင်းကင်းမြို့ နယ်အကြား မောက္ကတော်ကျေးရွာအနီးတွင် အမည်းရောင်များ ပျက်ပြယ်သွားကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)၊ မျိုးဝင်းထွန်း(မုံရွာ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုနှင့်အတူ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သော မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် သတင်းရဲတပ်ဖွဲ့ အမှတ်(၅) တပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီး ဝင်းမြင့်နှင့် အမှတ်(၅/၁)ဒုတပ်ဖွဲ့ခွဲမှ ရဲမှူးအေးလွင် ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ မွန်ပြည်နယ် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ဇင်၊ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသန်းထိုက်တို့က သွေးစစ်၊ သွေးဖောက်၊ သွေးများလက်ခံရယူခဲ့ပြီး ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် သွေးလှူဒါန်းသည့် သတင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအား ဒုတိယရဲမှူးကြီး ဝင်းမြင့်နှင့် ရဲမှူးအေးလွင်တို့က ဒုတပ်ဖွဲ့ခွဲမှူးရုံး၌ အစားအသောက်နှင့် ဆေးဝါးများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **(၃၀၇)**

### ❂ မြန်မာသဲသောင်ပြင်မှ

မြန်မာအမျိုးသမီးအသင်းသည် အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လေးသင်းကို ပတ်လည်စနစ်ဖြင့် ကစားစေကာ အဆင့်ရပ်တည်မှုအပေါ် မူတည်၍ ဆုတံဆိပ်ချီးမြှင့်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် တရုတ်အသင်းကို နှစ်ပွဲပြတ် အနိုင်ရခဲ့သော်လည်း ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ကို ရှုံးနိမ့်သောကြောင့် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် ကြေးဆုသာရရှိခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းက သုံးပွဲလုံး အနိုင်ရကာ ရွှေတံဆိပ်ဆုရခဲ့ပြီး ဗီယက်နမ်က နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် ငွေတံဆိပ်ဆု ရရှိခဲ့သည်။

အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ဘရူနိုင်းကို နှစ်ပွဲပြတ်၊ အင်ဒိုနီးရှားကို နှစ်ပွဲပြတ်၊ နီပေါကို နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စုပွဲများအပြီး အုပ်စု(က)တွင် ထိုင်းက ပထမ၊ လာအိုက ဒုတိယ၊ အုပ်စု(ခ)တွင် မြန်မာက ပထမ၊ အင်ဒိုနီးရှားက ဒုတိယဖြင့် တက်ရောက်ခဲ့ပြီး ဆီမီးပွဲများအဖြစ် မြန်မာနှင့် လာအို၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီမီးနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

# မြန်မာ-စင်ကာပူ သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စင်ကာပူပွဲတော်ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၈**
မြန်မာ-စင်ကာပူ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေး စင်ကာပူပွဲတော်ကို အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (The Singapore Tourism Board- STB) က ကြီးမှူး၍ ရန်ကုန်မြို့ ကမ္ဘာ့အေးဘုရားလမ်းပေါ်ရှိ မြန်မာပလာဇာ၌ ကျင်းပသွားမည်ဖြစ်သည်။

"စင်ကာပူနိုင်ငံဟာ မြန်မာခရီးသွားဧည့်သည်တွေ နှစ်စဉ်လာရောက်လည်ပတ်မှု အများဆုံးနိုင်ငံတွေထဲက နိုင်ငံတစ်ခုဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်ထိဆိုရင် မြန်မာခရီးသွားဧည့်သည်သုံးရာခိုင်နှုန်းစီ နှစ်စဉ်တိုးတက်ခဲ့ပါတယ်။ မနှစ်က ဆိုရင် မြန်မာခရီးသွားဧည့်သည် ၁၀၅၄၅၂ ဦးထိ ရောက်ရှိခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းနဲ့ ဝင်ရောက်မှုကတော့ ၁၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်"ဟု စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ထိုင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာ Ms.Sherleen Seah က ပြောကြားသည်။

မြန်မာ-စင်ကာပူ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စင်ကာပူပွဲတော်သို့ လာရောက်လေ့လာသူများအနေဖြင့် စင်ကာပူနိုင်ငံ၏ အထင်ကရနေရာများ၊ နာမည်ကြီးအစားအသောက်များ၊ ကစားနည်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုခံစားနိုင်မည်ဖြစ်ပြီး စင်ကာပူခရီးသွားလုပ်ငန်းမှ ပြုလုပ်သော ပဟေဠိအစီအစဉ်များကို ဝင်ရောက်ယှဉ်ပြိုင်ကာ အဖြေမှန်သူ သုံးဦးကို ရွေးချယ်၍ မိသားစုဝင် (သို့) သူငယ်ချင်းနှစ်ဦးကို စင်ကာပူသို့ ဒီဇင်ဘာ ၁ ရက်တွင် စရိတ်ငြိမ်းခေါ်ဆောင်နိုင်မည့် အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ မြန်မာခရီးသွားများအနေဖြင့် ရက် ၃၀ ခန့် နေထိုင်ခွင့် ဗီဇာကင်းလွတ်ခွင့်ရရှိမည့်နှစ်တစ်နှစ်ဖြစ်ပြီး ခရီးသွားပွဲတော်ကာလအတွင်း လာရောက်လေ့လာသူများအား မြန်မာခရီးသွားအေဂျင်စီ ကိုးခု၊ နိုင်ငံတကာလေကြောင်းလိုင်း သုံးခုနှင့် စင်ကာပူမှ အထင်ကရနေရာ နှစ်ခုတို့ကလည်း ပရိုမိုးရှင်းအစီအစဉ်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ကျော်ဦး)**

# မကွေးတိုင်းဒေသကြီးလူငယ်ဖိုရမ် ကံမမြို့၌ကျင်းပ



**ကံမ စက်တင်ဘာ ၂၈**
မကွေးတိုင်းဒေသကြီးလူငယ်ဖိုရမ်ကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက သရက်ခရိုင် ကံမမြို့ ယွန်းကျောင်းပရိယတ္တိစာသင်တိုက်ခန်းမဆောင်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသော ဦးဇော်မင်း၊ ဦးတင်နွယ်ဦးတို့က အဖွင့်အမှာစကားပြောကြားသည်။

မကွေးတိုင်းဒေသကြီး လူငယ်ဖိုရမ်ကို စက်တင်ဘာ ၂၅ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။ ယင်းဖိုရမ်တွင် တိုင်း ဒေသကြီး လူငယ်ကွန်ရက်က ဆောင်ရွက်ကာဆောင်ရွက်ဆဲ လုပ်ငန်းများကို သုံးသပ်ဆွေးနွေးခြင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် လူငယ်ရေးရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေးဆွဲအတည်ပြုခြင်း၊ လက်ရှိဒေသတွင်း မြို့နယ်အသီးသီးရှိ လူငယ်ကွန်ရက်များမှ ရေးဆွဲထားသော လူငယ်မူဝါဒကို ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီးအစိုးရထံသို့ တင်ပြနိုင်ရန် ဒေသတွင်းလူငယ်အသံနှင့် ဆန္ဒများကို အပြီးသတ်အတည်ပြုရေးဆွဲနိုင်ရေးစသည့်လုပ်ငန်းများကို စုပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ခတ္တ)**

# လယ်ယာမြေများနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအား ဆင့်ပွားပို့ချ

**ရန်ကုန် စက်တင်ဘာ ၂၈**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရွှေမှော်ဝန်းခန်းမ၌ ရပ်ကွက်/ကျေးရွာ လယ်ယာမြေများနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအား ဆင့်ပွားပို့ချမှုကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခန့်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ သိမ်းဆည်းခံရမှုများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်က လယ်ယာမြေဥပဒေများနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်မူက လိုအပ်ချက်များကို ထပ်မံဆွေးနွေး၍ ပြည်သူများနှင့် သော်လည်းကောင်း၊ ဌာနဆိုင်ရာများနှင့် သော်လည်းကောင်း လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အသီးသီးပြောကြားခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ဦးက လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ တိုင်းဒေသကြီး(၂) လွှတ်တော် ကိုယ်စားလှယ် ဒေါ်သက်သက်မူ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ဦးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ စုစုပေါင်း ၂၃၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စွန်ရဲ(လှိုင်သာယာ)**

# အထွေထွေရောဂါကု ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းဆောင်ရွက်

**ကျောက်ဆည် စက်တင်ဘာ ၂၈** ။ ။ (၅၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်များ၊ အမှိုက်များကို စက်တင်ဘာ ၂၄ ရက်နံနက် ၇ နာရီတွင် ခရိုင်ရဲမှူး ဒုရဲမှူးကြီးမင်းနောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းတို့ ဦးဆောင်ပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှ အမှုထမ်းအရာထမ်း ၃၅ ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှ အမှုထမ်းအရာထမ်း ၄၅ ဦးတို့က ဓား၊ တူရွင်း၊ ပေါက်ပြားကိုယ်စီဖြင့် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြပြီး အမှိုက်များစွန့်ပစ်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းကားဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်(ရွှေဈေး) ၈၈၄၅၀၀ - ၈၈၅၅၀၀ မန္တလေး(ရွှေဈေး) ၈၈၄၅၀၀ - ၈၈၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၅၉၀/၆၀၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၇၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၃၀/၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၁၇ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၄၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၉၆. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆. ၆၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၉၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁. ၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၇၄၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၈. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၀၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၄. ၈၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၅. ၅၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**ဂီတာအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ကြုံကြုံဖန်ဖန် (ယိုးဒယား)
(ခ) အောင်မင်္ဂလာ (ယိုးဒယား)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ပုံပမာ (ကြိုး)
(င) မြမြမောင်းမောင်း (ပတ်ပျိုး)
(စ) သာဆန်းရဂုံဇွေ (ပတ်ပျိုး)
(ဆ) အမင်းမင်းခရ (သီချင်းခံ)
(ဇ) မန္တလာဘုံ (ဘွဲ့)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) စန္ဒကိန္နရီ (ကာလပေါ်)(ဒေါ်လှရွှေ)
(ဂ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) နန်းဘုံသီဟာဇွေ (ယိုးဒယား)
(ခ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ရတုဘုရင် (ကာလပေါ်)(မောင်မောင်ညွှန့်)
(ခ) ကန္တာလေတောခြေ (ယိုးဒယား)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) မှန်ရဝေ (ပတ်ပျိုး)
(ဂ) စပယ် (ကာလပေါ်)(မောင်မောင်ညွှန့်)

ဆက်လက်ဖော်ပြပါမည်။

# မူးခင်းကြိုတင်ကာကွယ်ရေးပြခန်းယာဉ် ကျိုက်ထိုမြို့၌ ပြသ

**ကျိုက်ထို စက်တင်ဘာ ၂၈**
မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ရေးတို့အတွက် အသိပညာပေးဆောင်ရွက်ရန် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ဦးဆောင်လမ်းညွှန်မှုဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နန္ဒဝင်း စီစဉ်ဆောင်ရွက်ခဲ့သော မူးခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးပြခန်းယာဉ်သည် ဒုတိယ အကြိမ်အဖြစ် စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ကျိုက်ထိုမြို့သို့ ရောက်ရှိရာ ကျိုက်ထိုမြို့နယ်(ခေတ္တ)ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး သံမရောင်းနှင့် မြို့မရဲစခန်းမှူး ဒု-ရဲမှူး ကျော်လင်းဦးဆောင်သော တပ်ဖွဲ့ဝင်များလိုက်ပါ၍ နယ်မြေခံတပ်မ(၄၄)နှင့် တပ်ရင်းတပ်ဖွဲ့များတွင် အသိပညာပေးလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့သည်။

စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် ကျိုက်ပိကျေးရွာနှင့် မုက္ခမူကျေးရွာရှိ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများကို မူးခင်းကျဆင်းရေးကို သိရှိနားလည်စေရန် ယာဉ်ပေါ်တွင် ပြသထားသည့်ဓာတ်ပုံ မှတ်တမ်းများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ကျိုက်မရော စက်တင်ဘာ ၂၈**
(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်း ဦးစီးသော အရာရှိ၊ အရာခံ၊ တပ်ကြပ်၊ တပ်သားများ၊ မိသားစုများ စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်း၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးနှင့်အဖွဲ့က လာရောက်အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မြို့နယ်ရဲတပ်ဖွဲ့)**

# သရုပ်ဆောင် ဒွေး အကယ်ဒမီဆွတ်ခူးခဲ့သည့် အမေ့ခြေရာ ရုပ်ရှင်ဇာတ်ကားကြီးကို အနဂ္ဂုဏ်ဖြာ – အမေ့ခြေရာအဖြစ် ပြန်လည်ဆန်းသစ်မည်



**ရန်ကုန် စက်တင်ဘာ ၂၈**

၁၉၉၇ခုနှစ်၏ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ဆွတ်ခူးခဲ့သည့် ရုပ်ရှင်သရုပ်ဆောင်ဒွေး ပါဝင်သရုပ်ဆောင်ထားသည့် 'အမေ့ခြေရာ' ရုပ်ရှင်ဇာတ်ကားကြီးကို ပြန်လည်ဆန်းသစ်မည့် အနဂ္ဂုဏ်ဖြာ-အမေ့ခြေရာ ရုပ်ရှင်ဇာတ်ကားကြီးကို ရွှေရတနာရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ အောက်တိုဘာ ၆ ရက်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွန်းက ရိုက်ကူးမည်ဖြစ်ပြီး အဓိကသရုပ်ဆောင်များအဖြစ် အားသစ်၊ ဇွဲနိုင်ဝင်း၊ ထွန်းအိန္ဒြာဗို၊ ပိုင်ဖြိုးသု၊ နဒီဝင့်နိုင်နှင့် သရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးပုံဖော်သွားမည်ဖြစ်သည်။

ယခင် 'အမေ့ခြေရာ' ရုပ်ရှင်ဇာတ်ကားတွင် သားအကြီးဆုံး၏ အခန်းကဏ္ဍကို အသားပေးပုံဖော်ခဲ့သော်လည်း ယခု 'အနဂ္ဂုဏ်ဖြာ-အမေ့ခြေရာ'ရုပ်ရှင်ဇာတ်ကားတွင် သားအငယ်ဆုံး၏ အခန်းကဏ္ဍကို အဓိကထား၍ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သားအကြီးဆုံးနေရာတွင် ပါဝင်ပုံဖော်မည့် သရုပ်ဆောင် ဇွဲနိုင်ဝင်းက ပြောသည်။



"ကျွန်တော် ပါဝင်သရုပ်ဆောင်ရမယ့်နေရာက အစ်ကိုအကြီးဆုံး ကိုသားကြီးနေရာပါ။ ကိုသားကြီးကိုတော့ ဘယ်လိုမှမမီပါဘူး။ အဲဒီအတွက်လည်း နားလည်ခံစားအားပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံတောင်းဆိုပါတယ်။ ကျွန်တော်တတ်နိုင်သလောက်ထက် ပိုပြီးအကောင်းဆုံးဖြစ်အောင် ပေးဆပ်ပါ့မယ်လို့လည်း ကတိသစ္စာပြုပါတယ်။ အခုလို ရိုက်ခွင့်ရတဲ့အတွက်လည်း အားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အစ်ကို့ကားကို ပြန်ရိုက်တာ အစ်ကို့နေရာကနေ ကျွန်တော်ပါဝင်ခွင့်ရတာနဲ့တင် သေလို့ရပြီ"ဟု သရုပ်ဆောင်ဇွဲနိုင်ဝင်းက ဝမ်းသာပီတိစကား ဆိုသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကို ယခင်က ဒွေး၊ ချိုပြုံး၊ မေသန်းနု၊ မင်းသူ၊ ဟန်နီထွန်းတို့ ပါဝင်သရုပ်ဆောင်ခဲ့ကြပြီး ယခု အနဂ္ဂုဏ်ဖြာ-အမေ့ခြေရာ ဇာတ်ကားတွင် အမေအဖြစ် ထွန်းအိန္ဒြာဗို၊ သားကြီးအဖြစ် ဇွဲနိုင်ဝင်း၊ သမီးလတ်အဖြစ် နဒီဝင့်နိုင်၊ သားငယ်အဖြစ် အားသစ်၊ သားငယ်၏ချစ်သူအဖြစ် ပိုင်ဖြိုးသုတို့က ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

**မို့မို့(ကြေးမုံ)**

◆◆



# ဂီတလှုပ်ရှားမှုသစ်များဖြင့် အသစ်တစ်ဖန် ပြန်လည်နိုးထလာတော့မည့် IOI

တောင်ကိုရီးယားအမျိုးသမီးကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် IOI က ၎င်းတို့အဖွဲ့၏ ဂီတလှုပ်ရှားမှုသစ်များဖြင့် အသစ်တစ်ဖန် ပြန်လည်နိုးထလာတော့မည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

CJ E&M အေဂျင်စီ၏ ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် IOI သည် အဖွဲ့ဝင်အားလုံး စုံညီစွာ ပါဝင်တင်ဆက်မည့် အယ်လ်ဘမ်သစ်ကို အောက်တိုဘာ ၁၇ ရက်တွင် ဖြန့်ချိမည်ဖြစ်ပြီး အခြားသော အနုပညာလှုပ်ရှားမှုများကိုမူ ဆွေးနွေးဆဲဖြစ်ကြောင်း သိရသည်။

"ဖျော်ဖြေပွဲကြီးတွေအတွက်ကတော့ လက်ရှိမှာ သက်ဆိုင်တဲ့သူတွေနဲ့ ဆွေးနွေးဆဲဖြစ်ပါတယ်။ လောလောဆယ်တော့ အယ်လ်ဘမ်သစ်ထွက်မယ့်ရက်ကိုပဲ အတည်ပြုပေးနိုင်ပါသေးတယ်။ ဖျော်ဖြေပွဲတွေအတွက်ကတော့ ရက်အတိအကျမပြောနိုင်သေးပါဘူး။ ဆွေးနွေးဆဲပါ"ဟု YMC အင်န်တာတိန်းမန့်မှ တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၈ ရက်က ပြောကြားခြင်းဖြစ်သည်။

အဖွဲ့တွင် စုစုပေါင်း အဖွဲ့ဝင် ၁၁ ဦးပါဝင်ပြီး ယခုနှစ် မေလအတွင်းက မီနီအယ်လ်ဘမ်တစ်ခုဖြင့် ကေပေါ့ပ်လောကသို့ စတင်ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

# Big Bang အဖွဲ့၏ အနုပညာလှုပ်ရှားမှုများအကြောင်းရိုက်ကူးထားသည့် Big Bang Madeဇာတ်ကား မင်္ဂလာ (၂) ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည်

မြန်မာရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ကေပေါ့ပ်လောကမှ ရုပ်ရှင်လောကသို့တိုင် ဝင်ရောက်နေရာယူနိုင်လောက်အောင် ပရိသတ်အခိုင်အမာအားပေးမှုရရှိခဲ့သော တောင်ကိုရီးယားအမျိုးသားကေပေါ့ပ်အဖွဲ့ Big Bang ၏ တေးဂီတဇာတ်ကားတစ်ကားကို ယခုတစ်ပတ်တွင် ကြည့်ရှုကြရမည်ဖြစ်သည်။




Big Bang Made ဟု အမည်ပေးထားသည့် ယင်းဇာတ်ကားတွင် Big Bang ၏ အဖွဲ့ဝင်များအားလုံး စုံညီစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။

Big Bang Made သည် အချိန် ၂ နာရီနီးပါးခန့်ကြာမြင့်သည့် မှတ်တမ်းရုပ်ရှင်တစ်ကားဖြစ်ပြီး Big Bang အဖွဲ့အနေဖြင့် ကမ္ဘာလှည့် ဖျော်ဖြေပွဲများ စတင်ပြင်ဆင်ချိန်မှစပြီး နိုင်ငံ ၁၃ နိုင်ငံနှင့် မြို့တော် ၃၂ မြို့တို့တွင် Big Bang အဖွဲ့၏ စင်မြင့် ဖျော်ဖြေပွဲများအတွက် ပြင်ဆင်ပုံများအပြင် အားလပ်ချိန်များတွင် ၎င်းတို့၏ ပင်ကိုသဘာဝအတိုင်း နေထိုင်သွားလာလှုပ်ရှားပုံများနှင့် ပရိသတ်ထောင်သောင်းများစွာကို ဆွဲဆောင်နိုင်ခဲ့သည့် သီချင်းများ၊ အကများကို ကြိုတင်ပြင်ဆင်ကြပုံကို ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားကို လာမည့် သောကြာနေ့တွင် မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း အဆင့်မြင့်ရုပ်ရှင်ရုံတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်



# အမ်တီဗွီဥရောပတေးဂီတဆုပေးပွဲ၏ ဆန်ခါတင်စာရင်းတွင် ဘီယွန်စေး၊ အဒဲလ်နှင့် ဘီဘာတို့ ဆုအများဆုံးဖြင့် ဦးဆောင်

MTV Networks Europe မှ ကြီးမှူးကျင်းပပြီး ဂီတပညာရှင်များကို ဂုဏ်ပြုဆုများချီးမြှင့်သည့် ဆုပေးပွဲတစ်ခုဖြစ်သည့် အမ်တီဗွီဥရောပတေးဂီတဆုပေးပွဲ၏ ဆန်ခါတင်ဆုရှင်များစာရင်းတွင် တေးသံရှင် ဘီယွန်စေးနှင့် ဂျက်စတင်ဘီဘာတို့က ဆန်ခါတင်ဆုအများဆုံးဖြင့် ရပ်တည်နေကြောင်း သိရသည်။

ဘီယွန်စေးသည် ယခုနှစ်အတွင်းထွက်ရှိခဲ့သည့် ဆဋ္ဌမမြောက်စတူဒီယိုအယ်လ်ဘမ် Lemonade မှ Title သီချင်းဖြစ်သည့် Formation ဖြင့်အဆိုပါဆုပေးပွဲ၏ အဓိကဆုများဖြစ်သည့် Best Video ဆု Best Female, Best Live, Biggest Fans နှင့် Best Local Act (United States) စသည့် ဆုများတွင် ဆန်ခါတင်အရွေးခံခဲ့ထားရခြင်းဖြစ်သည်။

ထို့အပြင် ကနေဒါတေးသံရှင် ဂျက်စတင်ဘီဘာကလည်း Sorry သီချင်းဖြင့် Best Song ဆုအပါအဝင် Best Male, Best Pop, Biggest Fans နှင့် Best Local Act (Canada) ဆုတို့အတွက် လျာထားခံခဲ့ရခြင်းလည်းဖြစ်သည်။ အလားတူ ဗြိတိန်အဆိုတော် အဒဲလ်ကလည်း Hello သီချင်းဖြင့် ဆန်ခါတင်ဆု လေးဆုကိုလည်းကောင်း၊ ဗြိတိန်ရော့ခ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Coldplay က Best Live နှင့် Best Rock ဆု အပါအဝင် ဆန်ခါတင်ဆုလေးဆုကိုလည်းကောင်း လျာထားခံထားရကြောင်း သိရသည်။

လာမည့် နိုဝင်ဘာလဆန်းတွင် နယ်သာလန်နိုင်ငံ၌ ကျင်းပမည့် အဆိုပါဆုပေးပွဲအခမ်းအနားသည် နယ်သာလန်နိုင်ငံ၌ တတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားအစီအစဉ်များကို ၁၉၉၇ ခုနှစ်က အခမ်းအနားအစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# အင်္ဂလန်အသင်းကို တစ်ပွဲသာကိုင်တွယ်ရသေးသည့် ဆမ်အလာဒိုက်စ် နည်းပြရာထူးမှ နုတ်ထွက်




အင်္ဂလန်နည်းပြ ဆမ်အလာဒိုက်စ်သည် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)နှင့် နှစ်ဖက်သဘောတူညီချက်ရရှိပြီးနောက် ၆၇ ရက်သာသက်တမ်းရှိသေးသည့် အင်္ဂလန်နည်းပြရာထူးမှ နုတ်ထွက်သွားခဲ့ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဆမ်အလာဒိုက်စ်သည် အက်ဖ်အေဥက္ကဋ္ဌ ကလာ့ခ်နှင့် အမှုဆောင်အရာရှိချုပ် ဂလင်းတို့နှစ်ဦးနှင့် စက်တင်ဘာ ၂၇ ရက်တွင် တွေ့ဆုံဆွေးနွေးမှုပြုခဲ့ပြီးနောက် အင်္ဂလန်နည်းပြရာထူးကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အလာဒိုက်စ်မှာ သူ၏ လက်ရှိ ရာထူးနေရာကို အသုံးချ၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အတွက် ပေါင် ၄၀၀၀၀၀ ရယူရန် သဘောတူညီခဲ့ခြင်းအပါအဝင် ကစားသမားအပြောင်းအရွှေ့ကိစ္စရပ်များတွင် အက်ဖ်အေမှ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများကို မည်သို့ရှောင်လွှဲဆောင်ရွက်ရမည်ဆိုသည့် အကြံပေးချက်များ ပြုလုပ်ခဲ့သည့် ဗီဒီယိုမှတ်တမ်းထွက်ပေါ်လာပြီးနောက် ယခုကဲ့သို့ အင်္ဂလန်နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ရခြင်းဖြစ်သည်။ ယင်းမှတ်တမ်းကို ဒေးလီးတယ်လီဂရပ်သတင်းဌာနက အက်ဖ်အေသို့ စက်တင်ဘာ ၂၇ ရက်တွင် ပေးပို့ခဲ့ပြီးနောက် အက်ဖ်အေက ဆမ်အလာဒိုက်စ်ကို ခေါ်ယူစစ်ဆေးခဲ့ရာ ယခုကဲ့သို့ အပြောင်းအလဲများ အလျင်အမြန်ပေါ်ပေါက်လာခြင်းဖြစ်သည်။

"သူ(ဆမ်အလာဒိုက်စ်)က ဘယ်လိုအမှားတွေ လုပ်ခဲ့တယ်ဆိုတာ သူ့ကိုယ်သူ ရှင်းရှင်းလင်းလင်းသိပါတယ်။ ပြီးတော့ ဒီအမှားနဲ့ ပတ်သက်ပြီးတော့လည်း အက်ဖ်အေ တာဝန်ရှိသူတွေကိုလည်း တောင်းပန်မှုပြုခဲ့ပါတယ်"ဟု အက်ဖ်အေမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆမ်အလာဒိုက်စ်သည် အင်္ဂလန်နည်းပြအဖြစ် ပြီးခဲ့သည့် ဇူလိုင်လက ခန့်အပ်ခံရသူဖြစ်ပြီး သူ၏ အသက်အရွယ်နှင့် အတွေ့အကြုံက အင်္ဂလန်နည်းပြအဖြစ် ဆောင်ရွက်ရန် အသင့်လျော်ဆုံးဟု ဆိုခဲ့သူဖြစ်သော်လည်း နှစ်လကျော်အချိန်အတွင်းမှာပင် သူနှစ်ပေါင်းများစွာ တောင့်တခဲ့သည့် ရာထူးကို စွန့်လွှတ်ခဲ့ရပြီဖြစ်သည်။

**ဆမ်အလာဒိုက်စ် ဘာတွေလုပ်ခဲ့သလဲ**

ဆမ်အလာဒိုက်စ်သည် ၎င်းအနေဖြင့် အင်္ဂလန်အသင်းနှင့် ပထမဦးဆုံး လေ့ကျင့်ရေးအစီအစဉ် မပြုလုပ်ရသေးမီ ဩဂုတ်လဆန်းပိုင်းမှာပင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်ဟု ဒေးလီးတယ်လီဂရပ်က ဗီဒီယိုမှတ်တမ်းအထောက်အထားများနှင့် အခိုင်အမာဖော်ပြသည်။ ယင်းတွေ့ဆုံမှုတွင် အလာဒိုက်စ်က ကစားသမားများ၏ တတိယပိုင်ဆိုင်သူအဖွဲ့အစည်း(ကစားသမားများ၏ စီးပွားရေး မူပိုင်ခွင့်မှရရှိသည့် အကျိုးအမြတ်အတွက် ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းစု) စည်းမျဉ်းများနှင့် ပတ်သက်၍ စိုးရိမ်စရာမလိုကြောင်းနှင့် ကစားသမားအတော်များများ၏ ကိုယ်စားလှယ်များနှင့် မည်သို့မည်ပုံ ဆောင်ရွက်ရသည်ကို သူကောင်းကောင်းသိထားခြင်းကြောင့် မည်သို့ လုပ်ဆောင်ရမည်ဟူသော အကြံဉာဏ်များပေးခဲ့ခြင်းကို ကင်မရာဖြင့် မှတ်တမ်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကစားသမားများ၏ တတိယပိုင်ဆိုင်သူ စည်းမျဉ်းကို အက်ဖ်အေ( အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)က ၂၀၀၈ ခုနှစ်တွင် တားမြစ်ခဲ့ပြီးဖြစ်သလို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မေလတွင်လည်း ဖီဖာ( ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်)က တားမြစ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် နည်းပြဟောင်း ရွှဲင်းဟော့ဆန်နှင့် ဟော့ဂ်ဆန်၏လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူ ဂယ်ရီနဗီးလ်တို့နှင့်ပတ်သက်လည်း ဝေဖန်ခဲ့သည့်အပြင် ဝင်ဘလေကွင်းကြီးကို ပေါင်သန်း ၂၈၀ အကုန်အကျခံ ပြန်လည်ပြင်ဆင်ခဲ့သည့် အက်ဖ်အေ၏ လုပ်ရပ်မှာ လည်း မိုက်မဲကြောင်း ပြောကြားခဲ့သည်ကို အဆိုပါ ဗီဒီယိုမှတ်တမ်းမှာပင်တွေ့ရှိခဲ့သည်။

**သက်တမ်းအတိုဆုံးနည်းပြ**

ယခုကဲ့သို့ အရှုပ်အထွေးများ လုပ်ဆောင်ခဲ့သည့် ဆမ်အလာဒိုက်စ်မှာ အင်္ဂလန်နှင့် ဆလိုဗက်ကီးယားတို့ ယှဉ်ပြိုင်ခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတစ်ပွဲသာ ကိုင်တွယ်ရသေးပြီးနောက် နည်းပြသက်တမ်း ၆၇ ရက်ဖြင့်ပင် လက်ရှိရာထူးမှ နုတ်ထွက်ခဲ့သည်ဖြစ်ရာ အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက် သက်တမ်းအတိုဆုံး နည်းပြတစ်ဦးအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

အက်ဖ်အေသည် ဆမ်အလာဒိုက်စ်၏ လုပ်ရပ်များနှင့်ပတ်သက်၍ စိတ်ပျက်မိပြီး အင်္ဂလန်အသင်း၏လာမည့် ပွဲစဉ်လေးပွဲကို အင်္ဂလန်ယူ-၂၁ အသင်းနည်းပြ ဂါရတ်ဆောက်ဂိတ်က ယာယီတာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် ရက်စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ ယာယီနည်းပြဆောက်ဂိတ်မှာ အင်္ဂလန်၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်နှစ်ပွဲဖြစ်သည့် မော်လ်တာ(အောက်တိုဘာ ၈ ရက်)၊ ဆလိုဗေးနီးယား (အောက်တိုဘာ ၁၁ ရက်)ပွဲစဉ်နှစ်ပွဲနှင့် ချစ်ကြည်ရေးခြေစမ်းပွဲများဖြစ်သည့် စကော့တလန်(နိုဝင်ဘာ ၁၁ ရက်) နှင့် စပိန်(နိုဝင်ဘာ ၁၅ ရက်)ပွဲစဉ်များကို ကိုင်တွယ်သွားမည်ဖြစ်သော်လည်း ဟားလ်စီးတီးနည်းပြဟောင်း စတိဗ်ဘရုစ်၊ ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဂျူးတို့မှာ အမြဲတမ်းနည်းပြသစ်အဖြစ်ခန့်အပ်ခံရရန် ထိပ်ဆုံးမှ ရေပန်းစားနေသည်။

### အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံရသူများထဲမှ သက်တမ်းအတိုဆုံး အင်္ဂလန်နည်းပြများ

| အမည် | ကိုင်တွယ်ခဲ့သည့် ပွဲအရေအတွက် | နည်းပြသက်တမ်း |
| --- | --- | --- |
| ဆမ်အလာဒိုက်စ် | ၁(၂၀၁၆) | ၆၇ ရက် |
| စတိဗ်မက္ကလာရင် | ၁၈(၂၀၀၆-၂၀၀၇) | တစ်နှစ်၊ ခြောက်လ၊ ၁၈ ရက် |
| ကီဗင်ကီဂန်း | ၁၈(၁၉၉၉-၂၀၀၀) | တစ်နှစ်၊ ခုနစ်လ၊ ၁၇ရက် |
| တယ်ရီဗင်နာဘဲလ် | ၂၃(၁၉၉၄-၁၉၉၆) | နှစ်နှစ်၊ လေးလ၊ ၂၉ ရက် |
| ဂလင်းဟော်ဒဲလ် | ၂၈(၁၉၉၆-၁၉၉၉) | နှစ်နှစ်၊ ကိုးလ |

မေလဲ့သင်းရေးသားသည်

**စက်တင်ဘာ ၂၉/၃၀ ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ် အုပ်စု ပွဲစဉ်များ**

| | |
| --- | --- |
| အက်စတာနာ -ယန်းဘွိုင်းစ် | ည-၉း၃၀ |
| ကာဘာလာ - မိန့်ဇ် | ည-၉း၃၀ |
| အေဂျက်စ် - စတန်းဒက်လိဂ် | ည-၁၁း၃၀ |
| ဆယ်လ်တာဗီဂို - ပါနာသီနိုင်ကို့စ် | ည-၁၁း၃၀ |
| ဖူးရစ်ခ်ျ - အိုစမန်လီစပေါ် | ည-၁၁း၃၀ |
| စတူအာဘူခါရက်-ဗီလာရီးယဲလ် | ည-၁၁း၃၀ |
| စပါတာပရက် - အင်တာမီလန် | ည-၁၁း၃၀ |
| ဟာပိုးလ်ရှီဗာ - ဆောက်သမ်တန် | ည-၁၁း၃၀ |
| ဂျန့် - ကွန်ဟာစပေါ် | ည-၁၁း၃၀ |
| ရှက်တာဒိုးနက် - စပို့တင်းဘရာဂါ | ည-၁၁း၃၀ |
| ဖီအိုရင်တီးနား - ကာရာဘတ် | ည-၁၁း၃၀ |
| ဆလိုဗန် - PAOK | ည-၁၁း၃၀ |
| ရှော်လ်ကေး - နိုက်စ် | ည-၁၁း၃၀ |
| ဘီဘာအို - ရက်ပစ်ဗီယန် | နံနက်-၁း၃၅ |
| ဂျန့်ခ် - ဆာဆူအိုလို | နံနက်-၁း၃၅ |
| ဩစတြီးယာဗီယန် - ပယ်လ်ဇန် | နံနက်-၁း၃၅ |
| ရိုးမား - အက်စထရာ | နံနက်-၁း၃၅ |
| ဇင်းနစ် - အယ်လ်ကမာ | နံနက်-၁း၃၅ |
| ဒန်ဒေါ့ခ် - တဲလ်အဗစ် | နံနက်-၁း၃၅ |
| အိုလီပီယာကို့စ် - အေပိုးလ် | နံနက်-၁း၃၅ |
| ဖီနာဘာချီ - ဖီယင်နာ | နံနက်-၁း၃၅ |
| မန်ယူ - ဇော်ယာ | နံနက်-၁း၃၅ |
| စိန့်အက်တီယန် - အန်ဒါလက်ချ် | နံနက်-၁း၃၅ |

မောင်မောင်ဇော်



## သရေရလဒ်မှာ လက်ခံရန် ခက်ခဲသည်ဟု ရီးယဲလ်နည်းပြ ဇီဒန်းဆို

ချန်ပီယံလိဂ်အုပ်စု(F)ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ရာ အဆိုပါရလဒ်ကို ၎င်းအနေဖြင့် လက်ခံရန် အမှန်တကယ်ပင်ခက်ခဲကြောင်း ရီးယဲလ်မက်ဒရစ်အသင်းဇီဒန်းက ဖွင့်ဟခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ခြေစွမ်းထက်နေသည့် ဒေါ့မွန်အသင်းကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ခဲ့ရပြီး စီရိုနယ်လ်ဒို၊ ဗာရာနီ၏ သွင်းဂိုး နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၈၇ မိနစ်တွင် ဒေါ့မွန်မှ ရှာလီ၏သွင်းဂိုးကို ခွင့်ပြုခဲ့ရပြီးနောက် နှစ်ဂိုးစီသရေ ရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဇီဒန်းက တစ်ပွဲလုံးကို ခြုံငုံသုံးသပ်လျှင် ရီးယဲလ်မက်ဒရစ်အသင်းကသာ ပွဲကို ဦးဆောင်ထားပြီး နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း ချေပဂိုးများ ပြန်လည်ပေးခဲ့ရသဖြင့် အမှန်တကယ်စိတ်ပျက်မိကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သို့သော် ရီးယဲလ်မက်ဒရစ်အသင်းသည် ဂျာမန်ကလပ်အသင်းများနှင့် အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်တိုင်း ရလဒ်မကောင်းတတ်ဘဲ ပြီးခဲ့သည့်နှစ်ကလည်း ဝုဖ်ဘတ်အသင်းကိုပင် အဝေးကွင်း၌ နှစ်ဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့သေးသည်။



## taumif;q;bom tckftwefMk uavmyfcH

လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က ပြီးခဲ့သည့် ရာသီက ယူရိုပါလိဂ်ပြိုင်ပွဲတွင် သူ၏ အသင်းဟောင်း ဒေါ့မွန်အား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သည့် ဒုတိယပိုင်းပွဲကစားချိန်သည် သူ၏ နည်းပြသက်တမ်း တစ်လျှောက် အကောင်းဆုံးသော အခိုက်အတန့်ဖြစ်ခဲ့ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။ အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းသည် လော့ဗ်ရန်၏ နာကျင်အချိန်ပို ခေါင်းတိုက်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်း ငါးဂိုး-လေးဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ စကိုင်းစပို့၏ "တနင်္လာနွေးညီ" ရုပ်သံအစီအစဉ်တွင် ကလော့ပ်က အားပေးသည့် ပရိသတ်များမှာ အနိုင်ရလဒ်အတွက် အဓိကကျခဲ့ပြီး ပရိသတ် ၂၂၀၀၀ က မတ်တပ်ရပ်ပြီး အားပေးခဲ့ကြသည်ကို သူ၏သက်တမ်းတစ်လျှောက် မည်သည့်အခါကမျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိကြောင်း ပြန်လည်ဖြေကြားခဲ့သည်။



## ဖီယင်နော့ဒ်အား ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် အသင်းဖော်များအား ပေါ့ဘာအော်ဟစ်ခဲ့

ဖီယင်နော့ဒ်အား အရေးနိမ့်ခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်(၁)အတွင် ပေါ့ဘာမှာ မန်ယူအသင်းဖော်များကို မကျေမနပ်ဖြင့် အော်ဟစ်ခဲ့သည်ဟု ဖီယင်နော့ဒ်တိုက်စစ်မှူး ဒရစ်ကူးရစ်၏ ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။

ကူးရစ်က "ပထမပိုင်းကစားနေချိန်အတွင်း ပေါ့ဘာက အသင်းဖော်တွေကို အော်ဟစ်ပြောနေခဲ့တာ ကျွန်တော်တို့အားလုံး ကြားနေရတယ်။ ဒါပေမယ့် ပထမပိုင်းပြီးလို့ ရပ်နားချိန်မှာတော့ အော်ဟစ်ပြောဆိုနေသလို အသံလည်း ပိုကျယ်လာတယ်"ဟု ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။ ကူးရစ်က မန်ယူအသင်းမှာ တန်ပြန်တိုက်စစ်ကစားရသည်ကို အထူးကျွမ်းကျင်သည့် အသင်းဖြစ်ခြင်းကြောင့် ပြိုင်ဘက်အသင်းများမှာ အချိန်ပြည့် တိုက်စစ်ဆင်နေလျှင်မန်ယူအသင်း စိတ်ကြိုက်ဖြစ်သွား မည်ဖြစ်သဖြင့် အခွင့်အရေးကို အသေအချာစောင့်ဆိုင်းကစားခြင်းကသာ မန်ယူကို အနိုင်ယူ၍ရသည့် နည်းဗျူဟာဖြစ်ကြောင်းလည်း မှတ်ချက်ပြုခဲ့သည်။

## မိုးစပါးအထွက်နှုန်းမြင့်မားရေး ကွင်းဆင်းသရုပ်ပြ

**မင်းတုန်း စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာများ ပိုမိုတိုးတက်မြင့်မားလာပြီး နည်းပညာများ လိုက်နာကျင့်သုံးလာစေရန် ရည်ရွယ်၍ ဝန်ထမ်းများနှင့် တောင်သူများအား မိုးစပါးအထွက်နှုန်းမြင့်မားရေး ယှဉ်ပြိုင်စိုက်ခင်း စံပြစိုက်ကွက် ကွင်းဆင်းသရုပ်ပြခြင်းကို စက်တင်ဘာ ၂၆ ရက်က မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ယှဉ်ပြိုင်စိုက်ခင်းကွင်းဆင်းသရုပ်ပြပွဲကို အမှတ် ၄ ရပ်ကွက်မှ တောင်သူဦးတင်ကြိုင်၏ နယူးရော မိုးစပါးစိုက်ခင်း ကွင်းအမှတ်(၃၂၉)၌ ကျင်းပ၍ မြို့နယ်ဦးစီးမှူး ဦးမြင့်လင်းက စိုက်ပျိုးရေးနည်းပညာများ ပိုမိုတိုးတက်မြင့်မားလာစေရေး အထွက်နှုန်းတိုးပွားစေရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပေးပြီး တောင်သူများက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့သည်။

ယင်း နယူးရောမိုးစပါးစိုက်ကွက်ကို မြို့နယ်လက်ထောက်ဦးစီးမှူး ဦးသိန်းဌေး ဦးစီး၍ အငယ်တန်းဝန်ထမ်း ဒေါ်ဇင်ဇင်ဖူး ကြီးကြပ်စိုက်ပျိုးခဲ့ကြောင်း၊ ဝန်ထမ်းငါးဦးတို့ ယှဉ်ပြိုင်စိုက်ပျိုးကြကြောင်း၊ ယှဉ်ပြိုင်စိုက်ကွက်များ စိုက်ပျိုးပေးခြင်းဖြင့် နည်းပညာများကို ဝန်ထမ်းများနှင့်တောင်သူများ လိုက်နာကျင့်သုံးလာနိုင်စေရန်ရည်ရွယ်၍ ပြုလုပ်ပေးရခြင်းဖြစ်ကြောင်းနှင့် စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်လာနိုင်သဖြင့် စိတ်ပါဝင်စားသည့် တောင်သူ ၆၀ ခန့် တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **ဇွဲထက်ရှင်**

# မြောင်းမြမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါအောင် ကုမ္ပဏီများနှင့် ကျေးရွာတာဝန်ရှိသူများတွေ့ဆုံ

**မြောင်းမြ စက်တင်ဘာ ၂၈**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြင့် လုပ်ငန်းဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဗိုလ်ဗိုလ်မြင့်က စက်တင်ဘာ ၂၅ ရက်ကပြုလုပ်သော တင်ဒါအောင် ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်မည့်ကျေးရွာများ တွေ့ဆုံဆွေးနွေးပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

မြောင်းမြမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြောင်းမြမြို့နယ်အတွင်း ကွယ်လွယ်-အောက်ဝဲဒေါင့်ကျေးရွာတွင် ပေ ၅၀ တံတား ဆောက်လုပ်ရန် မိုးထောင်ကုမ္ပဏီကလည်းကောင်း၊ မြစိမ်းရောင်-စက်ကုန်း(၂ မိုင် ၂ ဖာလုံ) ကျောက်ချောလမ်းခင်းရန် ( Design Excel Develop) ကုမ္ပဏီကလည်းကောင်း၊ ပျဉ်းကတိုးကုန်းကျေးရွာနှင့် ဝါးချောင်းကျေးရွာတို့၌ တွင်းနက် (၄ လက်မ)စက်ရေတွင်းနှစ်တွင်းတူးဖော်ရန် ဇကရာဇ်မင်းကုမ္ပဏီကလည်းကောင်း တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် အဆိုပါတင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် လုပ်ငန်းလုပ်ဆောင်မည့် ကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမိတ်ဆက်ပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာများတွင် သက်ဆိုင်ရာကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ကျေးလက်ဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသက်ပိုင်ဦးက မြောင်းမြမြို့နယ်အတွင်း ကျေးရွာလမ်းစာရင်းများ မှန်ကန်မှုရှိရေး Power Point ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ တင်ဒါအောင်ကုမ္ပဏီများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

## အန္တရာယ်ရှိ ကျင်းထုံအမှတ်တံဆိပ် ခြင်ဆေးခွေများ ရောင်းချမှုရှိ၊ မရှိ စစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဈေး(ရွာတော်)ရှိ ဈေးဆိုင်များဖြစ်သော ကုန်စုံဆိုင်နှင့် စတိုးဆိုင်များအတွင်း၌ ရောင်းချလျက်ရှိသော ခြင်ဆေးခွေများအနက် တရုတ်နိုင်ငံလုပ် ကျင်းထုံအမှတ်တံဆိပ် အန္တရာယ်ရှိ ခြင်ဆေးခွေများအား ရောင်းချမှုရှိ-မရှိ စစ်ဆေးခြင်းကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံမှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနန်းကျော့ခိုင်၊ ကျန်းမာရေးမှူးအဆင့်-၁ ဒေါ်နွယ်နွယ်အုန်းတို့ဦးစီး၍ ကျန်းမာရေးဝန်ထမ်းများ ဈေးတာဝန်ခံ ဦးမောင်မောင်၊ ပတ္တာရဲစခန်းမှ နယ်ထိန်းဒုတိယရဲတပ်ကြပ်သန်းထွန်း ဦးစီးအဖွဲ့ဝင်များ၊ ဈေးလုံခြုံရေးအဖွဲ့များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ တရုတ်နိုင်ငံလုပ် ကျင်းထုံအမှတ်တံဆိပ် အန္တရာယ်ရှိခြင်ဆေးခွေများ ရောင်းချမှုရှိ-မရှိ စစ်ဆေးခြင်းခဲ့ကြသည်။

ယင်းကဲ့သို့စစ်ဆေးရာတွင် ရောင်းချသူများတွင်လည်း အကျိုးမရှိသလို ဝယ်ယူသုံးစွဲသူများတွင်လည်း အန္တရာယ်ဖြစ်စေကြောင်း၊ ၎င်းခြင်ဆေးခွေ၏ ဆိုးကျိုးမှာ အသက်ရှူမဝခြင်း၊ ရင်ကျပ်ခြင်းနှင့် ချောင်းအဆက်မပြတ်ဆိုးခြင်းများ ဖြစ်ပေါ်စေပြီး အဓိကအားဖြင့် ကလေးငယ်များအနီးတွင် ခြင်ဆေးထွန်းညှိခြင်းများ မပြုလုပ်မိစေရန် အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကာ ဆိုင်ရှင်များ သိလိုသည့်အချက်များအား တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **ကိုကိုလင်း၊(ပြန်/ဆက်)**

## ပညာတန်ဆောင် ထူးချွန်ဆရာရွေးချယ်ရေးစာမေးပွဲ ကျင်းပ

**မိုးနဲ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးကျင်းပသည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တတိယအကြိမ် ပညာတန်ဆောင် ထူးချွန်ဆရာရွေးချယ်ရေး မြို့နယ်အဆင့် ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲကို စက်တင် ဘာ ၂၅ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါရွေးချယ်ရေးစာမေးပွဲတွင် အထက်တန်းပြ ဆရာ၊ ဆရာမ ငါးဦး၊ အလယ်တန်းပြ ဆရာ၊ ဆရာမ ၃၅ ဦး၊ မူလတန်းပြ ဆရာ၊ ဆရာမ ခြောက်ဦး စုစုပေါင်း ဆရာ၊ ဆရာမ ၄၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ဆရာ၊ ဆရာမများ၏ အထွေထွေဗဟုသုတ၊ ဆရာ့စိတ်ဓာတ်နှင့်ခံယူချက်၊ သုံးသပ်ဆုံးဖြတ်နိုင်မှု၊ သွက်လက်ချက်ချာမှု၊ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ ကိုယ်ရည်ကိုယ်သွေးများကို နှုတ်မေး နှုတ်ဖြေများ ဖြေဆိုခဲ့ကြပြီး အခြေခံပညာ ထက်၊ လယ်၊ မူ အဆင့်လိုက် ပထမရရှိသူသုံးဦးအား မြို့နယ်အဆင့်တွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## မြစိမ်းရောင်ရန်ပုံငွေ သိန်း၃၀၀စီ လွှဲပြောင်းပေးအပ်

**အမ်း စက်တင်ဘာ ၂၈**

ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာခြောက်ရွာအတွက် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို စက်တင်ဘာတတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းက အမှာစကားပြောကြားပြီး ကျေးလက်ဦးစီးမှူး ဦးညီညီက မြစိမ်းရောင်စီမံကိန်းအကြောင်း ရှင်းလင်းတင်ပြ၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ စီကို လွှဲပြောင်းပေးအပ်သည်။ အမ်းမြို့နယ်ကျေးလက်ဦးစီးဌာနမှ ယခင်နှစ်က ကျေးရွာရှစ်ရွာနှင့် ယခုနှစ်တွင် ကျေးရွာခြောက်ရွာအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(၅၂၂)**

## ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**မလှိုင် စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းဆောင်ရွက်နေသော ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများအား မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့က စက်တင်ဘာ ၂၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးဒိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းတို့နှင့်အတူ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များသည် ခုနှစ်ချက်-သရက်ကန်-အလယ်ချောင်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား သတ်မှတ်ထားသော စံ၊ အရည်အသွေးနှင့် ကိုက်ညီမှုရှိ-မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကျောက်ချောလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည်တစ်မိုင်ရှိပြီး ခွင့်ပြုငွေကျပ် ၇၀ ဒသမ ၂၂ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော Mandalay Crown Co,Ltd က တာဝန် ယူတည်ဆောက်နေခြင်းဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မလှိုင်မြို့နယ်အတွင်း၌ မလှိုင်-ပင်းတလဲလမ်းမှ သရက်ကန်ကျေးရွာအဝင် မြေသားလမ်း (၀/ ၆) မိုင်၊ ရေချို-ဆည်ကြီးလမ်း (၁/၀) မိုင်၊ နှောကန်-သက္ကယ်ကျင်းမြေသားလမ်း (၁/၂) မိုင်၊ ကူကြီး-သရက်ကန် ကျေးရွာခြင်းဆက်မြေသားလမ်း (၀/၆) မိုင်၊ မလှိုင်-မိတ္ထီလာ ကားလမ်းမမှ ရုံးပင်ဖောက်ကျေးရွာသို့ဆက်သွယ်သည့်လမ်းအား ကျောက်ချောခင်းခြင်း (၁/၀) မိုင်၊ သဲကန်အုပ်စု မန်ကျီးကုန်းကျေးရွာမှ ရွှေပေါက်ကျွန်းကျေးရွာသွားသော မြေသားလမ်း (၂/၀) မိုင်၊ ပန်းအိုင်ကျေးရွာမှ မြင်းဦးလှည့်အုပ်စု၊ ကသစ်ပင်ကျေးရွာအထိ ဂျင်းခင်းခြင်း (၂/၀) မိုင် တို့အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**



# မုံရွာမြို့ရှိ ခုတင် ၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီးတွင် ဆေးကုသခြင်း စတင်ဆောင်ရွက်



**မုံရွာ စက်တင်ဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အိန္ဒိယနိုင်ငံအစိုးရ၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ စုပေါင်းထည့်ဝင်ငွေများဖြင့် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သော ခုတင် ၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး၌ စက်တင်ဘာ ၂၆ ရက်က စတင်လက်ခံကုသပေးခဲ့သည်။

အမျိုးသမီး သားဖွားမီးယပ်ရောဂါများ၊ ကလေးနှင့်သက်ဆိုင်သောရောဂါများကို မုံရွာပြည်သူ့ဆေးရုံကြီးတွင် ကုသပေးလျက်ရှိပြီး ယခုဆေးရုံကြီးသို့ စက်တင်ဘာ ၂၆ ရက်တွင် ကလေးလူနာ ၁၃၃ ဦးနှင့် သားဖွားမီးယပ်လူနာ ၈၀ တို့ကို ပြောင်းရွှေ့ပြီးဖြစ်ကြောင်း၊ အသစ်တက်ရောက်သော လူနာများကိုလည်း အဆိုပါဆေးရုံကြီးတွင် စတင်လက်ခံကုသပေးနေပြီ ဖြစ်ကြောင်း သိရသည်။

"မြို့နယ်ပြည်သူ့ဆေးရုံကြီးမှာတော့ အခုခွဲစိတ်လူနာတချို့ ကျန်သေးတယ်။ စိတ်ချရပြီဆိုရင် ဆက်ပြီး ပြောင်းရွှေ့ပေးမှာပါ။ ဆရာဝန်တွေ၊ လူနာတွေကတော့ ပြောင်းသွားပြီ။ အခုပြောင်းရွှေ့ရေးမှာလည်း မုံရွာမြို့ပေါ်မှာရှိတဲ့ ဆေးကုမ္ပဏီတွေက မော်တော်ယာဉ်တွေ၊ လူမှုကူညီရေးအသင်း ၁၅ သင်းလောက်က မော်တော်ယာဉ်တွေ၊ မုံရွာပြည်သူ့ဆေးရုံကြီးက သူနာပြုယာဉ်သုံးစီးတို့နဲ့ ပြောင်းရွှေ့ပေးတာပါ" ဟု တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါခုတင် ၂၀၀ ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီးကို အိန္ဒိယနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာနှစ်သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်သူများစုပေါင်းထည့်ဝင်ငွေများဖြင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၉. ၃. ၂၀၁၅ ရက်တွင် ကျင်းပ၍ ဖွင့်ပွဲအခမ်းအနားကို ၂၇. ၃. ၂၀၁၆ ရက်တွင်ဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာတတိယပတ်မှစတင်ပြီး ကုသပေးလျက်ရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

## မီးငြိမ်းသတ်မှုလက်တွေ့ဆောင်ရွက်ပြသ

**မြင်းမူ စက်တင်ဘာ ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ဈေးသူ၊ ဈေးသားများ မီးသတ်ဆေးဘူးကိုင်ဆောင် အသုံးပြုမီးငြိမ်းသတ်စေခြင်း၊ လက်တွေ့ပြုလုပ်ဆောင်ရွက်မှုကို စက်တင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မြို့နယ်မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုမဖြစ်ပွားရေးအတွက် အသိပေးဆော်သြခြင်းများ မကြာခဏ အများပြည်သူများသိရှိအောင် လက်တွေ့ပြသခြင်းများ ဆောင်ရွက်ခြင်း၊ ချက်ပြုတ်စားသောက်ချိန်များတွင် ဖြစ်ပွားတတ်သော ဆီအပူလွန်ရာမှ မီးလောင်မှုများကို မီးသတ်ဆေးဘူးအသုံးပြုပြီး ငြိမ်းသတ်ခြင်းများကို လက်တွေ့ပြသမှာဖြစ်ကြောင်း" မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးဝေမင်းထွန်းက ပြောပြသည်။

မီးငြိမ်းသတ်ခြင်း လက်တွေ့ပြသရာတွင် မြို့မဈေးအတွင်းရှိ ရေငုတ်များမှရေကို ရယူသွယ်တန်းကာ ငြိမ်းသတ်ခြင်း၊ မြို့မဈေးအပြင်လမ်းမှ မီးသတ်ယာဉ်များ နေရာယူငြိမ်းသတ်ခြင်း၊ ဈေးအတွင်း အဝင်မိန်းလမ်းများမှ ယာဉ်ဝင်ရောက်ငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ကြရာ မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်ငါးစီးနှင့် ရပ်ကွက်မီးသတ်စခန်းမှ တစ်စီးတို့ ပူးပေါင်းကာ လက်တွေ့ဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။

ယင်းနောက် မီးသတ်ဆေးဘူးအသုံးပြု ငြိမ်းသတ်ခြင်းကို လက်တွေ့ပြသခဲ့ပြီး ဈေးသူ၊ ဈေးသားများ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်မှုကို ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

ယင်းမီးငြိမ်းသတ်ခြင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြင်းမူမြို့မရဲစခန်းမှ ယာယီမြို့နယ်မှူး ရဲမှူးစိန်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဒေါ်သီရိခိုင်နှင့် မြို့မဈေးမီးငြိမ်းသတ်ရေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

## ၂၀၁၆-၂၀၁၇ ခုနှစ် ဘိန်းအစားထိုးသီးနှံများ အခမဲ့ဖြန့်ဝေပေးအပ်

**ကလော စက်တင်ဘာ ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန်အတွက် နှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်ပျိုးပင်နှင့် ဓာတ်မြေသြဇာများ အခမဲ့ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားကို တောင်ကွဲကျေးရွာအုပ်စု ကြံပြားကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂၆ ရက်နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းက မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေမှုများနှင့် ဘိန်းစိုက်ပျိုးရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများအား အသိပညာပေးဆွေးနွေးဟောပြောပြီး ဘိန်းအစားထိုးသီးနှံအဖြစ် နေကြာမျိုးစေ့ အထုတ် ၃၀၊ ပဲရာဇာ မျိုးစေ့ အထုတ် ၂၀၊ နှစ်ရှည်သီးနှံထောပတ်ပင် ၃၈၀ နှင့် တက်တိုးဓာတ်မြေသြဇာ ၁၇ အိတ်၊ အောင်နံ့ဝေဓာတ်မြေသြဇာ ၁၅ အိတ်တို့ကို တာဝန်ရှိသူများကပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူ ၁၂၆ ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ဗို့အားပြည့်ဝနိုင်ရေး ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်

**ဝါးခယ်မ စက်တင်ဘာ ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက်ရှိ ဒေသခံပြည်သူများ ဗို့အား ပြည့်ဝစွာအသုံးပြုနိုင်စေရေးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်မှုကို ရေကျော်ရပ်ကွက် ရုံးဟောင်းလမ်း၌ စက်တင်ဘာ ၂၆ ရက်တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာဇော်နှင့် ဝန်ထမ်းများက အပြီးသတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေကျော်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ယခင်က ဈေးရပ်ကွက် ၃၁၅ ကေဗွီအေ ထရန်စဖော်မာမှ ဗို့အားရယူသုံးစွဲခဲ့ရကြောင်း၊ အဆိုပါ ဈေးရပ်ကွက် ၃၁၅ ကေဗွီအေ ထရန်စဖော်မာကို ဝန်အားလျှော့ချရန်နှင့် ရေကျော်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်စေရန် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးအား တိုးချဲ့တည်ဆောက်ပေးခြင်းဖြစ်ကြောင်းနှင့် ယခုအခါ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးမှုကြောင့် ပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အလားတူပင် ပြည်သူများလျှပ်စစ်ဓာတ်အား အပြည့်အဝရရှိစေရန် ဝါးခယ်မမြို့နယ်မြသိန်းတန်ရပ်ကွက် (၃) လမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## ကလေးမြို့တွင် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းအသိပညာပေးဟောပြော

**ကလေး စက်တင်ဘာ ၂၈**
ကလေးမြို့ စမ်းမြို့ရပ်ကွက် နယ်မြေ(၃)တွင် ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA တို့ပူးပေါင်းကာ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ဇော်ထွန်းက မှုခင်းလျော့နည်းကျဆင်းရေးနှင့် လူကုန်ကူးမှုဆိုင်ရာအကြောင်းအရာများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ရောင်းဝယ်မှုများနှင့်ပတ်သက်၍ ဥပဒေပါပြဋ္ဌာန်းချက်များ၊ လက်ဝယ်ထားရှိမှုအပေါ် တားမြစ်ထားသည့်ဥပဒေများအား အသေးစိတ် ရှင်းလင်းအသိပညာပေးဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်သိန်းက မှုခင်းဖြစ်ပွားရခြင်းအကြောင်းအရာများနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများအား အသိပညာပေးဟောပြောကာ ခရိုင် MANA အသင်း ဒုတိယဥက္ကဋ္ဌဦးလှဝင်းက မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းရခြင်း၏ရည်ရွယ်ချက်များနှင့် အသင်းလုပ်ငန်းစဉ်များအား ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ မူးယစ်တပ်ဖွဲ့စု (၅) ကလေးမှ ဒုတိယရဲမှူးလှထွေးက မူးယစ်ဆေးဝါးအန္တရာယ်များနှင့် ဆိုးကျိုးများအကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ငြိမ်းစိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းချက်များအကြောင်း၊ ရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောခြင်းစသည်တို့ကို အသီးသီးဆွေးနွေးဟောပြောကြပြီး အဆိုပါဟောပြောပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်တို့က စိတ်ပါဝင်စားစွာ နားထောင်ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ချင်းတွင်းသား**

## ကြက်သွန်ခင်းကျေးရွာတွင် မြစိမ်းရောင်လုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက် ၃၅၅ ဦး လုပ်ကိုင်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၈**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၂ ဦး စုစုပေါင်း ၃၅၅ ဦး လုပ်ကိုင်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းဝေနှင့်ဝန်ထမ်းများက ဒေသခံမြစိမ်းရောင်ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းခွဲများ၏ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြီး ကော်မတီဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ယင်းနောက် သီးနှံခင်းများနှင့် မွေးမြူရေးလုပ်ငန်းများအားကြည့်ရှုစစ်ဆေးခဲ့သည်။ **ရွှေရဲရင့်**

လာလီဂါရင်ခုန်သံ-၇

# နိုင်ပွဲပြန်လည်ရယူသွားမယ့် ရီးယဲလ်မက်ဒရစ်

လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ်-၇ ကိုလာမယ့် အောက်တိုဘာလ ၁၊ ၂၊ ၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေကာ ပွဲစဉ်-၆ တုန်းက လက်စ်ပဲလ်မက်စ်နဲ့သရေကျခဲ့ရတဲ့ ရီယဲလ်အနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်မလားဆိုတာကိုစောင့် ကြည့်သွားရဖို့ရှိနေပါတယ်။

ရှိုင်း
မင်း
မင်း

**ထိပ်တန်းဂိုးသွင်းရှင်များ**

ဂရစ်ဇ်မန်း(အက်သလက်တီကို) - ၅ ဂိုး
ဆွာရက်ဇ်(ဘာစီလိုနာ) - ၅ ဂိုး
ဆန်ဆိုနီ( ဗီလာရီးယဲလ်) - ၄ ဂိုး
မိုရီနို( အက်စ်ပန်ညို) - ၄ ဂိုး
မာတင်(ဘက်တစ်) - ၄ ဂိုး
မက်ဆီ( ဘာစီလိုနာ) - ၄ ဂိုး



**ပွဲစဉ် (၆)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၆ | ၄ | ၂ | ၀ | ၁၅ | ၆ | ၉ | ၁၄ |
| ၂ | ဘာစီလိုနာ | ၆ | ၄ | ၁ | ၁ | ၁၉ | ၆ | ၁၃ | ၁၃ |
| ၃ | အက်သလက်တီကို | ၆ | ၃ | ၃ | ၀ | ၁၂ | ၂ | ၁၀ | ၁၂ |
| ၄ | ဗီလာရီးယဲလ် | ၆ | ၃ | ၃ | ၀ | ၉ | ၄ | ၅ | ၁၂ |
| ၅ | ဘီဘာအို | ၆ | ၄ | ၀ | ၂ | ၉ | ၆ | ၃ | ၁၂ |
| ၆ | ဆီဗီလာ | ၆ | ၃ | ၂ | ၁ | ၁၁ | ၉ | ၂ | ၁၁ |
| ၇ | လက်စ်ပဲလ်မက်စ် | ၆ | ၃ | ၁ | ၂ | ၁၄ | ၁၁ | ၃ | ၁၀ |
| ၈ | အီဘား | ၆ | ၃ | ၁ | ၂ | ၈ | ၆ | ၂ | ၁၀ |
| ၉ | အလာဗက်စ် | ၆ | ၂ | ၃ | ၁ | ၇ | ၅ | ၂ | ၉ |
| ၁၀ | ဘက်တစ် | ၆ | ၂ | ၂ | ၂ | ၈ | ၁၁ | -၃ | ၈ |
| ၁၁ | ဆိုစီဒက် | ၆ | ၂ | ၁ | ၃ | ၈ | ၉ | -၁ | ၇ |
| ၁၂ | ဆယ်တာဗီဂို | ၆ | ၂ | ၁ | ၃ | ၅ | ၈ | -၃ | ၇ |
| ၁၃ | လီဂါနက်စ် | ၆ | ၂ | ၁ | ၃ | ၆ | ၁၀ | -၄ | ၇ |
| ၁၄ | စပို့တင်းဂီဂျွန် | ၆ | ၂ | ၁ | ၃ | ၅ | ၁၄ | -၉ | ၇ |
| ၁၅ | ဗလင်စီယာ | ၆ | ၂ | ၀ | ၄ | ၉ | ၁၂ | -၃ | ၆ |
| ၁၆ | ဒီပို့တီဗို | ၆ | ၁ | ၂ | ၃ | ၃ | ၅ | -၂ | ၅ |
| ၁၇ | မာလာဂါ | ၆ | ၁ | ၂ | ၃ | ၅ | ၈ | -၃ | ၅ |
| ၁၈ | အက်စ်ပန်ညို | ၆ | ၁ | ၂ | ၃ | ၉ | ၁၄ | -၅ | ၅ |
| ၁၉ | ဂရန်နာဒါ | ၆ | ၀ | ၂ | ၄ | ၇ | ၁၅ | -၈ | ၂ |
| ၂၀ | အိုဆာစူနာ | ၆ | ၀ | ၂ | ၄ | ၅ | ၁၃ | -၈ | ၂ |

### ဆိုစီဒက်စ် - ဘက်တစ်

**နံနက် ၁း၁၅ (၁-၁၀-၁၆)**

မာလာဂါကိုအနိုင်ရခဲ့တာကြောင့် ဘတ်တစ်အနေနဲ့ နိုင်ပွဲဆက်နိုင်ဖို့အားစိုက်လာဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာဘက်တစ်ရဲ့ခြေစွမ်းပိုင်းကလည်း မဆိုးပါဘူး။ တိုက်စစ်ပိုင်းကလည်းဂိုးသွင်းရနေတာ ကိုတွေ့ရပါတယ်။ ဒါပေမယ့်ဆိုစီဒက်စ်ကလည်း အီဘားကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်တဲ့အပြင်အိမ် ကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းပိုမိုကောင်းမွန်ခဲ့တာကို တွေ့ရပါတယ်။ ဆိုစီဒက်စ်ပဲကပ်နိုင်ခြေရှိတယ်။

### ဆီဗီလာ - အလာဗက်စ်

**ည ၇း၄၅ (၁-၁၀-၁၆)**

ဘီလ်ဘိုကိုရှုံးနိမ့်ခဲ့ရတာကြောင့် ဆီဗီးလာတို့နိုင်ပွဲပြန်လည်ရယူ နိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဆီဗီးလ်အနေနဲ့ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့်လည်း အိမ်ကွင်းဖြစ်သလို အိမ်ကွင်းမှာခြေစွမ်းပိုင်းလည်း ပိုမိုကောင်းမွန်တတ်ပါတယ်။ တန်းတက်အလာဗက်စ်ကတော့ အသင်းလိုက်ခံကစားအားကောင်းမွန်မှုရှိတယ် ဆိုပေမယ့်လည်း တိုက်စစ်ပိုင်းကဂိုးသွင်းခြေသာမန်သာရှိနေပါတယ်။ တိုက် စစ်မှာကစားသမားကောင်းများတဲ့ဆီဗီလာပဲအနိုင်ရမယ်။

### ဒီပို့တီဗို - ဂီဂျွန်

**နံနက် ၁း၁၅ (၂-၁၀-၁၆)**

ဘာစီလိုနာကို ဂိုးပြတ်အရေးနိမ့်ခဲ့ရတာကြောင့် ဂီဂျွန်တို့နိုင် ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဂီဂျွန်က အဝေးကွင်းမှာခြေမတည်ငြိမ်တတ်သလို အဝေးကွင်းပွဲတိုင်း အနိုင်မရသေးတာကို တွေ့ရပါတယ်။ ဒီပို့တီဗိုကတော့ခြေစွမ်းပိုင်းသာ မန်သာရှိပေမယ့်လည်း အိမ်ကွင်းအားရှိနေပါတယ်။ ဒီပို့တီဗိုတို့အ နိမ့်ဆုံးသရေရမယ်။

### ရီးယဲလ် - အီဘား

**ည ၇း၄၅ (၂-၁၀-၁၆)**

ရီးယဲလ်မက်ဒရစ်က နှစ်ပွဲဆက်သရေကျခဲ့ရတာ ကြောင့် နိုင်ပွဲပြန် လည်ရယူနိုင်ဖို့အားစိုက်လာ မှာသေချာနေပါတယ်။ အိမ်ကွင်းဖြစ်တဲ့အပြင် ဒီပွဲမှာအနိုင်မရခဲ့ရင် အမှတ်ပေးဇယားဦးဆောင်သူနေရာကို လက်လွှတ်ရမှာဖြစ်တာကြောင့်လည်း ရီးယဲလ်တို့ပိုမိုပြီးတိုက်စစ်ဖွင့်ကစားလာဖို့ရှိနေပါတယ်။ အီဘားကတော့ အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်တယ်ဆိုပေမယ့်လည်း ခံစစ်ပိုင်းကတော့အားနည်းမှုတွေ ရှိနေပါတယ်။ ရီးယဲလ်ပဲနိုင်ပွဲပြန်ရမယ်။

### မာလာဂါ - ဘီဘာအို

**ည ၁၁း၀၀ (၂-၁၀-၁၆)**

ဆီဗီလာကိုအနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာ ဘီဘာဘိုရဲ့ကစားပုံကကောင်း မွန်ခဲ့ပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရ ရှိနေတာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဘီဘာဘိုက ယူရိုပါလိဂ်ပွဲကစားခဲ့ရတာ ကြောင့် ပွဲပန်းလာနိုင်ပါတယ်။ မာလာဂါကတော့ ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားလာမှာ သေချာနေပါတယ်။ ဘီဘာဘိုကပ်ပြီးသာနိုင်မယ်။

### ဂရန်နာဒါ - လီဂါနက်စ်

**ညနေ ၅း၃၀ (၁-၁၀-၁၆)**

ဂရန်နာဒါရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ ဒီပွဲကိုအိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း လက်ရှိအချိန်မှာအသင်းလိုက်ကစားပုံတည်ငြိမ်မှုမရှိသေးသလို ခံစစ်ပိုင်းကလည်းအား နည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း တန်းတက်လီဂါနက်စ် ကလည်းခြေစွမ်းပိုင်းသာမန်သာရှိကာ အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်းဂရန်နာဒါတို့အခွင့်အရေးရနိုင်ကာ အိမ်ကွင်းနိုင်ပွဲကပ်ရသွားဖို့ရှိနေပါတယ်။

### အိုဆာစူနာ - လက်စ်ပဲလ်မက်စ်

**ည ၁၁း၀၀ (၁-၁၀-၁၆)**

ရီးရဲကိုသရေကစားနိုင်ခဲ့တဲ့ လက်စ်ပဲလ်မက်စ်ရဲ့ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့်လည်း လက်စ်ပဲလ်မက်စ်ဟာအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်ပြီး ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိ တတ်ပါဘူး။ အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲရှုံးနိမ့်ခဲ့ရပြီးခံစစ်ပိုင်းက ရှစ်ဂိုးအထိပေးခဲ့ရပါတယ်။ ဒါကြောင့် ခြေစွမ်းအားနည်း နေတဲ့အိုဆာစူနာကို အနိုင်ရရင်တောင်ဂိုးပြတ်ဖို့ခက်တယ်။

### ဗလန်စီယာ - အက်သလက်

**ညနေ ၄း၃၀ (၂-၁၀-၁၆)**

အက်သလက်တီကိုတို့နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေရှိလာနိုင်တာကိုသတိပြုရမှာသေချာပါတယ်။ ဒါပေမယ့် ဗလန်စီယာကလည်း ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပါဘူး။ ခံစစ်ပိုင်းကလည်းအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်း ဗလန်စီယာတို့အိမ်ကွင်းဖြစ်ပေမယ့် အက်သလက်တီကိုအသင်းကိုဖိအားပေးနိုင်ဖို့ခက်ပါတယ်။ ခြေစွမ်း ပိုကောင်းတဲ့ အက်သလက်တီကိုပဲကပ်နိုင်မယ်။

### အက်စ်ပန်ညို - ဗီလာရီးယဲလ်

**ည ၁၁း၀၀ (၂-၁၀-၁၆)**

ဗီလာရီးယဲလ်ခြေစွမ်းပိုင်းက ပြန်လည်ပြီးကောင်းမွန်နေပါတယ်။ အဝေးကွင်းဖြစ်သလို ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့် ခံစစ်ပိုင်းကစားပုံကကောင်းမွန်မှုရှိပါတယ်။ ဒ့ါအ ပြင် အက်စ်ပန်ညိုခြေစွမ်းပိုင်းကလည်း သာမန်သာရှိတာကြောင့် ဗီလာရီးယဲလ်တို့ အခွင့်အရေးပိုမိုရနိုင်ပါတယ်။ အက်စ်ပန်ညိုတို့အိမ်ကွင်းအားနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ခြေပိုကောင်းတဲ့ဗီလာရီးယဲလ်ပဲကပ်နိုင်မယ်။

### ဆယ်တာဗီဂို - ဘာစီလိုနာ

**နံနက် ၁း၁၅ (၃-၁၀-၁၆)**

ဂီဂျွန်ကိုဂိုးပြတ်အနိုင်ရခဲ့တဲ့ပွဲစဉ်မှာ ဘာစီလိုနာခြေစွမ်းပိုင်းက ကောင်းမွန်ခဲ့ပါတယ်။ မက်ဆီမပါဝင်ခဲ့သလို ရာကီတစ်၊ အင်နီယေစတာတို့ကိုလည်း အသုံးမပြုခဲ့ပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းက ကောင်းမွန်ခဲ့တာ ဖြစ်ပါတယ်။ ဘာစီလိုနာအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းလာနိုင်ပေမယ့်လည်း ဆယ်တာဗီဂိုရဲ့ ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ ဘာစီလိုနာတို့ သုံးဂိုးအသာလောက်နဲ့အနိုင်ရသွားနိုင်ပါတယ်။

## ဘာစီလိုနာနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်နေသည့် တာစတီဂန်

ဘာစီလိုနာအသင်းသည် ဂိုးသမား ဘရာဗိုအား မန်စီးတီးသို့ ရောင်းချခဲ့ပြီးနောက် တာစတီဂန်မှာ ဘာစီလိုနာအသင်း၏ ပထမဦးစားပေး ဂိုးသမားဖြစ်ရန်သေချာသွားပြီဖြစ်ရာ တာစတီဂန်မှာ ဘာကာနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် အနီးစပ်ဆုံး အနေအထားတစ်ရပ်ကို ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

သူသည် ၂၀၁၄ ခုနှစ်တွင် ဂျာမန် ဘွန်ဒက်စ်လီဂါကလပ် မိုချန်ဂလာဘတ်မှ ဘာစီလိုနာသို့ ပြောင်းရွှေ့လာပြီးနောက် ဘရာဗိုနှင့် ပထမဂိုးသမားနေရာကို အပြိုင်လုနေရသူဖြစ်သည်။ ဘာစီလိုနာသည် ယခင်က တာစတီဂန်ကို လာလီဂါပွဲစဉ်များနှင့် ဘရာဗိုကို ချန်ပီယံလိဂ်ပွဲစဉ်များတွင် အသုံးပြုပြီး အလှည့်ကျ ပွဲထွက်စေခဲ့ရာ ယင်းအချက်ကြောင့် တာစတီဂန်မှာ ဘာစီလိုနာဘက်မှ စာချုပ်သက်တမ်းထပ်မံတိုးမြင့်ရန် ကမ်းလှမ်းလာမှုကို လက်မှတ်ရေးထိုးရန် နှောင့်နှေးနေခြင်းဖြစ်သည်။

တာစတီဂန်၏ ကိုယ်စားလှယ်ဖြစ်သူ ဘာ့ချ်က "သူ့ကို ခေါ်ယူချင်နေတဲ့ ထိပ်တန်းအသင်းကြီးတွေအများအပြားရှိနေပေမယ့် သူက ဘာကာမှာပဲ ပွဲထွက်ကစားခွင့်များများရရှိလိုသူဖြစ်ပါတယ်။ ဒါပေမယ့် ဘာကာဘက်က သူ့ကို ထွက်ခွင့်မပေးခဲ့ဘူးလို့ အကြောင်းပြန်ထားပြီးသားပါ။ ခုတော့ ပြည်တွင်းလိဂ်မှာရော၊ ဥရောပပြိုင်ပွဲမှာပါ ပွဲထွက်ကစားခွင့်ရမှာသေချာသွားတာကြောင့် စာချုပ်သက်တမ်းတိုးဖို့ ဘက်ကို ဦးတည်စဉ်းစားလာခဲ့ပါပြီ" ဟု ဒိုင်ရီအာရာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တာစတီဂန်နှင့် ဘာစီလိုနာတို့ လက်ရှိချုပ်ဆိုထားသည့် စာချုပ်မှာ ၂၀၁၉ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး နေမာနှင့် ဆာဂျီယို ဘက်စကွက်စ်တို့ကဲ့သို့ ကလပ်အသင်းနှင့်သာ စာချုပ်သစ် ထပ်မံချုပ်ဆိုရန် နီးစပ်လာခြင်းဖြစ်သည်။

**မေလှဲ့သင်း**

■

# ဗျတ္တပန်းဆက်လမ်းတွင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မြေသားတာပေါင်ချဲ့ခြင်း ဆောင်ရွက်



**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၈**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် ဗျတ္တပန်းဆက်လမ်းတွင် ဘုရားဖူး ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရေးအတွက် ၂၃ ဒသမ ၈ ကီလိုမီတာမှ ၂၇ ကီလိုမီတာအတွင်း မြေသားတာပေါင်ချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်နှင့် မြို့နယ်မှတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပုပ္ပား-တောင်ကလပ် ဗျတ္တပန်းဆက်လမ်း မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သန်း ၆၂ သန်းဖြင့် Asia Born ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းကို ၂၃ ဒသမ ၈ ကီလိုမီတာမှ ၂၇ ကီလိုမီတာအထိ လမ်းအရှည် ၃ ဒသမ ၂ ကီလိုမီတာအား ၁၂ ဒသမ ၁၉ မီတာအကျယ်၊ ပျမ်းမျှ ၀ ဒသမ ၉၁ မီတာအမြင့်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်မှစတင်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအထိ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်း မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းပြီးစီးပါက လမ်းအနေအထား ပိုမိုကျယ်ပြန့်သွားမည်ဖြစ်ရာ ပုပ္ပားတောင်ကလပ်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြမည့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလုပ်ငန်းဆောင်ရွက်ရာသို့ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး Asia Born ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ပုပ္ပားကျေးရွာ ဒေသခံများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေးနှင့် မြေသားတာပေါင်ချဲ့လုပ်ငန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးမှု ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ပညာပေးဟောပြောပွဲ ထန်းတောကျေးရွာ၌ပြုလုပ်

**ရေဦး စက်တင်ဘာ ၂၈**
ရေဦးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခွေးရူးပြန်ရောဂါ ကာကွယ်ရေးနေ့အထိမ်းအမှတ် ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကိုစက်တင်ဘာ ၂၆ ရက် ညနေပိုင်းက ထန်းတောကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသိပညာပေးရှင်းလင်းခြင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်၊ မြို့နယ်လဝကဦးစီးဌာနမှူး ဦးဇော်မင်းဦးတို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးနောက် အသိပညာပေးဟောပြောပွဲကိုအဆိုပါကျေးရွာ အ.မ.က၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မွေး/ကုဦးစီးဌာနမှ ဒေါက်တာခင်စန်းတင့်က ခွေးရူးရောဂါသည် ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံတွင်လည်း ဖြစ်ပွားနှုန်းမြင့်မားကာ သေဆုံးနှုန်းလည်း မြင့်မားလျက်ရှိကြောင်း၊ ခွေးရူးရောဂါ ဗိုင်းရပ်စ်ပိုးသည်ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး လူအပါအဝင်သွေးနွေးသတ္တဝါများအားလုံး ကူးစက်နိုင်ပြီး ဗဟိုအာရုံကြောသို့ ရောက်ရှိသွားပါက အသက်ဆုံးရှုံးသည်အထိဖြစ်တတ်ကြောင်း၊ ခွေးရူးကိုက်ခံရသောနေရာသည် ဦးခေါင်းနှင့်နီးပါက ရောဂါပျံ့နှံ့မှုမြန်ကြောင်း၊ ချက်ချင်းမကုသပါကအသက်ဆုံးရှုံးနိုင်ကြောင်း၊ ခွေးရူးပြန်ရောဂါလက္ခဏာပြသောအဆင့်ရောက်လျှင် ကုသရန်မလွယ်ကူကြောင်း၊ မိမိအိမ်တွင် မွေးထားသည့်ခွေးတိရစ္ဆာန်ပိုင်ရှင်များ၊ သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်သူများ၊ တိရစ္ဆာန်ဉယျာဉ်မှဝန်ထမ်းများ၊ တိရစ္ဆာန်ဆရာဝန်များသည် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံထားနိုင်ကြောင်း၊ ခွေးကိုက်ခံရပါ ဒဏ်ရာကို ဆပ်ပြာရည် သို့မဟုတ် ရေသန့်ဖြင့် ချက်ချင်းဆေးကြောပေးပြီး တတ်ကျွမ်းသောဆရာဝန်နှင့်ပြသကာ ကာကွယ်ဆေးကို သတ်မှတ်အကြိမ်ရေပြည့်မီအောင် ထိုးနှံသွားရန် အရေးကြီးကြောင်း၊ ကလေးများအိမ်မွေးတိရစ္ဆာန်များနှင့် အတူနေထိုင်စားသောက်ခြင်းမပြုသင့်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒေါက်တာခင်စန်းတင့် ဦးဆောင်သော မွေး/ကုဌာနဝန်ထမ်းများသည် အုပ်စုသုံးစုခွဲကာ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းတိုက်များသို့ ကွင်းဆင်းကာ ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ရာ စုစုပေါင်းခွေးအကောင် ၈၀ ကို ထိုးနှံပေးနိုင်ခဲ့သည်။ **သန်းထိုက်(ရေဦး)**

## နှစ်စဉ်ရေတိုးပြီးနောက်ပိုင်း အင်းဝကျုံးကိုရေများဖြင့်သဘာဝကျစွာလေ့လာနိုင်

**အင်းဝ စက်တင်ဘာ ၂၈**
နှစ်စဉ်ရေတိုးပြီးသည့်ကာလတွင် အင်းဝမြို့ဟောင်း နန်းမြို့ရိုးဘေးရှိ ကျုံးတော်ကို ရေများဖြင့် သဘာဝကျစွာ မြင်တွေ့ရသည့်အပြင် မြို့ကြီးတောင်မျက်နှာ ဟံသာဝတီတံခါးအထွက်တွင် ကျုံးကူးအုတ်တံတားကိုလည်း မြင်တွေ့နိုင်သည်။ ကျုံးတော်မှာ ဆင်ဖြူရှင်မြေဒူးမင်း တူးဖော်ခဲ့သော ကျုံးတော်ကြီးဖြစ်သည်။ ကျုံးတော်ကြီး၏ အကျယ်အဝန်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ ရွှေမြို့တော်ကြီးပတ်ဝန်းကျင်ကိုလည်း အစောက် ၁၂ တောင်၊ အချင်း ၁၅ တောင်ရှိသော နက်ဝှမ်းကြီးကျယ်ကျုံးဟု အတိုင်းအတာ အကျယ်အဝန်းကို ဖော်ပြထားသည်။ ရေတိုးပြီးကာလတွင်သာ ရေများဖြင့် သဘာဝကျစွာတွေ့မြင်နိုင်ပြီး ဆောင်းတွင်းပိုင်းတွင် ရေမရှိဘဲ ပဲစိုက်ခြင်းများကို ပြုလုပ်ကြသည်။

အင်းဝမြို့ဟောင်းမှာ မန္တလေးမြို့အနောက်တောင်ဘက် မိုင်၂၀ အကွာ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီကရီ ၅၇ မိနစ် ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၅ ပေ ဒုဋ္ဌဝတီမြစ်နှင့် ဧရာဝတီမြစ်ဆုံရာနေရာတွင် တည်ရှိသည်။ အင်းဝမြို့ဟောင်းသို့သွားသောခရီးသွားဧည့်သည်များသည် သစ်ပင်လိုဏ်ဂူတန်းဟု တင်စားထားသည့် အိုးတုတ္တန်းလမ်းကလေးမှ ဒုဋ္ဌဝတီမြစ်နံဘေးသို့သွားလေ့ရှိသည်။ ဒုဋ္ဌဝတီမြစ်ကမ်းအိုးတုတ္တန်းမှ စက်လှေဖြင့်ကူးတို့ကူးကာ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ဆုံအလှကို စစ်ကိုင်းတံတားနောက်ခံဖြင့် လှပစွာရှုမြင်ရသည်။

စက်လှေပေါ်မှဆင်းကာ တစ်ဖက်ကမ်းသို့တက်လိုက်သည်နှင့် အမျိုးသားများသာမက အမျိုးသမီးများပါမောင်းနှင်သည့် မြင်းလှည်းများက ဆီးကြိုနေလေ့ရှိသည်။ သတိုးမင်းဖျားက သက္ကရာဇ် ၇၂၆ တွင်စတင်တည်ခဲ့ကာ မင်းဆက် ၃၁ ဆက်ဖြင့် သက်တမ်း ၄၀၀ ခန့်ကြာမြင့်အောင် မြို့နန်းတည်ကာ ထီးနန်းစိုးစံခဲ့သည့်နေရာဖြစ်သည့်အားလျော်စွာ လေ့လာစရာစေတီများစွာဖြင့် ပြည့်နှက်လျက်ရှိသည်။ အင်းဝမြို့ဟောင်းမှာ လေ့လာမကုန်သော နေရာတစ်ခု၊ စိတ်ဝင်စားဖွယ်ရာ နေရာတစ်ခုပင်ဖြစ်သည်။ ခရီးသွားဧည့်သည်များကမူ ဒေသခံမြင်းလှည်းကလေးများဖြင့် သဘာဝကျစွာ စီးနင်းလေ့လာကြသည်။ မြို့ရိုး၊ မျှော်စင်၊ နန်းတော်ဟောင်းရင်ပြင်နေရာများ လမ်းဘေးတစ်လျှောက်တွင် ခဲသင်ကျောင်းဘုရားစု ဒေါ်ဂျမ်းဘုရားစုမှအစ အခြားလက်ရာမြောက်စေတီပုထိုးများမှာ အင်းဝခေတ်လက်ရာမပျက် လေ့လာနိုင်သောနေရာပင်ဖြစ်သည်။ နာမည်ကျော် သစ်သားကျောင်းဖြစ်သည့် ဗားကရာကျောင်းကို အားထားလေ့လာသလို ဗိသုကာလက်ရာထူးခြားသည့် ဝက်ပါဘုရား၊ မြင့်မိုရ်တောင်ဘုရားတို့၏ လက်ရာများမှာ အံ့သြဖွယ်ပင်ဖြစ်နေသည်။ စာဆိုရှင်များစွာထွက်ပေါ်ရာ၊ သူရဲကောင်းများစွာထွက်ပေါ်ရာ နန်းတော် အကြိမ်ကြိမ်တည်ဆောက် နန်းတည်ရာ၊ မြို့ရိုးသုံးထပ်ဖြင့်တည်ရှိရာ၊ ရှေးဟောင်းဘုရားခြောက်ရာကျော်တည်ရှိရာ၊ နံရံဆေးရေးပန်းချီများရှိရာနေရာ အင်းဝအဖြစ် ယနေ့တိုင် စိတ်ဝင်စားဖွယ်ရာ တည်ရှိနေသည်။ ရေတိုးပြီးစအချိန်တွင်မူ ကျုံးတော်ကို ရေများဖြင့် သဘာဝကျစွာ တွေ့မြင်နိုင်ကြောင်း သိရသည်။ **တိမ်တမန်**

## နေပြည်တော် ကောင်းမွန်သောဆေးဝါးကြီးကြပ်ကွပ်ကဲမှုဆိုင်ရာဆောင်ရွက်မှုသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၈**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ဦးစီးဆောင်ရွက်သည့် ကောင်းမွန်သော ဆေးဝါးကြီးကြပ်ကွပ်ကဲမှုဆိုင်ရာဆောင်ရွက်မှုသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၉ ရက်က နေပြည်တော်ရှိ မင်္ဂလာသီရိဟော်တယ်၌ ကျင်းပရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က အမှာစကား ပြောကြားသည်။

"အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်း၍ အာနိသင်ပြည့်ဝသော ဆေးဝါးများကို ပြည်သူများ သုံးစွဲနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဆေးဝါးကြီးကြပ်ကွပ်ကဲသူများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါကြောင်းနှင့် ကောင်းမွန်သော ကြီးကြပ်ကွပ်ကဲမှုများနှင့်အညီ ဆောင်ရွက်နိုင်စေရန် အဆိုပါ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း" ဒေါက်တာသန်းထွဋ်က ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကောင်းမွန်သော ဆေးဝါးကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဆေးဝါးဘေးထွက်ဆိုးကျိုးစောင့်ကြပ်သတင်းပေးပို့မှုစနစ်၊ ဆေးဆိုင်များအနေဖြင့်လည်း ဆရာဝန်များ၏ဆေးညွှန်းစာဖြင့် ရောင်းချရမည့်ဆေးဝါးများအား စနစ်တကျရောင်းချစေရေးကိစ္စများကို ဆွေးနွေးပို့ချလျက်ရှိကြောင်း တိုင်းဒေသကြီး၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အစားအသောက် နှင့်ဆေးဝါး ကွပ်ကဲရေးကော်မတီတို့မှ သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၃၁ ဦး တက်ရောက်ကြကြောင်း သိရသည်။ **သန့်မောင်**



မင်းဘူးမြို့ ရဲထားရဲတပ်ဖွဲ့ အမှတ်(၁၇)တပ်ခွဲမှ တပ်ခွဲမှူး ရဲအုပ်အောင်ဝင်း ဦးစီး၍ တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၂၆ ရက် နံနက် ၇ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးမြို့ အင်ကြင်းတောင်တောရပ် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦးအဝင်လမ်းဘေးရှိ ချုံနွယ်မြက်ပင်များကို ခုတ်ထွင်ရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။
ဖိုးပြည့်(မင်းဘူး)

## ဝန်ထမ်းနှင့်တောင်သူရင်းနှီးမှုကိုအခြေခံ၍ စိုက်ပျိုးရေးနည်းပညာများ လိုက်နာကျင့်သုံးလာစေရန် ဆောင်ရွက်

**မကွေး စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံတောင်သူများကြား ရင်းနှီးပွင့်လင်းသောဆက်ဆံရေးကိုအခြေခံ၍ အခက်အခဲ၊ လိုအပ်ချက်နှင့် ခေတ်နှင့်မလျော်ညီသော အစွဲအလမ်းများအပေါ် နည်းလမ်းရှာဖြေရှင်းခြင်း၊ ကောင်းမွန်သော စိုက်ပျိုးရေးနည်းပညာများ၊ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးလာစေရန် ပညာပေးဟောပြောခြင်း၊ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပုဂ္ဂိုလ်ခင်မှ တရားမင်မယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်း တောင်သူနဲ့စိုက်ပျိုးရေးဝန်ထမ်းကြား ခင်မင်ရင်းနှီးမှုရှိလာတာနဲ့အမျှ အခက်အခဲတွေကို ပွင့်ပွင့်လင်းလင်းတိုင်ပင်လာမယ်။ လိုအပ်ချက်တွေကိုသိလာမယ်။ လက်တွေ့အကျိုးရလဒ်ပိုင်းကို လက်ခံလာမယ်။ အကျိုးရှိမှန်း တောင်သူကသိလာရင် စိုက်ပျိုးရေးနည်းပညာနဲ့ ဝန်ထမ်းတွေအပေါ် ယုံကြည်လာမယ်။ ယုံကြည်လို့ တောင်သူက လက်ခံကျင့်သုံးရင် ပြည်သူအတွက်ရော၊ ပြည့်ဝမ်းစာအတွက်ရော အကျိုးစီးပွားတွေ အများကြီးဖြစ်ပေါ်လာမှာပါ။ ဒါကို ကျွန်တော်တို့ရည်ရွယ် လုပ်ဆောင်နေပါတယ်" ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများအနေဖြင့် စံပြကွက်များ၊ စမ်းသပ်ကွက်များ၌ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲများကို ဆောင်ရွက်လျက်ရှိပြီး စိုက်ကြပ်များ၊ မြို့နယ်စိုက်ပျိုးရေးတာဝန်ခံများမှလည်း စိုက်ခင်းအရောက် ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ဒေသအလိုက် ဝန်ထမ်းများဦးဆောင်သည့် အထွက်နှုန်းယှဉ်ပြိုင်စိုက်ကွက်များကို ၂၀၁၆-၂၀၁၇ မိုးစပါးကာလတွင် စီမံဆောင်ရွက်စေခဲ့ရာ စိုက်ကွက်သက်တမ်း ၈၆ ရက် ပန်းဖြိုင်ဖြိုင်ပွင့်ချိန် စက်တင်ဘာလလယ်၌ ကွင်းသရုပ်ပြပွဲများအား ကျင်းပပေးခဲ့ကြောင်း ယင်းကဆက်ပြောသည်။

"ဒီလ ၁၇ ရက်က ဒုလက်ထောက်ဦးစီး ဦးဇော်ဝင်းမောင်နဲ့ ဝန်ထမ်း ဒေါ်အိခိုင်ဇင်တို့ တာဝန်ယူထားတဲ့ သညန်းကျေးရွာ တောင်သူဦးဝင်းဇော်ရဲ့လယ်မှာ တောင်သူပညာပေးသရုပ်ပြပွဲ ကျင်းပခဲ့ပါတယ်။ ဒေသခံတောင်သူတွေ စံပြကွက်နဲ့ပတ်သက်တဲ့ ရည်ရွယ်ချက်တွေ ရှင်းလင်းခဲ့ပြီးတော့ စပါး၊ မတ်ပဲ၊ ကုလားပဲ၊ မြေပဲ၊ ပဲတီစိမ်း စိုက်ပျိုးရေးဆိုင်ရာ ပညာပေးစာစောင်တွေ၊ ဖျက်ပိုးနဲ့ကြွက်အန္တရာယ်ကာကွယ်ရေး လမ်းညွှန်တွေကို ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် စိုက်ပျိုးရေးဆိုင်ရာ အညွှန်းကိန်းတွေကို မြှင့်တင်နိုင်ပါလိမ့်မယ်" ဟု မင်းတုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

စိုက်ပျိုးရေးသွင်းအားစုများတွင် ဝန်ထုပ်ဝန်ပိုးများ လျော့ကျစေရေး၊ စက်မှုစွမ်းအားကို နိုင်ငံတော်၏ လုံလောက်သောပံ့ပိုးမှုဖြင့် ဆောင်ရွက်ခွင့်ရရှိရေး၊ ရေငတ်ခံ၊ ဆားငန်နှင့် သဘာဝဒဏ်ခံမျိုးများ နှစ်စဉ်ရရှိရေး၊ ဆေးကြွင်းအာနိသင်ကင်းစင်ရေး၊ နိုင်ငံခြားဈေးကွက်ယှဉ်ပြိုင်နိုင်သည့် လယ်ယာထွက်ကုန်များမှတစ်ဆင့် တောင်သူအကျိုးစီးပွား မြှင့်တင်နိုင်ရေး စသည့်လုပ်ငန်းများတွင် တောင်သူနှင့် စိုက်ပျိုးရေးဝန်ထမ်းများကြား ရင်းနှီးယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုမှာ နိုင်ငံတော်အတွက် အရေးကြီးသောအခြေခံ အကြောင်းတစ်ချက်ပင်ဖြစ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူးတစ်ဦး၏ သုံးသပ်ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

## ရိခေါဒါရ်မြို့လမ်းဘေးပျံကျဈေးအား အန္တရာယ်ကင်းရှင်းသည့် နေရာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်



**ရိခေါဒါရ် စက်တင်ဘာ ၂၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၊ စည်ပင်သာယာရေးဌာန တာဝန်ခံ ဦးဟောက်ခုပ်နှင့် ရပ်ကွက် (၂) အုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ပုဂ္ဂလိကပိုင်မြေဖြစ်သည့် ဦးဘီးအဲန်းအာ၏ မြေကွက်အား ယာယီဈေးမြေနေရာအတွက် အသုံးပြုနိုင်ရန် ဆွေးနွေးညှိနှိုင်းရာ မြေကွက်ပိုင်ရှင်ကလည်း ဒေသလိုအပ်ချက်များကို အလေးထားပြီး စေတနာထက်သန်စွာ ယာယီငှားရမ်းပေးခြင်းကြောင့် လက်ရှိလမ်းဘေးပျံကျဈေးအား အန္တရာယ်ကင်းရှင်းလုံခြုံသည့် မြေနေရာသစ်သို့ စက်တင်ဘာ ၂၆ ရက်က ယာယီပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

"လက်ရှိအသုံးပြုနေတဲ့ လမ်းဘေးပျံကျဈေးနေရာဟာရိခေါဒါရ်မြို့တွင်း အချက်အချာကျတဲ့ လမ်းဆုံလမ်းခွဖြစ်လို့ လူနဲ့ယာဉ်ဝင်ထွက်သွားလာမှု များပြားစည်ကားရှုပ်ထွေးပြီး မြို့တွင်းလမ်းမကလည်း ကျဉ်းမြောင်းနေတဲ့အတွက် ဈေးရောင်းဝယ်လျက်ရှိနေတဲ့ ပြည်သူတွေပြည့်နှက်နေတာကြောင့် ယာဉ်အန္တရာယ် အလွန်စိုးရိမ်ရတဲ့နေရာဖြစ်နေပါတယ်။ ရိခေါဒါရ်မြို့ဟာ အိန္ဒိယ-မြန်မာနယ်စပ်မြို့တစ်မြို့ဖြစ်တဲ့နည်းတူ နှစ်နိုင်ငံစီးပွားကူးသန်းရောင်းဝယ်မှုပြုလုပ်တဲ့ ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်နေတဲ့အတွက် မြေလွတ်တဲ့နေရာအလွန်ရှားပါးပြီး ပျံကျဈေးမြေနေရာအတွက်ဆိုရင် မြေနေရာစီစဉ်ဖို့ တော်တော်ခက်ခဲပါတယ်။ အခုအခါမှာတော့ သက်ဆိုင်ရာဌာနတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ စေတနာထက်သန်တဲ့ ရပ်ကွက်ပြည်သူတစ်ဦးတို့ ပေါင်းစပ်ကြိုးပမ်းအားထုတ် စီစဉ်မှုတွေနဲ့ ယာယီပျံကျဈေး ရွှေ့ပြောင်းနိုင်တော့ ပြည်သူတွေစိတ်အေးချမ်းသာမှုတွေ ရရှိသွားပါတယ်။ ဒီလိုဖြစ်လာအောင် ဒေသကောင်းကျိုးကို မျှော်မှန်းပြီးတော့ ဆောင်ရွက်သွားတဲ့ပုဂ္ဂိုလ်တွေအပေါ် အတိုင်းမသိကျေးဇူးတင်ပါတယ်" ဟု မြို့မိမြို့ဖတစ်ဦးကပြောသည်။

အဆိုပါမြေကွက်သစ်နေရာတွင် ရပ်ကွက် (၂) အုပ်ချုပ်ရေးအဖွဲ့များက ၎င်းမြေနေရာအသစ်တွင် ပျံကျဈေးတဲများ ဆောက်လုပ်ခြင်း၊ လူနှင့်ယာဉ်များ ဝင်ထွက်သွားလာနိုင်စေရန် လမ်းများစီစဉ်ပြုပြင်ပေးခြင်းနှင့် ဈေးခန်းနေရာ သတ်မှတ်ချထားခြင်းတို့ ဆောင်ရွက်ပြီး ယင်းယာယီဈေးမြေနေရာငှားရမ်းအသုံးပြုမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာန ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် မြေကွက်ပိုင်ရှင်များနှစ်စဉ်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ လမ်းဘေးပျံကျဈေးအား ယာယီဈေးမြေနေရာသစ်သို့ ငြိမ်းချမ်းစွာ ပြောင်းရွှေ့ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ ယင်းမြေကွက်ငှားရမ်းမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် မြေကွက်ပိုင်ရှင်များအကြား နှစ်စဉ်ဆက်လက်ပူးပေါင်းဆောင်ရွက်ထားရှိရန် စီစဉ်ထားကြောင်း သိရသည်။

**ဒိုဟေဆာ**




**နောင်တရား စက်တင်ဘာ ၂၈**

နောင်တရားမြို့ရပ်ကွက်(၁) ထီနောင်ရေကန် ရပ်ကွက်(၂) နောင်ယဉ်ကန်ကြီးနှင့် နောင်ယဉ်ကန်သေးတို့ကို ရေလှောင်တမံအဖြစ် တည်ဆောက်နိုင်ရန်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဟိုပုံး)မှ ဝန်ထမ်းများသည် စက်တင်ဘာ ၂၆ ရက်တွင် ကွင်းဆင်းတိုင်းတာခဲ့သည်။ အဆိုပါကန်များသည် နောင်တရားမြို့တွင်းနှင့် မြို့အနီးကျေးရွာများရှိ ပြည်သူများက သောက်ရေသုံးရေနှင့် စိုက်ပျိုးရေများအဖြစ် အသုံးပြုလျက်ရှိပြီး အဆိုပါရေလှောင်ကန်များသည် နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲများ ကြုံတွေ့လျက်ရှိသည်။ အဆိုပါရေကန်များမှ သောက်ရေ၊ သုံးရေနှင့် စိုက်ပျိုးရေများအတွက် ပိုမိုအကျိုးရှိစေမည့် ကန်တစ်ကန်ကို ရေလှောင်တမံအဖြစ် တည်ဆောက်မည်ဟု သိရသည်။ ရေလှောင်တမံတည်ဆောက်ပြီးပါက နောင်တရားမြို့အနီးတစ်ဝိုက်၌ တည်ရှိသော ကျေးရွာများတွင် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး စိုက်ပျိုးရေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပါလျှီး-ကျိုင်းလပ်ဒေသရှိ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တာချီလိတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ ပါလျှီး-ကျိုင်းလပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဝမ်တုံကျေးရွာ၊ နမ့်ခင်းကျေးရွာ၊ နမ့်ဝမ်းကျေးရွာ၊ ဝမ်မီးကောင်ကျေးရွာတို့ရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ၊ ပန်ပဲ(အောက်)ကျေးရွာမြေသားလမ်း၊ ပန်ပဲ(အထက်)ကျေးရွာကျောက်ချောလမ်း၊ ဝမ်မီးကောင်ကျေးရွာကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုငွေကျပ် ၁၈ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ကျေးလက်လမ်းငါးလမ်း စုစုပေါင်းအရှည် ခုနှစ်မိုင်ကိုလည်းကောင်း၊ ငွေကျပ် ၁၇ ဒသမ ၅ သန်းဖြင့် ကျေးရွာများအတွင်း တံတားခုနစ်စင်းကိုလည်းကောင်း၊ ငွေကျပ် ၃၈ ဒသမ ၅ သန်းဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်း ၂၁ ခုကိုလည်းကောင်းဆောင်ရွက်နေမှုများကို သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၂၅ ရက်က လုပ်ငန်းကဏ္ဍများအလိုက် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ပြည်သူများအန္တရာယ်ကင်းဝေးစေရေး မော်တော်ယာဉ်မောင်းနှင်သူများအား အရက်မူးတိုင်းကိရိယာဖြင့်စစ်ဆေး

**မြင်းခြံ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့အဝင် အမှတ် (၁၉) ရပ်ကွက်ရှိဒက္ခိဏာရီလမ်းဆုံတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၏ ယာဉ်မောင်းသူများကို အရက်သေစာမူးပြီး မောင်းနှင်မှုမရှိစေရေးအတွက် အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် စက်တင်ဘာ ၂၆ ရက်ည ၇ နာရီက စတင်စစ်ဆေးခဲ့ကြောင်း သိရသည်။

အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၏ ယာဉ်မောင်းသူများကိုစစ်ဆေးရခြင်းမှာ ခရီးသွားပြည်သူများအနေဖြင့် ယာဉ်စီးနင်းလိုက်ပါရာတွင် အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်တိုက်မှုမဖြစ်စေရေးတို့ဖြစ်ကြောင်းနှင့် မြင်းခြံမြို့နယ်အတွင်း ယင်းကိရိယာဖြင့် ပထမဦးဆုံး စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များအားရပ်တန့်၍ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့်စစ်ဆေးရာသို့ မြင်းခြံမြို့ အမှတ် (၉၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးလှသိန်း၊ ရဲအုပ်စိုးမိုးအောင်တို့ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာနမှအဖွဲ့ဝင်များ၊ အမှတ် (၁၉) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

ကြေးမုံ



# မပြီးဆုံးသောငြိမ်း (သို့မဟုတ်) မြို့မငြိမ်းလွန် ၆၁ နှစ်

ဆူးငှက်



ဆရာမြို့မငြိမ်း၏ ဂီတအလုပ်ဆိုသည်က သီချင်းတွေ ရေးရုံဖြင့် တင်းတိမ်ကျေနပ်ကာ အချိန်ကုန်ခဲ့သည် မဟုတ်။ သေးသေးမွှားမွှားမဟုတ်။ ဆရာ့ရည်ရွယ်ချက်၊ ဆရာ့စိတ်ကူးစိတ်သန်းက မြို့မတူရိယာအသင်း စတင် သန္ဓေတည်စဉ်ကပင် မြန်မာ့ဂီတကို ကမ္ဘာ့အဆင့်သို့ မြှင့်တင်စေရန်နှင့် ဆင်ဖိုနီခေါ် မြန်မာ့သံစုံတီးဝိုင်းကြီး ဖွဲ့စည်းနိုင်ရေးကို ရည်ရွယ်ဦးတည် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ဂီတနှင့်ပတ်သက်၍ ကြီးကြီးကျယ်ကျယ် မြင့်မြင့် မားမား စိတ်ကူးထားသူဖြစ်သည်။ ဂီတတွင် နယ်နိမိတ်မရှိ၊ လူမျိုးမခွဲခြား၊ ကန့်သတ်မှုမထားအပ်၊ လူသားအားလုံးပိုင်ပစ္စည်းအဖြစ် ယုံကြည်သည်။ ဂီတသည် အလွန်လေးနက်သည့်သဘောရှိသည်ဟု ခံယူသူလည်းဖြစ်၏။ စာဖြင့်ဖွဲ့မပြနိုင်သည့် ရင်ဖြင့်ခံစားမှုကို ဂီတဖြင့် ဖော်လှစ်နိုင်သည်ကို ဆရာမြို့မငြိမ်းက အကြွင်းမဲ့ လက်ခံသည်။ ထို့ကြောင့် နားဖြင့်သာမက ရင်ဖြင့်ခံစားနိုင်သည့် ဂီတမျိုးကို ဆရာက ဖွဲ့ချင်သည်။

သို့သော် အနေအထိုင် ရိုးသားသိုသိပ်လွန်းလှသဖြင့် ဆရာမြို့မငြိမ်း၏ ရည်ရွယ်ချက်နှင့် စိတ်ကူးစိတ်သန်းအား ထဲထဲဝင်ဝင် သိရန်မလွယ်ကူ။ မသိခဲ့ကြ။ ထိုအခါ ဆရာ့တွေ့လျှင် သီချင်းစပ်ခိုင်းဖို့၊ သီချင်းတောင်းဖို့ပဲ အားထုတ်ကြသည်။ ဂီတကို နားလည်သူများကပင် သူ့ကို နားမလည်ခဲ့ကြ။ ဆရာသည် ထိုကွာဟမှုကို ကြံ့ကြံ့ခံသည်။ ထိုသူတို့ လိုလားသော သီချင်းစပ်ခြင်းအလုပ်ကို ဖြစ်အောင်လုပ်ပေးကာ ဆရာ့စိတ်ကူးစိတ်သန်း၊ ဆရာ့ရည်မှန်းချက်အတွက် ရှိသမျှအင်အား အစွမ်းအစတွေ ထုတ်သုံးပြီး ဇွဲကြီးနပဲကြီး ကြိုးစားခဲ့သည်။

လောကဓံ၏ အရိုက်အပုတ် အဆင်းရဲအပင်ပန်း ဒဏ်ကို မတုန်မလှုပ်ခံ၏။ ငတ်ပြတ်မှုကို ရင်ဆိုင်ခဲ့ရ၏။ သို့သော် လုပ်ရသမျှ၊ ပင်ပန်းသမျှ၊ အနစ်နာခံရသမျှ သမင်မွေးရင်း ကျားစားရင်းဖြစ်ရသည်။ အိတ်ပေါက်နှင့် ဖားကောက်ခဲ့ရသည်။ တချို့ဖြစ်ရပ်များက လှေပြေးတုန်းတက်ကျိုးအဖြစ်မျိုး ရင်ဆိုင်ခဲ့ရ၏။

ထိုနှစ် (၁၉၅၂) တွင် ထိုစဉ်က ဝန်ကြီးတစ်ဦးဖြစ်သူ ဦးထွန်းဖေ၏ မေးမြန်းချက်အရ မြန်မာသီချင်းကြီးများအား International Note၊ Staff Note တို့နှင့် မှတ်တမ်းတင်တီးမှုတ်၍ ရ-မရဟူသော မေးခွန်းအပေါ် "စံရာတောင်ကျွန်း" ကြိုးသီချင်းကြီးအား မြို့မအသင်းသားများက တီးမှုတ်စေကာ သက်သေပြခဲ့သည်။ သို့သော် မြန်မာသီချင်းကြီးများကို ဂီတသင်္ကေတအားအသုံးပြုပြီး ခေတ်မီတူရိယာပစ္စည်းများနှင့် တီးမှုတ်နေသည်မှာ မြို့မစတင်ဖွဲ့စည်းခဲ့သည့် ၁၉၂၈ ခုနှစ်ကတည်းကဖြစ်၏။ ထို့ကြောင့် ဝန်ကြီးက မြန်မာသီချင်းကြီးများကို ကမ္ဘာသုံးသင်္ကေတနှင့် ရေးသားပြုစု၍ ထိန်းသိမ်းလျှင် နောင်အရှည်သဖြင့် အကျိုးများဖွယ်ရှိကြောင်း၊ ထိုအခါကျမှ နားလည်သဘောပေါက်ကာ ကက်ဘိနက်တွင် ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ချက်ရယူပြီး နောက်တစ်နှစ်အကြာ (၁၉၅၃ခု၊ ဧပြီလ) ၌ မဟာဂီတ အကြံပေးအဖွဲ့ဖွဲ့ကာ မဟာဂီတသီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်းနှင့် မူမှန်စံပြထားရှိရေး၊ အမှတ်သင်္ကေတပြုရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ်သံထွက် ပြုလုပ်ရေးကိစ္စအား ဆောင်ရွက်ခဲ့ပါသည်။

၁၉၅၂ ခုနှစ် သင်္ကြန်သည်လည်း ပြည်ထောင်စုသင်္ကြန်အဖြစ် မန္တလေးမြို့၌ ကျင်းပခဲ့သည်။ ဆရာမြို့မငြိမ်းက သူ့မိတ်ဆွေ ကလယ်ရီနက် တောင်မြို့ဦးကိုလေးနှင့် တွဲဖက်ပြီး၊ အမရပူရA.M.B.Aကားအသင်းမှ ဒရိုင်ဘာ၊ စပယ်ယာများဖြင့် တေးသံစုံရေသဘင်အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပြီး ပြည်ထောင်စုသင်္ကြန်မှာ ဆင်နွှဲခဲ့သည်။ ဂီတအား နကန်းတစ်လုံးမှ မတတ်သော ဒရိုင်ဘာစပယ်ယာများကို ရသမ်၊ လိဒ်၊ ဘော့စ်၊ ဂီတာ၊ စကရက်ချာ၊ ရှာကာစသော အနောက်တိုင်း ဂီတပစ္စည်းများအစား ထန်းသီးခလောက်၊ ဗူးသီးခြောက်၊ ရာဘာပြားကျက်သံစည်ပိုင်းဗုံ၊ ဝါးပုလွေအတိုအရှည်များဖြင့် အုပ်စုဖွဲ့ တီးခတ်စေပြီး "စောင်းကောက်" ရေသဘင်သံစုံတီးဝိုင်းကို ဖွဲ့စည်းပွဲထုတ်ပြခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ပီကင်းနိုင်ငံတကာငြိမ်းချမ်းရေးညီလာခံအတွက် "ငြိမ်းချမ်းရေးသည် ပျားသကာကဲ့သို့ အစဉ်" အစချီ "ငြိမ်းချမ်းရေး" သီချင်းနှင့် မန္တလေးကျုံးထိပ်မှာ ကျင်းပသော တောင်သူလယ်သမားညီလာခံအတွက်"မင်းရာဇာ" သီချင်းများလည်း ရေးစပ်ခဲ့သည်။

အများသူငါက "လ" ကို အဝန်းအဝိုင်း "လဝန်း" ဟု သမားရိုးကျရေးစပ်ခဲ့ရာမှ "လလုံး" ဟု ထူးထူးခြားခြား ရေးစပ်ခဲ့သော "စာဆိုခံလလုံး" သီချင်းကို ထိုနှစ်များက ရေးစပ်ခဲ့ခြင်းဖြစ်ပါ၏။ "မြန်မာ့မဟာဂီတ သီချင်းကြီးများအား ကမ္ဘာသုံးဂီတသင်္ကေတပညာဖြင့် ကူးပြောင်းလေ့လာရန် မြန်မာ့ဂီတကမ္ဘာ့ အဆင့်မီစေရန်" စသော ရည်ရွယ်ချက်များကို ဦးတည်ချက်မပျောက်စေဘဲ မဟာဂီတက သီချင်းကြီးများမှ အသွားများကို ခေတ်မီဝိုင်းဖွဲ့ပုံစံဖြင့် တီးခတ်ခြင်း စမ်းသပ်မှုများကို ဆရာငြိမ်း၏ သီချင်းများတွင် တွေ့ရှိရသည်။ ထိုသီချင်းများတွင် ဆရာ့ရည်မှန်းချက်၊ ဆရာ့စိတ်ကူးစိတ်သန်းများ၊ စမ်းသပ်တီထွင် ပြသခဲ့ပါ၏။ ထို့ကြောင့် ဆရာမြို့မငြိမ်း၏ သီချင်းအတော်များများတွင် မဟာဂီတအသွားများအား ပုံစံသစ်ဖြင့် တီးမှုတ်မှုများ တွေ့ရှိရခြင်းဖြစ်ပါသည်။

၁၉၅၄ ခုနှစ် -

ထိုနှစ်ထိုကာလမှာ ဆရာမြို့မငြိမ်းအဖို့ သူ့စိတ်ကူးစိတ်သန်းများ အကောင်အထည်ဖော်လိုခြင်းဆန္ဒတွေ ထွေပြားများပြားနေသော နှစ်ကာလပင်ဖြစ်သည်။ မြို့မတူရိယာဝိုင်းကို လေမှုတ်များအပြင် ကြိုးတပ်တူရိယာများဖြင့်လည်း တိုးချဲ့မြှင့်တင်ချင်သည်။ မဟာဂီတမူမှန်ဖြစ်ရေးနှင့် သင်္ကေတပြုရေး အစည်းအဝေးတွေလည်း ရန်ကုန်သို့ ကူးချည်သန်းချည် တက်နေရ၏။ အေဝမ်းကလည်း ရုပ်ရှင်သီချင်းတွေ တောင်းနေသည်။ ထိုအချိန်မှာပင် ဆရာမြို့မငြိမ်းနှင့် ဂီတရည်းမှန်းချက်လည်းတူ၊ ညီရင်းအစ်ကိုတမျှလည်း ရင်းနှီးမှုရှိသော ဓားတန်းဦးသန့်သည် အခြားအနုပညာရပ်များနည်းတူ ရုပ်ရှင်ပညာကိုလည်း လေ့လာလိုက်စားသူပီပီ အမျိုးသားအနုပညာရသစုံပါဝင်သော ရုပ်ရှင်လုပ်ငန်းကို အထက်မြန်မာနိုင်ငံအနေနှင့် ရှင်သန်ထက်မြက်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ရန်အတွက် "မန္တလေးရုပ်ရှင်ကုမ္ပဏီလီမိတက်" ထူထောင်ဖို့ ကြိုးပမ်းခဲ့ပါသည်။

ရုပ်ရှင်ပညာနှင့်ပတ်သက်ပြီး လုပ်မစားရုံတမယ် အသိကြွယ်၊ အတွေးအမြင် ရှင်သန်ထက်မြက်သူ ဓားတန်းဦးသန့်နှင့် ခေတ်မီအမြင်ကျယ်သော မန္တလေးသား အနုပညာမြတ်နိုးသူများ ပူးပေါင်းဖွဲ့စည်းခဲ့ကြသည်မို့ "မန္တလေးရုပ်ရှင်ကုမ္ပဏီလီမိတက်" အတွက် ဂီတမှူးအဖြစ် ဆရာမြို့မငြိမ်းအား တာဝန်ပေးကြသောအခါ ဆရာကလည်း လိုလားစွာ လက်ခံခဲ့ပါသည်။ လုပ်ငန်းသဘောသဘာဝသာမက နောက်ဆံမတင်းစွာ ဂီတအလုပ်ကို လုပ်နိုင်ရန်အတွက် "လခစား" အဖြစ် တာဝန်ယူစေသည်ကိုပင် တစ်သက်လုံးငွေကြေးနှင့် ဂီတအလုပ်မလုပ်ခဲ့သူ ဆရာမြို့မငြိမ်းမှာ သူ့ရည်မှန်းချက်နှင့်သူ စိတ်ကူးစိတ်သန်းများ တွင်ကျယ်စွာ လုပ်နိုင်ရေး ရှေ့ရှုကာ လိုက်လျောခဲ့သည်။ ထိုအချိန်တွင်ပင် သူချစ်သော အားကိုးသော သားကြီးကိုမောင်မောင် ရုတ်တရက်ကွယ်လွန်ခဲ့သည်။

စိတ်ရောကိုယ်ပါ ပျားပန်းခပ်နေသည့်အခိုက် မန္တလေးရုပ်ရှင်လီမိတက်၏ တာဝန်တစ်ခု ပိုလာသော်လည်း၊ သူလုပ်လိုသော စိတ်ကူးဖြစ်သည်။ Musical Picture ဂီတ ကားပိုင်းတိုလေးတွေကို မန္တလေးရုပ်ရှင်လီမိတက်နှင့် ထုတ်လုပ်နိုင်ရန် ပြင်ဆင်ကြိုးပမ်းခဲ့သည်။ မြို့မအသင်းနှင့်အတူ တယောသမားများပါ စုစည်းကာ တိမ်ထိုး၊ ရွှေအိုးစည် သံပြိုင်သီဆိုမှုနှင့် အက၊ အငြိမ့်ကကြိုး၊ အိမ်သူပီပီနှင့် တိမ်လွှာမို့မို့လွင် တို့ကို စတင်ခဲ့၏။ စိတ်ကူးရှိသမျှ ပင်ပန်းရမှန်းမသိ စမ်းသပ်သည်။ အတော်အတန် ခရီးပေါက်သောအခါ သူ့ရည်မှန်းချက်အတွက် လမ်းပွင့်ပြီဟု ဝမ်းသာပီတိဖြစ်ခဲ့သည်။

"ဆေးသားနဲ့ ရုပ်လုံးတော့ ပေါ်ပြီ၊ အလင်းနက်မှောင်ပဲ လိုတော့တယ်" ဟု အားတက်သရောပြောရင်း ဒေါင်းရိုး တယောဦးရင်လေးအိမ်၊ မြို့မအသင်းတိုက်၊ မန္တလေးရုပ်ရှင်ခြံများသို့ လွန်းပျံဇယ်စက် သွားလာအားတက်ခဲ့ပါ၏။ သို့သော် ထိုသို့ အားတက်မှုက ဖြည်းဖြည်းချင်း အရှိန်လျှော့လာသည်။ တချို့ရက်တွေ၌ အိမ်မှာပင် နားနေတတ်၏။ နားနေပုံက စိတ်ပျက်လက်ပျက်။ တစ်ခါတစ်ရံ တွေဝေငေးမောနေပုံက အသက်ပင်ရှုပါလေစဟု အောက်မေ့ ရလောက်အောင် ဤသို့ အခြေပျက်အနေပျက်ရှိနေရာမှ စကားအဆက်အစပ်မရှိဘဲ "ဘဘ ဒီတစ်ခါ ဇာတ်ညွှန်းပဲ ရေးစားတော့မယ်။ သူတို့က ဘဘခေါင်းကို ဖြတ်လိုချင်ကြတယ်။ ဘဘတစ်ကိုယ်လုံးလည်း ခေါင်းပဲ အဖိုးတန်တော့တယ်မဟုတ်လား" ဟု သမီးကြီးအား မပြောစဖူး ပြောလာတော့သည်။

ဤသို့ဖြင့် -

၂၈လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြား မြေစိုက်တစ်ထပ်အိမ်ကလေးထဲမှာ တစ်ယောက်အိပ် ခုတင်လေးပေါ်မှာ နဂါးဆေးလိပ်တွင်တွင်ဖွာရင်း တွေဝေငေးမောနေတတ်သော ဆရာမြို့မငြိမ်း၏ တင်းနေသောမေးရိုးကို ခပ်မှိန်မှိန် ဖယောင်းတိုင်မီးရောင်မှာ မြင်နေရ၏။ ရရာအသားတိုလေးများဖြင့် ဖြစ်သလိုရိုက်ထားသော စင်ကလေးပေါ်မှာ ဝိသုဒ္ဓိမဂ်၊ မာလာလင်္ကာရဝတ္ထုတော်ကြီး၊ နဝဒေးဆို ရတုပေါင်းချုပ်၊ နတ်သျှင်နောင်ရတု၊ ဂီတမေဒနီကျမ်း၊ အနုစာပေ ကောက်နုတ်ချက် စသောစာအုပ်ကလေးများကို စီစီရီရီ ထပ်ထားသည်။ ဘယ်အချိန်က တင်ထားမှန်းမသိသော မီးငြိမ်းနေသည့် သောက်လက်စ ဆေးလိပ်တိုလေးတစ်တိုကိုလည်း စင်ပေါ်တင်ထားသည်။ စာအုပ်ဖုံးပေါ်မှာလည်း ဘီးဟောင်းလေးတစ်ချောင်း။

ခုတင်မှာ နှီးချောချောလေး ခင်းထားသည်။ ခေါင်းရင်းမှာ အနီအနက်ကြား ချည်စောင်လေးတစ်ထည် ခေါက်တင်ထား၏။ မယ်ဒလင်လေးတစ်လက်၊ တယောလေးတစ်လက်က ဂီတသင်္ကေတစာရွက်များနှင့်အတူ လှဲလျောင်းနေသည်။ ဝါခေါင်လလယ်မို့ မြစ်ပြင်လယ်မှာ ရေဖောင်ဖောင်ထနေပေရော့မည်။ လေရူးကလည်း တသုန်သုန်။ ပြတင်းပေါက်မှဝင်လာသော လေရူးတစ်ချက်က ဆရာမမြို့မငြိမ်းထိုင်နေသော ခုတင်လေးပေါ် ဝှေ့တိုက်လိုက်တော့၏။

လေတစ်ချက်အဝှေ့မှာ ခုတင်ဘေးပေါ်မှ ဂီတသင်္ကေတစာရွက်တချို့ ဝရုန်းသုန်းကားလွင့်သွားသည်။ "တိမ်လွှာမို့မို့လွင်" ကို လေမှုတ်ရော ကြိုးတပ်တူရိယာများနှင့်ပါ သံစုံတီးမှုတ်ရန် ရေးဖွဲ့ထားသည်။ ဂီတသင်္ကေတစာရွက်ကလေးက လေနှင့်အတူ ဝဲကာဝဲကာလွင့်၊ ဝင်ပေါက်တံခါးမကြီးမှ လွင့်ထွက်သွားကာ အိမ်ပြင်လမ်းမဆီထိ လွင့်သွား၏။ ခုတင်ခေါင်းရင်း စာအုပ်လေးပေါ်က ဆီမီးခွက်လေးမှ ထွန်းထားသည့် ဖယောင်းတိုင်မီးလေးက လေအဝှေ့မှာ ဝပ်စင်းအားလျော့သွားကာ ငြိမ်းလုလု။

လမ်းမဆီလွင့်သွားသော "တိမ်လွှာမို့မို့လွင်" သည် ဝဲကာ ဝဲကာ အမြင့်ဆီတက်ရင်း အဝေးဆီလွင့်ပျံ့လေ၏။ ဤသို့ဖြင့် ဟိုးမန္တလေးမြို့ အနောက်တောင် ဆင်ခြေဖုံးရပ်ကွက်လေးတစ်ကွက်အစွန်းမှ တမာပင်ပျို ဝါးကွပ်ပျစ်ငယ်၊ သရေဖိနပ်လေးတစ်ရံ ချွတ်ထားရစ်စေခဲ့မည့် နေရာလေးတစ်နေရာရောက်ပါမှ ရုတ်ချည်းမြေသို့ လျှော့ကျသက်ဆင်းသည်။

အုတ်ကျိုး၊ အုတ်မှုန်တွေ ရောထွေးကာ နီကျင့်ကျင့်အဆင်းပေါက်နေသည့် မြေလမ်းလေးအတိုင်း အုတ်ကားတစ်စင်း ရုတ်တရက်မောင်းဝင်အလာ။

"မှိုင်းပြာရီညို့ တိမ်လွှာမို့မို့လွင်" အပေါ် ကားဘီးရာများ ထင်ကျန်သွားပါပကော။

ထို့နေ့ကား -

၁၉၅၅ခု စက်တင်ဘာလ (၁၅) ရက်။

၁၃၁၇ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၃) ၇က်။

ကြာသပတေးနေ့။

ဤနေ့ ဤရက်မှာပင် ဆရာမြို့မငြိမ်းသည် မန္တလေးမြို့စိန်ပန်းသံလျက်မှော်အနောက်ပိုင်း တက်သေးအင်း၊ တရုတ်သင်္ချိုင်း၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာတွင်ရှိသော မြေလမ်းတစ်လမ်းဘေးဘေးတွင်။

ဤသို့ဖြင့် -

ဇနီး ဒေါ်သန်းနှင့် သားမီး (၈)ယောက်တို့အား . . . ထား . . . ရစ် . . . ခဲ့ . . . လေ . . . တော့ . . . ၏။

"မျက်စိတစ်ဆုံးမျှော်တိုင်း . . . မိုးကုတ်စက်ဝိုင်းအတွင်းမှာ များပြားလှစွာ သက်ရှိသက်မဲ့အရာ ဘာနဲ့မှပင် တူတယ်မထင်မိပါ" . . . တဲ့။

ဆရာမြို့မငြိမ်း ရေးသားခဲ့သော သီချင်းတစ်ပုဒ်မှ စာသားတစ်ပိုင်းတစ်ကဲ့သို့ပင် ဆရာ့ဂီတ၊ ဆရာ့အနုပညာ၊ ဆရာ့တေးသွား၊ ဆရာ့သီချင်းများကား၊ "မျက်စိတဆုံး မျှော်တိုင်း . . . မိုးကုတ်စက်ဝိုင်းအတွင်းမှာ ဘာနဲ့မျှပင် တူတယ်မထင်" မိအောင် ရွှန်းလဲ့တောက်ပလျှပဝေဆာခဲ့ချေပြီ။

မကြာမီ -

ဆရာမြို့မငြိမ်း ကွယ်လွန်ခဲ့သည်မှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ဆိုလျှင် ၆၁ နှစ် ပြည့်ချေပြီ။ ဆရာမရှိတော့သော်လည်း ဆရာကိုယ်တိုင် အသက်ကိုပေးဆပ်၍ မျှော်လင့်ရည်မှန်း အကောင်အထည်ဖော်လိုသည့် "မြန်မာဂီတ အဆင့်မြင့်ခေတ်မီရေး၊ ကမ္ဘာ့အဆင့်မီ မြန်မာ့ဂီတသံစုံတီးဝိုင်းကြီး ပေါ်ပေါက်ရေး"ဟူသော စိတ်ကူးကောင်း အစီအမံကောင်း၊ အစီအစဉ်ကောင်းများသည် ဆရာ့ဝိညာဉ်၊ ဆရာ့နှလုံးများနှင့်အတူ ကမ္ဘာတည်သည်အထိ တည်ရှိနေပေဦးမည်။

ထိုအခါ -

ဆရာသည် . . .

"တိမ်လွှာလေးတွေ ပြေးကာ. . . . တရွေ့ရွေ့ယူငင်" နေသည့် ကောင်းကင်ယံထက်မှ ဆရာအားစိုက်ကြိုးပမ်းခဲ့သည့် "အိမ်သူပီပီ . . . " ကို ဆရာဖြစ်စေချင်သလို သံစုံတီးမှုတ်နေမည့် "မြို့မဆင်ဖိုနီအောက်ခက်စတြာ" တီးဝိုင်းကြီးအား စောင့်စားကြည့်ရှုနေပေလိမ့်မည်။

ထိုမှ. . . ထိုမှတစ်ဆင့် . . .

မျှော်လင့် . . .

မျှော် . . . လင့် . . . ရင်း။

ဤသို့ဖြင့် . . .

"ဆရာမြို့မငြိမ်း"

ထာဝရ အသက်ရှင်နေမှာ သေချာသည်။

# အစေးခြစ်လုပ်သားများ စိတ်ဝင်စားမှုနည်းပါး၍ ရော်ဘာစိုက် တောင်သူများ လုပ်ငန်းခွင်စတင်ရန် အခက်အခဲနှင့် ကြုံတွေ့နေ

**ရေး စက်တင်ဘာ ၂၈**

ရေးမြို့နယ် ရော်ဘာဈေးကွက်ယခင်နှစ် အဖွင့်ဈေးမှာ R3 အစိမ်းပြားတစ်ပေါင်ကို ၅၅၀ ကျပ်ဖြင့် ဖွင့်ပြီး အပိတ်ဈေးမှာ တစ်ပေါင်လျှင် ၅၅၀ ကျပ်ဈေးဝန်းကျင်ခန့်ဖြစ်ခဲ့ရာ ယခုလက်ရှိ ရော်ဘာပေါက်ဈေးတစ်ပေါင်လျှင် ၅၀၀ အထက်တွင်ရှိနေသော်လည်း အစေးခြစ်လုပ်သားများ စိတ်ဝင်စားမှုနည်းပါးနေကြ၍ ရော်ဘာစိုက်ပျိုးတောင်သူအများစုမှာ လုပ်ငန်းခွင်စတင်ရန် အခက်ခဲနှင့် ကြုံတွေ့နေကြကြောင်း သိရသည်။

မွန်ပြည်နယ်တွင် စိုက်ဧက၊ အစေးခြစ်ဧကနှင့် ထွက်ရှိမှုအများဆုံးမှာ ရေးမြို့နယ်ဖြစ်ပြီး ရေးမြို့နယ်တွင် စိုက်ဧက ၁၅၁၅၆ ဧကရှိ၍ အစေးခြစ်ဧက ၁၁၃၆၉၇ ဧကရှိကာ ဒုတိယအများဆုံး ကျိုက်မရောမြို့တွင် စိုက်ဧက ၈၁၃၉၇ ဧကရှိပြီး အစေးခြစ်ဧက ၄၇၁၉၅ ဧကရှိသည်။ တတိယအများဆုံးမှာ သံဖြူဇရပ်မြို့ဖြစ်ပြီး စိုက်ဧက ၆၅၀၁၅ ဧကရှိရာ အစေးခြစ်ဧက ၅၀၈၇၅ ဧကဖြစ်သည်။ မော်လမြိုင်မြို့သည် စိုက်ဧက ၂၂၂၅ ဧက ရှိပြီး အစေးခြစ်ဧက ၁၆၉၈ ဧကဖြစ်ကာ အနည်းဆုံးမြို့ဖြစ်ကြောင်း ရေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)၏ မှတ်တမ်းများအရ သိရသည်။

"ပြီးခဲ့သည့်နှစ်က အယ်နီညိုအပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်ဖြစ်သည့်အတွက် ထွက်ရှိမှုလျော့နည်းတယ်။ ဒေသနဲ့ကိုက်ညီမယ့် အထွက်နှုန်းကောင်းတဲ့မျိုးကောင်းမျိုးသန့် စိုက်ပျိုးထားရှိမှုလည်း အားနည်းတယ်။ ရော်ဘာထုတ်လုပ်မှု အရည်အသွေးပိုင်းကလည်း ကျဆင်းလာတယ်။ ခြံငယ်အများစုမှာ ဈေးနှုန်းမကောင်းတဲ့အခါ အစေးခြစ်လုပ်ငန်းကို ယာယီရပ်ဆိုင်းပိတ်သိမ်း၍ အစေးခြစ်ထုတ်လုပ်မှုလည်း ကျဆင်းခဲ့တယ်"ဟု ရေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ဦးစီးအရာရှိ ဒေါ်ဝါဝါရီကပြောသည်။

မွန်ပြည်နယ်အတွင်း ၂၀၁၅ - ၂၀၁၆ ခုနှစ် ရော်ဘာစိုက်ဧကပေါင်း ၄၉၁၁၀၀ ဧကရှိသည့်အနက် အစေးခြစ်စိုက်ဧကပေါင်းမှာ ၃၁၇၄၄၈ ဧက ရှိပြီး ထွက်ရှိသည့်တန်ချိန်ပေါင်းမှာ ၁၀၅၁၂၉ ဒသမ ၇၃ တန်ထွက်ရှိခဲ့သည်။ ရွှေ့ပြောင်းအစေးခြစ်လုပ်သားပျမ်းမျှ တစ်သိန်းခွဲဝန်းကျင်ခန့် အစေးခြစ်လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြကြောင်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**

# လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး



**မြစ်ကြီးနား စက်တင်ဘာ ၂၈**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr. Scot Alan Marcial နှင့် ဇနီး Mrs. Marcial Marie Earlynne၊ တတိယအတွင်းဝန် Mr.John Keegan De Lancie၊ စစ်သံမှူး Col.Marcose Garcia နှင့် သံရုံးဝန်ထမ်း ဒေါ်စန္ဒာ၊ ဦးလျှန်ဗွေထန်တို့သည် မြစ်ကြီးနားသို့ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင်ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့်တွေ့ဆုံပြီး ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအခြေအနေများ၊ စစ်ရှောင်စခန်းများသို့ ကူညီထောက်ပံ့မှုရရှိသည့်အခြေအနေများ၊ မြစ်ဆုံနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့်အဖွဲ့သည် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) အတွင်းရေးမှူး၊ မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီ (MCC) ဥက္ကဋ္ဌ၊ ကတ်သလစ်သာသနာပိုင်ရုံးမှ ဘုန်းတော်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ စစ်ဘေးရှောင်စခန်း၌ စစ်ဘေးရှောင်မိသားစုများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ထို့နောက် Plam Spring Hotel ၌ မြစ်ကြီးနားသတင်းဂျာနယ် အယ်ဒီတာချုပ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များနှင့်လည်းကောင်း၊ ညပိုင်းတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# မြစိမ်းရောင်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်သောအောင်မြင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မိုးကုတ် စက်တင်ဘာ ၂၈**

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် မြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်သိန်းနှင့် ဝန်ထမ်းများသည် ပန်လင်ကျေးရွာ မြစိမ်းရောင်စီမံကိန်းကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာမှ စိုက်ခင်းရှင်များနှင့်အတူ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ပန်လင်ကျေးရွာမှ စားသုံးကုန်သီးနှံစိုက်ခင်းများအား စက်တင်ဘာ ၂၆ ရက်က သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များ၏ ပူးပေါင်းတာဝန်ယူ၊ တာဝန်ခံဆောင်ရွက်မှုတို့ကြောင့် ကျေးရွာများမှ မူလက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများအတွက် အရင်းအနှီးရယူကာ ဆောင်ရွက်လိုသူများအနေဖြင့် ယခုအခါ မြစိမ်းရောင်လည်ပတ်ငွေရယူပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများအား အကျိုးဖြစ်ထွန်းအောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**နေဝါ(မိုးကုတ်)**

# ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ တာချီလိတ်၌ ပေးအပ်

**တာချီလိတ် စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ကဏ္ဍအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အချိန်မီပြီးစီးရေးအတွက် အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် နိုင်ငံရေးပါတီများက လုပ်ငန်းများအလိုက် စနစ်တကျဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တာချီလိတ်၊ တာလေနှင့် ကျိုင်းလပ်မြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၀ ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းငါးခု၊ ကွန်ကရစ်လမ်း၊ တံတားလုပ်ငန်း ၁၃ ခု နှင့် ပြည်သူလူထုလိုအပ်သည့် အခြားလုပ်ငန်းနှစ်ခုတို့အား ဆောင်ရွက်ရန် ရန်ပုံငွေများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ခမောက်ကြီးမြို့တွင် မီးဘေးလုံခြုံရေး ပညာပေးဟောပြော

**ခမောက်ကြီးမြို့ စက်တင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၁) ရက်ကွက် အထက်တန်းကျောင်းခန်းမ၌ ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများသို့ မီးဘေးအန္တရာယ်အသိပညာပေး ဟောပြောခြင်း အစီအစဉ်တစ်ရပ် စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက ဆောင်ရွက်ကြသည်။

ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် မိမိပတ်ဝန်းကျင်တွင် မီးဘေးအန္တရာယ်ကျရောက်ပါက သိသင့်သည့်အချက်များ၊ မီးဘေးလုံခြုံရေး ကြိုတင်သတိပြုရမည့်အချက်များအား ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသိမ်းနှင့် မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများက အသီးသီးအသိပညာပေး ဟောပြောကြသည်။

ဆက်လက်၍ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

# ကျောင်းသား၊ ကျောင်းသူများအား ပန်းချီပြိုင်ပွဲကျင်းပ

**သာယာဝတီ စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပြန်/ဆက်ဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်း (SVA)တို့ ပူးပေါင်းဆောင်ရွက်သော ကျောင်းသား၊ ကျောင်းသူများ ပန်းချီပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို သာယာဝတီမြို့ ရန်ကုန်-ပြည်လမ်း ကားဂိတ်အနီးရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်၌ စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့ပေါ်ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ မူလတန်းကျောင်းသား၊ ကျောင်းသူများက အဖွဲ့လေးဖွဲ့ခွဲ၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများအား ခရိုင်ဦးစီးအရာရှိ၊ အကဲဖြတ်ကျောင်းအုပ်ကြီးများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် ပြန်/ဆက်**

# ဗီဒီယိုအခွေအငှားဆိုင်များအား သတ်မှတ်စည်းကမ်းချက်နှင့်အညီ လုပ်ဆောင်ရန် ရှောင်တခင်စစ်ဆေး



**ကော့သောင်း စက်တင်ဘာ ၂၈**

ကော့သောင်းခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ မြို့တွင်း ဗီဒီယို အခွေအငှားဆိုင်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်း လုပ်ငန်းများကို စက်တင်ဘာ ၂၆ ရက် ညပိုင်းက ဆောင်ရွက်ကြကြောင်း သိရသည်။

စစ်ဆေးမှုတွင် အဆိုပါနေ့ညပိုင်းက ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်အောင်ဦးစီးအဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းအဖွဲ့ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဗီဒီယိုအခွေအငှားဆိုင်များသို့ သတ်မှတ်လုပ်ငန်းလိုင်စင်များကိုင်ဆောင်လုပ်ကိုင်မှုရှိ၊ မရှိ၊ လိုင်စင်သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှုရှိ၊ မရှိ၊ ညစ်ညမ်းဗီဒီယိုအခွေများ၊ လိုင်စင်မဲ့ဗီဒီယိုအခွေများ ထားသိုငှားရမ်းပြသမှုရှိ၊ မရှိ စသည်များ လိုက်လံစစ်ဆေးဆောင်ရွက်ကြပြီး လုပ်ငန်းလုပ်ကိုင်သူများ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

နိုင်ငံကျော် ရုပ်ရှင်၊ ဂီတ၊ မော်ဒယ်၊ သဘင်အနုပညာရှင်ပေါင်း များစွာ ထူးခြားစွာ တင်ဆက်ပြသမည့်
မြန်မာနိုင်ငံ၏ အကြီးဆုံးသော မင်္ဂလာဆောင်ပွဲကြီး

**aroma Wedding Show 2017**

ပြပွဲရက် - 2.10.2016 (တနင်္ဂနွေနေ့)
ဈေးရောင်းပွဲအချိန် - (11:00) am to (6:00)pm
ဝတ်စုံပြပွဲ အချိန် -(6:00)pm to (10:00)pm
နေရာ - Gandamar Grand Ballroom
Gandamar Wholesale,ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ရန်ကုန်။

Platinum Sponsored: PUN HLAING + SILOAM HOSPITALS
Gold Sponsored: Gandamar Grand Ballroom, ဖိနပ်မိန့်
Silver Sponsored: SWEETY HOME, TAW WIN BARANI SILKY HOUSE
Media Sponsored: ALL TIME TOP Media & Advertising Co.,Ltd., MILKY WAY Outdoor Advertising, MILKY WAY Digital Advertising

မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်
အထူး Discount များနှင့် ကျပ်သိန်းပေါင်းများစွာ ကံစမ်းမဲများစွာရရှိဖို့ ပွဲနေ့တွင်လာရောက်အလုပ် အဝင်နိုင်ကြပါစို့။ ဖုန်း - 09 8611521



**မြဘိုသား ထူးထူးခြားခြားဒါနခရီးစဉ်များ**
❖ ကျိုက်(၅)ကျိုက်(ရေပုညရေအိုင်ပေါ်လမြိုင်၊ မှာ သံပြုံ၊ ရယ်၊ ကျိုက္ကမီ)ဖော်ရာ ဘုရားဖူး အဆင့်မြင့် ဟည်ဒိုင်ဆန်း (၁)ညအိပ်၊ဆိုင်ထမင်း(၃)နပ်ကျွေး(ဘားတည်းငွေ) 35000 ...
❖ ... 15000 ...
Ph:09425334456,0949323965,0949578205



**Possible Travels & Tours**
သီတင်းကျွတ်အားလပ်ရက်ခရီးစဉ်များ
-တောင်ကြီး-အင်းလေး-ဝင်းတယ (၃ညအိပ်-၅ရက်) VIP ၂၂၀၀၀၀ကျပ် / Normal ၁၈၀၀၀၀ကျပ် Oct 14
-ကလော-လွိုင်ကော်-ဖယ်တပ် (၃ညအိပ်-၄ရက်) ... Oct 14
-ပုဂံ-ညောင်ဦး-ပုပ္ပါး (၃ညအိပ်-၄ရက်) ... Oct 14
-မွန်းလေး-မြင်ခြံ-လွိုင်-ကျောက်စိမ်းဘုရား (၃ညအိပ်-၄ရက်) ... Oct 14
-ချင်းပြည်နယ်-ဘားအံ-ပဲခဲဆံတော်ရှင် ... Sep 24, Oct 1,8,15,22,29
-မော်လမြိုင်-ကျိုက္ကမီ-ခင်းကျိုက်ရေတံခွန် ... Sep 24, Oct 1,8,15,22,29
3 Stars Hotel အဆင့်မြင့် Scania ...



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
**အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း**
**DIPLOMA IN COMPUTER ARTS (Dip.CA)**
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
MCC.i School of Multimedia & Creative Arts

Specialized in " Character Animation & Advanced Media "
Semester (1,2)
- Graphic Production for Exporting any Media
- Video/Audio Production, Motion Graphics & Visual Effects
- Character Animation & Advanced Media

Specialized in " Multimedia & Infocom Technology "
Semester (1,2)
- Graphic Production for Exporting any Media
- Rich Media Content Creation, Interactive TV & Streaming Video
- Multimedia & Information Communication Technology

ဒီပလိုမာသင်တန်းကာလ စုစုပေါင်း(၁၀)လ ကြာမြင့်မည်ဖြစ်ပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) မှဒီပလိုမာလက်မှတ် ချီးမြှင့်မည်ဖြစ်သည်။



သင်တန်းဖွင့်ရက် - ၇ ရက်၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ် သင်တန်းသား/သင်တန်းသူများအား စတင်လက်ခံနေပါသည်။
တိုက်အမှတ်(၈)၊ ကိုလိုမင်းကိုယ်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၉၂၂၇၃၊ ၀၉-၇၇၃၉၃၇၃၃၁၊ ၀၉-၇၇၃၉၃၁၁၂



**EL dorado Travels and Tours**
သီတင်းကျွတ်အထူးအဆင့်မြင့်ခရီးစဉ်လေးများ

သီတင်းကျွတ်ငွေဆောင်ကမ်းခြေခရီးစဉ် Oct 14 (၃ရက်) 165000Ks
မြစ်ကြီးနား-မြစ်ဆုံ-ဆဒုံးရေတံခွန် Oct 15 (၄ရက်) Air 390000Ks
မြဝတီ-မဲဆောက်-ဘားအံခရီးစဉ် Oct 14 (၄ရက်) 125000Ks
မော်လမြိုင်-ဘားအံ-တောင်ပိုင်း-ခင်းကျိုက် Oct 14(၄ရက်) 120000Ks
ကလော-Treaking -လွိုင်ကော်-ပန်ပက် Oct 14 (၅ရက်) 180000Ks
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူခရီးစဉ် Oct 14 (၅ရက်) 180000Ks
တောင်ကြီး-အင်းလေး-အောင်ပန်း Oct14 (၅ရက်) 180000Ks
မိန်းမရဲ-မြသပိတ်-တောကျယ်ရေတံခွန်ခရီးစဉ်
ထားဝယ်-မောင်းမကန်-ကျွန်းပတ်ခရီးစဉ် Oct14 (၅ရက်) 215000Ks
ချင်းပြည်နယ်-ဗိတ်ိုရိယတောင်ပုဂံခရီးစဉ် Oct14 (၆ရက်) 250000Ks
3Star+Hotelများ၊ 45ယောက်စီး U Tong/Scanic ကားအသစ်ကြီးများဖြင့် စရိတ်ငြိမ်းခရီးစဉ်များဖြစ်ပါသည်။
Hot Line : 01-500424,09-259256647,09-972447645


**ပျောက်ဆုံးကြောင်း**

YST Co., Ltd. ၏ Kuehne+ Nagel Forwarding Co., Ltd. မှ ထုတ်ယူထားသော B/L N0 47 00-0220-607-025 လက်မှတ်မူရင်းမှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ Ph: 01-526314


**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



**City Love & Hope Foundation**
"We Help Build Communities"


# ပညာသင်ထောက်ပံ့ရေးအစီအစဉ်

တက္ကသိုလ်ဝင်တန်းကို ထူးချွန်စွာအောင်မြင်ထားပြီး တက္ကသိုလ်ပညာ ဆက်လက်သင်ယူရန် ငွေကြေးအခက်အခဲဖြစ်နေသော ကျောင်းသား/သူ အယောက်(၂၀)အား City Mart Holding Co., Ltd. ၏ City Love & Hope Foundation မှ ဘွဲ့ရသည်အထိ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဖြစ်ပါ၍ လျှောက်လွှာများကို အောက်တိုဘာလ(၃၀)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

## ပညာသင်ဆုပေးအပ်သွားမည့် ဘာသာရပ်များ

- B.Ed (Bachelor of Education)
- B.C.SC (Bachelor of Computer Science)
- B.B.M (Bachelor of Business Management)
- B.Com (Bachelor of Commerce)
- B.B.A (Bachelor of Business Administration)

အသေးစိတ်သိရှိလိုပါက ကိုအောင်စိုး ဖုန်း -၀၉၇၃၀၁၁၅၀၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လျှောက်ထားနိုင်သောနေရာများ : CMHL Website (www.cmhl.com.mm/citylovehope/education) မှ တဆင့်ဖြစ်စေ၊
: cmhlcorporatecom@gmail.com သို့ email ပေးပို့၍ဖြစ်စေ
: City Mart Holding Co., Ltd. ရုံးချုပ်၊ ပဒုမ္မာကွင်း အရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်သို့ လူကိုယ်တိုင်ဖြစ်စေ လာရောက်လျှောက်ထားနိုင်ပါသည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲ တင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ၊ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည် ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၅-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၅-၁၁-၂၀၁၆ ရက်နေ့မှ ၂၆-၁၁-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂-၁-၂၀၁၇ ရက်နေ့မှ ၉-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ် (၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ရက်နေ့တွင်အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၉-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင်၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၃-၁၂-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၇ ရက်နေ့မှ ၁၆-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)** နှင့် **သူနာပြုပါရဂူဘွဲ့ (Ph.D Nursing)** ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အဖြစ် အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု)အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။


Social Pack
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook . Viber . Line . COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
*အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

# ကြော်ငြာ


**"မေသူမောင်" ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့**

ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် အမှတ်-ပခ-၀၀၅၅

*(၁၄)ညအိပ်(၁၅)ရက်၊သံဝေဇနီယလေးဌာန၊အဝိဇဟိတလေးဌာန၊ (Hotel-3-Night)
(11.Nov)ဓါတ်တော်တိုက်ဖွင့်ပွဲ၊ (25.Dec) (20.Jan) (5.Feb) (22.Feb) (22.Mar) (12.Apr)

* (၁၀)ညအိပ်(၁၁)ရက်၊သံဝေဇနီယလေးဌာန၊ (27.Nov)to(07.Dec)
ဘုန်းကြီးကျောင်းတည်း/ဟိုတယ်တည်းခရီးစဉ်ဖြစ်ပါသည်။

* Hotel.သီးသန့်၊(၇)ညအိပ် (၈)ရက် ထွက်ခွါမည့်ရက်များ - (25.Dec) (10.Mar)(11.Apr)

ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ကမာရွတ်မြို့နယ်၊
ရန်ကုန်ဖုန်း-၀၉၇၉၅၀၁၂၄၇၀၊၀၉၅၀၁၂၄၇၀၊၀၉၇၃၂၄၁၆၈၇၊
၀၉၄၃၁၁၂၄၂၇၊၀၁-၂၃၀၅၉၂၈၊၀၂၇၆၀၂၄၊၀၉၄၄၄၀၃၀၂၇၀

**ရွှေဒိုးကြီး**
ပြင်ဦးလွင်၊ ဘားအံ၊ စင်းကျိုက် ရေကျဲနှံ
Oct(7,14,28) Hotel/Visa (75000)
ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ
Oct(14) Hotel (180000)
09421073634, 777636630

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**သုခလမ်းညွှန် Travels & Tours**
Scania ကားဖြင့်နေ့ချင်းပြန်ခရီးစဉ်များ
ငပလီ နေ့စဉ် VIP သွားပြန် 42000
ချောင်းသာ နေ့စဉ် VIP သွားပြန် 22000
ကျိုက်ထီးရိုး နေ့စဉ် VIP နှစ်ထပ်ကား သွားပြန်
အောက်ထပ်-20000 / ပေါ်ထပ်-15000
Phone-09252929722/33/44/55/66

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
တွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
အောက်တိုဘာ (၃/၅/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA) **IELTS** တန်းခွဲသစ်လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
**ENGLISH 4 SKILLS Level (1,2)** ၄၊လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လအထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Oct 1 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
အင်္ဂလိပ်စာကို တိတိကျကျ သေသေချာချာ တတ်မြောက်ပြီး ထိထိရောက်ရောက် သင်ကြားပေးနိုင်သည့် အင်္ဂလိပ်စာဆရာ ဖြစ်လာစေဖို့
အင်္ဂလိပ်စာ ဆရာဖြစ် Diploma in Teaching English နာရီပေါင်း ၂၀၀ ၄၊လ အထူး လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊လအထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အမှတ် ၁၈၊ ၅-လွှာ၊
အင်းဝ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ပိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 398118, 295798

ကိုညီညီအောင် **မြန်မာ့အလှ**...ပုဂံ
▲ခင်းလေးမောင်တော်ဦးဘုရားပွဲ၊ တောင်ကြီးခရီးစဉ်
▲မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်၊ တရုတ်ပြည် (၇)ရက်ခရီးစဉ်
▲ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
▲မော်လမြိုင်ဘုရားစုံ၊ ကျိုက္ကမီ၊ စက်ခဲကမ်းခြေ
October 14,10-2016
ကျိုက်ထီးရိုး
ချောင်းသာ (နေ့စဉ်)
(ဆင်းတော့ ကား၊ တစ်ဆင့်သွားကား၊ ဘတ်စ်လေ၊ တည်းခိုခန်း အားလုံးဆိုက်ပြီး) (ကားမျိုးစုံငှားရန်)
◆ ရထားလက်မှတ်နှင့် ဝိုင်သွားလမ်းဆိုင်ကြည့်ပြီး ဖုန်းဆက်ရန် 01-9317105, 09-450000574
(မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအသင်း) 09-421029816, 09-261422965

ကိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE (အံ့စာတုံး)ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်။
✆ 09 25 358 2510, 09 78 515 8803

**တရုတ်**
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
**ENGLISH**
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182


**တစ်ဦးတည်းဖြစ်ပါကြောင်း**

အင်းစိန်မြို့နယ်၊ ဦးသန်းစိန် (ကိုယ်ပိုင်အထက်တန်းကျောင်း ဘော်ဒါ) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်စည်သူ၊ အထက(၃) အင်းစိန်၊ သတ္တမတန်း(G)မှ မောင်ပြည့်စည်သူတို့၏ဖခင်အမည်မှန်မှာ ဦးစောယားလီး(ခ)ဦးအလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

0apm , m;v(c)0D vif






**ရွှေလမ်းခရီး ... မှ ကျိုက်ထီးရိုး/ချောင်းသာ 09401589907,095124678,098627170**
* အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ ရွှေအင်းတိန်၊ တောင်ကြီး(တောင်ပေါ်တန်း)(မွေတော်ကတ္တူ)(ထမ့်ဝမ်းလှိုဏ်ဂူ)၊ ပင်းတယ
* ကျိုက္ခမီထွန်းအိုးမျှောပွဲ၊ မော်လမြိုင်၊ ကျိုက်မရော၊ စက်ခဲ၊ ခွာလကတိုးတောင် * ထားဝယ်ရှင်ကိုးရှင်၊ မျော်ရစ်၊ မောင်းမကန်ကမ်းခြေ
* ပုဂံ (ဂွယ်တော်လေးဆူ)(ပြည့်ငါးပြည်)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ ရွှေကူဘုရား(တံကဲ)၊ ရွှေတန့်တစ်
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မင်းကွန်း(ကြီး၅ကြီး)၊ ကျောက်စိမ်းစေတီ (Oct 7, 14, 21)ထွက်မည်
(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ ပရိတ်ပြီး) လက်မှတ်ရောင်း/ဝင်းလုံးငှား

**ချမ်းမြေ့ခရီးစဉ်**
တောင်ကြီး၊ လွိုင်ကော်၊ နေပြည်တော် ဘုရားဖူး (၅)ရက်ခရီး (ငြိမ်း) ၇၀၀၀၀/-
ရှည်၊ မြောက်ဦး၊ ဧကတော ငပလီ (Dec;)ကျောင်း ပိတ်ရက် ရှိမှ (၆၅၀၀၀/-)၊ အထူး(၁၁၀၀၀၀/-)
ဆိုင်ကျွန်း (၆)ညအိပ် (၇)ရက်၊
Ph: 09 250353461, 09 798177845

## ကျိုက္ကလော့ဆရာတော်
## အဂ္ဂမဟာပဏ္ဍိတ Ph.D
## ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသ
## (အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်)၏

မီးငြိမ်း(၅)ရက် တရားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် တရားချစ်ခင်သူတော်စင်တို့အား လာရောက်တရားနာ၊ တရားအားထုတ်နိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

"မီးငြိမ်းတရားပွဲအစီအစဉ်"

| | |
|---|---|
| ကျင်းပမည့်အချိန် | - မွန်းလွဲ ၁နာရီမှ ညနေ ၆နာရီအထိ |
| ကျင်းပမည့်နေ့ရက် | - (၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ရက်မှ သီတင်းကျွတ်လဆန်း ၃ရက်နေ့ထိ) ၃၀-၉-၂၀၁၆ရက်(သောကြာနေ့)မှ ၄-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)ထိ |
| တရားပွဲတည်နေရာ | - မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ-၁၉၉၊ ကျိုက်မရောမြို့၊ မွန်ပြည်နယ်။ |
| ကားကြိုပို့ | - မွန်းတည့် ၁၂နာရီတွင် ပရိယတ္တိမွေ့ဗိမာန်တော်ကြီး(၃)ထပ်ကျောင်းဆောင်၊ မြေနီကုန်းအဝေးပြေးကားဂိတ်အနီး၊ မော်လမြိုင်မြို့မှ ကား ကြို/ပို့ရှိသည်။ |

**NELC**
*Don't Worry, Just Speak!*
**Preschool**
( ၂-နှစ်ခွဲ မှ ၅-နှစ် )



မြောက်ဥက္ကလာပကျောင်းခွဲ အောက်တိုဘာလ တွင် ဖွင့်မည်။
အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ဖုန်း-09 960604700
ဗိုလ်အောင်ကျော်-01 256516~7 စမ်းချောင်း-01 501947/09 8612639 မရမ်းကုန်း- 09 73065345
သုဝဏ္ဏ - 09 960603700 ပြင်ဦးလွင်-09 400306019 မန္တလေး-09 91023900
လားရှိုး-082 26611 တာချီလိတ်-084 52572

**Wonderful Days** Travels & Tours
*See Travelling, Feel Happy*
* အင်းလေးဖောင်တော်ဦး ခရီးစဉ် Oct - 14
* တောင်ကြီး ခရီးစဉ် Oct - 28, Nov - 11
* ပုဂံ ခရီးစဉ် Oct - 14, 28
* ငွေဆောင် ခရီးစဉ် Oct - 14, 28
* မြဝတီ၊ မဲဆောက် ခရီးစဉ် Oct - 14, 28

Ph: 09 257 900 416 ~7 ~ 8
09 731 93 262, 09 731 78 716.
အမှတ်(၂၂၄)၊ ဗုဒ္ဓလမ်း၊ အလုံမြို့နယ်။

